www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

အမိရာ

BURMESE CLASSIC .com



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com









## အခန်း . . . ၁

မေ့စမ်းရေသည် မျက်စိရှေ့မှာ မှုန်ကုပ်ကုပ် ဂျစ်ကန်ကန် မျက်နှာပေးဖြင့် သူမကို ခပ်တည်တည် ပြန်ကြည့်နေသော ကောင်ကလေးကို မျက်ခုံးရှုံ့ကာ ငေးကြည့်နေမိသည်။ ရင်ထဲမှာ ဘယ်လို ခံစားချက်မျိုးမှန်းမသိ တစ်မျိုးကြီးတော့ ခံစားနေရသည်။ အဲဒီကောင်ကလေးဟာ မေ့စမ်းရေ တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သော မေ့စမ်းရေ၏ မောင်ကလေးတဲ့။ ဖြစ်မှဖြစ်ရလေ။ သူမရင်ထဲတွင် 'အနည်းငယ် တင်းကျပ်နာကျင်သွားသလို ခံစားရကာ သက်ပြင်းခိုးကို ရှိုက်မိလေ

www.burmeseclassic.com



သည်။ အခုအချိန်မှာ သူမအတွက် ရွေးချယ်စရာ လမ်းမရှိ။ ငြင်းဆန်လို့လည်း မရ။ အဲဒါသည် အမှန်တရားပဲ ဖြစ်သည်။ ထိုအမှန်တရားကို သူမ လက်ခံရလိမ့်မည်။ တကယ်တော့ အဲဒါသည် ဖေဖေ့ရဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်သည်။ ဖေဖေဟာ ဘယ်လောက်တောင် လျှို့ဝှက်သိုသိပ်ခဲ့ပါလိမ့်။ ဟန်ဆောင်ကောင်းခဲ့ပါလိမ့်။ ဖေဖေသည် မေမေ့အပေါ်မှာ လွန်ခဲ့သော ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လောက် ကတည်းက ပင် သစ္စာဖောက်ခဲ့တာပါလား။ ဖေဖေ့မှာ သူမတို့နောက်ကွယ်တွင် တိတ်တိတ်ပုန်း ဇနီးမယားတစ်ယောက် ရှိနေခဲ့မှန်း၊ ပြီးတော့ . . . အဲဒီ ဇနီးနှင့် သားကလေးတစ်ယောက် ရခဲ့မှန်း ဖေဖေ့ရဲ့ နောက်ဆုံးအချိန်ကျမှပင် သူမ သိခွင့်ရခဲ့ခြင်းဖြစ်သည်။ မေမေတောင် သိသွားလိမ့်မည်မထင်။

ဖေဖေဆုံးကာနီးမှာ သူမကို ခေါ်တွေ့ခဲ့ပြီး နှစ်ကိုယ်ကြား ပြောခဲ့သည့် ဖေဖေ့ရဲ့ စကားသံတွေကို အခုအချိန်အထိ မေ့စမ်းရေ မမေ့နိုင်ခဲ့။



BURMESE CLASSIC .com



"မေ့စမ်းရေ . . . သမီးကြီးကိုပဲ ဖေဖေ အားကိုးရတော့မှာ၊ အခုဆိုရင် ဖေဖေ့အခြေအနေကို ဖေဖေ အသိဆုံးပဲ၊ အချိန်မရွေး ဖေဖေ သမီးတို့ကို စွန့်ခွာသွားရတော့မယ်ဆိုတာ ဖေဖေ အလိုလို ခံစားလို့ရနေတယ်၊ သမီးကို ဖေဖေ အားလည်းကိုးတယ်၊ စိတ်လည်းချတယ် မေ့စမ်းရေ၊ သမီးရဲ့မေမေ မရှိတော့တဲ့ အချိန်ကတည်းက သမီးက ညီမလေးအပေါ်မှာ အစ်မကြီး အမိရာဆိုသလို ထိန်းသိမ်းစောင့်ရှောက်ခဲ့တာကို ဖေဖေ သိပ်ကျေးဇူးတင်တယ်၊ ဖေဖေ မရှိတော့တဲ့နောက်ပိုင်းမှာလည်း ညီမလေးကို တစ်သက်လုံး ပြုစုပျိုးထောင်ပေးလိမ့်မယ်လို့ ဖေဖေ ယုံကြည်စိတ်ချထားပြီးသားပါ၊ ဒါကြောင့်လည်း ဖေဖေ မျက်စိမှိတ်သွားတဲ့အခါ အေးအေးချမ်းချမ်းပဲ သမီးတို့ ကျန်ခဲ့လိမ့်မယ်ဆိုတာ ဖေဖေ ယုံတယ်၊ ဖေဖေ့ရဲ့ နောက်ဆုံးအချိန်မှာ ဖေဖေ့ နောက်ဆံတင်းနေတာ တစ်ခုပဲရှိတယ် သမီး၊ အဲဒါ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပေါ်မှာ ဖေဖေ နောက်ဆံတင်းနေတာ၊ သူ့ကို ဖေဖေ ဘယ်လိုမှ စိတ်မချနိုင်ဘူး၊ အခုဆိုရင် သူ့အသက် ၁၄နှစ်ကျော် ၁၅နှစ်ထဲမှာ ရှိနေပြီ သမီး၊ အဲဒီ သူဆိုတာ သမီးရဲ့ မောင်ကလေးပါ၊ သမီးနဲ့ အဖေတူအမေကွဲ မောင်ကလေးပေါ့၊ သူ့ကို ဖေဖေ မရှိတော့တဲ့ နောက်ပိုင်းမှာ သမီးက သွားခေါ်ပြီး တာဝန်ယူစောင့်ရှောက်ပေးပါလို့ ဖေဖေ တောင်းပန်ပါရစေ သမီး၊ အခုအချိန်ကျမှ တစ်သက်လုံး လျှို့ဝှက်ဖုံးကွယ်ထားခဲ့တဲ့ ဖေဖေ့ဘဝထဲက အစိတ်အပိုင်းတစ်ခုကို သမီးဆီမှာ ဖွင့်ဟဝန်ခံရတဲ့အတွက် ဖေဖေ့ကို ခွင့်လွှတ်နားလည်ပေးပါ သမီး၊ သမီးရဲ့ မောင်လေးနာမည်က 'ဂီတ' တဲ့၊ သူ့မှာ အမေ မရှိတော့ဘူး၊ သူ့အမေလည်း လွန်ခဲ့တဲ့ ခြောက်လလောက်က ဆုံးသွားခဲ့ပြီ၊ အခု သူတစ်ယောက်တည်း လောကအလယ်မှာ မျက်စိသူငယ်နဲ့ ကျန်ရစ်ခဲ့တယ်၊ သူ့ကို ဖေဖေ ဘယ်လိုမှ





စိတ်မချဘူး သမီးရယ်၊ အဲဒါကြောင့် ဖေဖေ မရှိတော့တဲ့ နောက်မှာ သမီးရဲ့ ညီမလေးအပြင် သမီးရဲ့ မောင်ကလေးကိုပါ စောင့်ရှောက်ပျိုးထောင်ပေးပါလို့ ဖေဖေ မှာခဲ့ချင်တယ်"

ဟု . . . ဖေဖေ ပြောခဲ့စဉ်က မေ့စမ်းရေမှာ မယုံကြည်နိုင်လွန်းသဖြင့် နှလုံးသားတွေ ပေါက်ကွဲလွင့်စဉ် မတတ် ခံစားခဲ့ရသည်။ ဖေဖေ့ရဲ့ နောက်ဆုံးအချိန် ရောက်နေခဲ့ပြီမို့ ဖေဖေ့ကိုလည်း အပြစ် မဖို့လိုတော့ချေ။ မေမေဆုံးတဲ့ အချိန်အထိ ဖေဖေ့ရဲ့ လျှို့ဝှက်ချက်ကို မေမေ သိမသွားခဲ့သည့် အတွက်ပင် ဖေဖေ့ကို ကျေးဇူး ကြိမ်ဖန်တင်မိသေးသည်။ နောက်ဆုံးတော့ ဘာတတ်နိုင်မည်နည်း။ ကံကြမ္မာရဲ့ စီမံရာ အတိုင်းပဲပေါ့ . . . ဟု နှလုံးသွင်းကာ မေ့စမ်းရေသည် ရင်ထဲမှ နာကျင်ကြေကွဲမှုတွေကို ကြိုးစား၍ နှစ်သိမ့်ဖြေဖျောက်ခဲ့ရသည်။ အခုတော့ ဖေဖေလည်း မရှိတော့ပြီ။ ဖေဖေ ပေးခဲ့သော လိပ်စာအတိုင်း သူမရဲ့ မောင်ကလေးဆိုသော



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်ကလေးကို စိတ်လှုပ်ရှားခြင်းများစွာဖြင့် လာရောက်ရှာဖွေတွေ့ဆုံနေရခြင်း ဖြစ်သည်။ ကောင်ကလေးက ကြွပ်ဆတ်ဆတ် ဂျစ်ကန်ကန်ကလေး။ ဆယ်ကျော်သက်တို့ရဲ့ ထုံးစံအတိုင်း ဘာကိုမှ ဂရုမစိုက်သလို ပမာမခန့် မထီတရီ မျက်နှာပေးကလေးနှင့် ဖြစ်သည်။ ရုပ်ကလေးကတော့ ဖေဖေနှင့် တော်တော်ဆင်လှသည်။ ခပ်ချောချော ကောင်ကလေးတစ်ယောက်ဖြစ်သည်။ နက်မှောင်ထူထဲသော မျက်ခုံးများအောက်မှာ မျက်လုံးနက်နက်များက စူးရှတောက်ပလွန်းလှကာ နှာတံကြော့စင်းစင်းနှင့် နှုတ်ခမ်းကလေးက လေးကိုင်းသဖွယ်နီထွေးရဲစိုနေသည်ကို မေ့စမ်းရေက တစိမ့်စိမ့် စိုက်ကြည့်နေမိသည်။ အဲဒါ မေ့စမ်းရေရဲ့ အဖေတူ အမေကွဲ မောင်ကလေးတဲ့။

"အခု မင်းတစ်ယောက်တည်း ဖြစ်သလို နေနေရတာ မဟုတ်လား၊ မမကြီးကို ဖေဖေက သူမဆုံးခင် မှာသွားခဲ့တယ်၊ မင်းကို မကြီးတို့ရဲ့အိမ်မှာ ခေါ်ထားပြီး ပြုစု





ပျိုးထောင်ရမယ်တဲ့၊ အဲဒီအတွက် မင်းကို အခု မကြီးလာခေါ်တာ"

မေ့စမ်းရေ၏စကားကို ဂီတက မကြားသလိုလိုလုပ်နေကာ လက်ချောင်းကလေးတွေက တဆတ်ဆတ် လှုပ်ရှားနေသလို၊ ဒူးကိုလည်း တလှုပ်လှုပ် နှံ့နေလိုက်သေးသည်။ ထိုအပြုအမူဟာ ထိုကောင်လေး ဘယ်လောက်ပင် ဟန်ဆောင်နေသော်လည်း သူ စိတ်လှုပ်ရှားနေမှန်း မေ့စမ်းရေက အကဲခတ်မိပါသည်။ ညီမလေး အိမ့်ဆည်းလည်းကတော့ ပြတ်ပြတ်သားသားပင် လိုက်မလာခဲ့။ ဆည်းလည်း လိုက်မလာတာကပဲ တော်ပါသေးသည်။ နို့မို့ဆို ဆည်းလည်းကလည်း ကြွပ်ဆတ်ဆတ် မဟုတ်မခံ ကောင်မလေးတစ်ယောက်ဖြစ်ရာ ဂီတ့ရဲ့ ထိမထင်ဟန် မျက်နှာပေးကို ကြည့်ပြီး ဘယ်လိုမှ သဘောကျကြည်ဖြူနိုင်လိမ့်မည် မဟုတ်။ မေ့စမ်းရေပင် ကောင်ကလေး၏ အချိုးအဆက်ကို သိပ်သဘောမကျနိုင်။

"ကဲ . . . မင်းရဲ့ ပစ္စည်းတွေဘာတွေ သိမ်းစရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလေ၊ မကြီးနဲ့ လိုက်မယ် မဟုတ်လား"

"ကျွန်တော် မလိုက်ချင်ဘူး၊ ကျွန်တော်တစ်ယောက်တည်းပဲ နေချင်တယ်၊ မေမေ မရှိတော့ကတည်းက ဒီအိမ်မှာ ကျွန်တော်တစ်ယောက်တည်း နေခဲ့တာ"

ကောင်လေးက ခဲတန်တန် အသံကလေးဖြင့် ကြွတ်ဆတ်ဆတ် ပြောလေသည်။ မျက်မှောင်တွေကလည်း ကြုတ်ထားလိုက်သေးသည်။ မေ့စမ်းရေက ကိုယ့်စိတ်ကို အနည်းငယ် ဆွဲဆန့်ထားလိုက်ကာ . . .

"မင်းအရွယ်ကလေးနဲ့ တစ်ယောက်တည်းနေလို့ မဖြစ်ဘူးလေ၊ ဖေဖေက မင်းကို လုံးဝ စိတ်မချဘူး၊ သူ ဆုံးခါနီး မကြီးကို ထပ်တလဲလဲ မှာသွားခဲ့တာ၊ မင်း မလိုက်လို့ မရဘူး၊ လိုက်ကို လိုက်ခဲ့ရမယ်၊ မင်းအရွယ်က တစ်ယောက်တည်းနေရမဲ့အရွယ်လည်း မဟုတ်သေးဘူး၊ မင်းအသက် အခုမှ ၁၄-နှစ်ကျော်ရုံ ၁၅-နှစ်ထဲမှာပဲ ရှိသေးတာ၊ နေပါဦး . . . မင်းတစ်ယောက်တည်း





ဘာတွေ ဘယ်လို လုပ်ကိုင်စားသောက်နေသလဲ၊ ပြောပြစမ်းပါဦး"

"ကျွန်တော် ကားစပယ်ယာ လိုက်တယ်၊ ကြုံရင် ကြုံသလို၊ လစ်ရင် လစ်သလို တိုတယ်"

ကောင်ကလေးက ခပ်ဆတ်ဆတ် အသံဖြင့် ပြောလေသည်။ သူ့စကားကြောင့် မေ့စမ်းရေသည် မျက်ခုံးတွေ ပင့်သွားကာ စိတ်လည်း တိုသွား၏။

"လစ်ရင် တိုတယ်၊ အဲဒါ ဘာသဘောလဲ၊ အလစ်သုတ်တဲ့ သဘောလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော် ဗိုက်သိပ်ဆာရင် ထမင်းဆိုင် တစ်ဆိုင်ဆိုင်မှာ ဝင်စားပြီး ပိုက်ဆံမပေးဘဲ ထွက်ပြေးတာမျိုးလောက်ပါ"

မေ့စမ်းရေသည် ပင့်သက်ဖြာသွားကာ ရင်ထဲမှာ နင့်ကနဲလည်း ဖြစ်သွားလေသည်။ ကြည့်စမ်း . . . သူကလေးဟာ ဒီအရွယ်ကလေးနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အခု အချိန်မှာသာ အချိန်မီ မပြုစု မပျိုးထောင်ပေးနိုင်ရင် သူ ကလေး လမ်းမအလယ်မှာ လေလွင့်ပျက်စီးသွားတော့မည်။ တေလေဂျပိုးကလေး ဖြစ်သွားတော့မည်။ အဲဒါတွေကို ဖေဖေ စိုးရိမ်ပူပန်ခဲ့တာ ထင်ပါရဲ့။

"မင်း ကျောင်းကော တက်သေးလား၊ ဘယ်နှစ်တန်း ရောက်သွားပြီလဲ"

"ကျွန်တော် မေမေဆုံးပြီးကတည်းက ကျောင်းထွက် လိုက်ရတယ်၊ ကျွန်တော် ရှစ်တန်းအထိ ကျောင်းတက်ဖူး တယ်"

"ကောင်းပြီ . . . မင်း ကျောင်းပြန်တက်ရမယ်၊ ကဲ ဘာမှ စကားမရှည်နဲ့တော့၊ အခုချက်ချင်း မကြီးနဲ့ လိုက် ခဲ့ရမယ်၊ ပစ္စည်းတွေသိမ်း"

မေ့စမ်းရေက လေသံခပ်မာမာကလေးနှင့် အမိန့်ပေးသလို ပြောလိုက်လျှင် ကောင်ကလေးက သူမကို မျက်ခုံးပင့်၍ တစ်ချက်ကြည့်ကာ . . .





"ကျွန်တော့်မှာ သိမ်းစရာပစ္စည်း ဘာမှ မရှိဘူး၊ ကျွန်တော် သူများအိမ်မှာ ကပ်နေ့နေရတာ"

ဟု . . . ခပ်တိုးတိုး ဖြေလေသည်။

"ဒါနဲ့များ မင်းက ကိုယ့်အစ်မနောက်ကို မလိုက်ချင်ဘူး လို့ ငြင်းနေသေးတယ်နော်၊ သူများအိမ်မှာကျတော့ ကပ် နေ့မနေရတာ မင်း ပျော်လို့လား"

"ပျော်တော့ ဘယ်ပျော်မလဲ၊ ဒါပေမယ့် ကျွန်တော်က ညအိပ်ရုံကလေးပဲ ပြန်လာအိပ်တာ၊ တစ်နေကုန် လျှောက်သွားနေတာ"

သူမရင်ထဲ မွန်းကျပ်သွားပါသည်။

"ကဲ . . . ဒါဖြင့် . . . လာ . . . သွားရအောင်"

မေ့စမ်းရေက ကောင်ကလေးကို ပခုံးမှ ဖက်၍ ခေါ်လိုက်စဉ် သူကလေးက မသိမသာ ဆတ်ခနဲ ပြန်ရုန်းထွက် သွားလေသည်။ မေ့စမ်းရေက သူ တွယ်ကပ်နေသော အိမ်ရှင် ကို ကျေးဇူးတင်စကားပြောပြီး သူမ မောင်လေးကို သူမပဲ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူ ခေါ်သွားတော့မည့်အကြောင်း ရှင်းပြခဲ့သည်။

အပြန်လမ်းမှာ ကောင်လေးက သူမနှင့် ခပ်ခွာခွာ လိုက်ပါလာခဲ့ပြီး လမ်းလျှောက်ပုံက အငြိမ်မနေဘဲ လမ်းမပေါ်မှ ခဲလုံးတစ်လုံးကို လှိမ့်၍ကန်ကာ ပါလာခဲ့သည်။ မေ့စမ်းရေသည် ထိုကောင်ကလေးကို ကြည့်ကာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သက်ပြင်းခိုးကို ရှိုက်မိလေသည်။ ဒီပုံအတိုင်းဆို အိမ်ရောက်ရင်တော့ အိမ့်ဆည်းလည်းနှင့် ဂီတတို့ တွေ့ကြတော့မည် . . .။

☎☎☎



"ကဲ . . ဂီတ . . . အဲဒါ ဖေဖေ့ရဲ့အိမ်ပဲ၊ အခုအချိန်ကစပြီး မင်းမှာ သွေးသားအရင်းအချာဆိုလို့ မကြီးရယ်၊ အိမ်ထဲက မမလေးရယ် သုံးယောက်ပဲ ရှိတော့တယ်၊ မကြီးတို့ဟာ မောင်နှမတွေ တော်တယ်၊ အဲဒါကို မင်း နားလည်တယ် မဟုတ်လား၊ ဒီနေ့ကစပြီး မကြီးတို့နဲ့ မိသားစု တစ်စုလို အတူတူ နေရမယ်၊ ဒီအိမ်မှာ မကြီးက အကြီးဆုံးပဲ၊ မကြီးတို့မှာ ဖေဖေလည်း မရှိတော့သလို မေမေလည်း မရှိတော့ဘူး၊ အဲဒါတော့



www.burmeseclassic.com

www.burmeseclassic.com



မကြီးက အစ်မကြီး အမိရာပဲ၊ အခုအချိန်ကစပြီး မကြီး ပြောသမျှ စကားကို မင်း နားထောင်ရမယ်၊ ကဲ . . . လာ . . . အိမ်ထဲဝင်"

ကောင်လေးက ဂျစ်ကန်ကန် မျက်နှာပေးက လေးဖြင့် သူမနောက်မှ လိုက်ပါလာခဲ့သည်။ ဖေဖေ ထားရစ်ခဲ့သော အမွေဆို၍ ဟော်ဒီ ခြံဝန်းကျဉ်းကျဉ်းကလေးနှင့် တစ်တပ်အိမ် ပုပုကလေးသာ ရှိတော့သည်။ အင်း . . . အခုဆိုရင် မောင်လေးတစ်ယောက်ပါ အဆစ်ရခဲ့ပြီ။

မေ့စမ်းရေက အိမ်ရှေ့တံခါးဘဲ(လ်)ကို တီးလိုက်လျှင် အိမ့်ဆည်းလည်းက တံခါးလာဖွင့်ပေးသည်။ ဆည်းလည်း၏ ချက်နှာမှာ စူပုပ်ပုပ် ခပ်တင်းတင်း ဖြစ်သည်။ ဂီတကို မဂၢလားသော အမှိုက်သရိုက် တစ်ခုလို ရှုတင်းတင်း စိုက်ကြည့်ရင်း . . .

"အော် . . . ပါလာပြီပေါ့လေ၊ အဲဒီ ဖေဖေ့ကို တစ်စက်ကလေးမှ မကျေနပ်ဘူး သိလား"





"ဆည်းလည်း အခုချက်ချင်း နှင့်ပါးစပ်ကို ပိတ်ထား လိုက်စမ်း၊ မရှိတော့တဲ့ ဖေဖေ့ကို ဘာမှ အပြစ်မတင်နေနဲ့တော့၊ မကြီးပြောတာကို သေသေချာချာ နားထောင်၊ သူကလေးက ဖေဖေ့ရဲ့ သားပဲ၊ အဲဒီတော့ ဆည်းလည်း ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ အဲဒါ ဆည်းလည်းရဲ့ မောင်လေးပဲ၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ဒီလောကမှာ သွေးသားအရင်းအချာဆိုလို့ မကြီးတို့ သုံးယောက်ပဲ ရှိတော့တယ်၊ အဲဒီတော့ ဆည်းလည်း ဘာမှ ပြောမနေနဲ့တော့"

ဆည်းလည်းကဲ ဂီတကို ခြေဆုံး ခေါင်းဆုံး အပြန်ပြန်အလှန်လှန် စိုက်ကြည့်နေကာ နှုတ်ခမ်းကလေးကို မဲ့လျက် နှာခေါင်းကို ရှုံ့လေသည်။ မေ့စမ်းရေက အိမ့်ဆည်းလည်း၏ ဗီဇကို ကောင်းကောင်းသိသည်။ ဆယ်တန်းကို ဂုဏ်ထူး ခြောက်ဘာသာဖြင့် ထူးထူးချွန်ချွန် အောင်မြင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်းသည် မာနကြီးကာ ဘဝင်မြင့်တတ်သူကလေးလည်း ဖြစ်သေးသည်။ တော်ရုံတန်ရုံလူကို သူမက လူမထင်ချေ။ အသက်ကလေးက ၁၆-နှစ်ကျော်ခဲ့ပြီမို့ အလှသွေး ကြွယ်လျက် အဆင့်အတန်းမြင့်မြင့် ဝတ်ချင် စားချင်၊ နေထိုင်ချင်သော ဆည်းလည်း၏ စရိုက်ကလေးမှာ စမ်းရေအတွက်တော့ ရင်လေးစရာဖြစ်သည်။ စမ်းရေကတော့ အရွယ်ရောက်ခဲ့ပြီမို့ ကိုယ့်ဘဝကိုယ့်အခြေအနေကို နားလည်နိုင်စွမ်း ရှိနေပြီဖြစ်သော်လည်း ညီမလေးကတော့ သူငယ်ချင်းဆိုလျှင်တောင် ချမ်းသာမှ၊ ဂုဏ်ရှိမှ၊ စာတော်မှ ဟူသော သူငယ်ချင်းမျိုးကိုမှ ရွေးပေါင်းတတ်သော မာနခပ်ကြီးကြီး သွေးနားထင်ရောက်မိန်းကလေးဖြစ်သည်။ အဲဒီလို ဆည်းလည်းက အပတ်အစားနွမ်းလျှဟောင်းညစ်လျက် လူပုံစံကလည်း မှုန်ကုပ်ကုပ်ဂျစ်ကန်ကန် လေလွင့်လူငယ်ကလေး တစ်ယောက်ပုံစံ ထွက်နေသော ထိုကောင်လေးကို ဘယ်လိုမှ ကြည့်၍မရနိုင်တာမဆန်းပါ။





"ကြည့်စမ်းပါဦး ညစ်ပတ်စုတ်ပြတ်နေတာပဲ"

အိမ့်ဆည်းလည်းက ဂီတာကို မျက်စောင်းတစ်ချက်ချီကာ နှုတ်ခမ်းစူပွပွဖြင့် ရေရွှတ်မြည်တမ်းလျက် အိမ်တွင်းသို့ ခြေဆောင့်ကာ ပြန်ဝင်သွားလေသည်။ ဂီတာက နီရဲစိုပြည်သော နှုတ်ခမ်းကလေးနှစ်လွှာကို ခပ်တင်းတင်း စေ့ပစ်လိုက်သည်ကို စမ်းရေက မြင်ရ၏။

"ဂီတာ သူပြောတာကို ဘာမှ ဂရုမစိုက်နေနဲ့ . . . ကြားလား၊ မလေးက အဲဒီလိုပဲ၊ သူက နည်းနည်း ဘဝင်မြင့်နေတာ၊ ဆယ်တန်းကို ဂုဏ်ထူးခြောက်ဘာသာနဲ့အောင်ထားလို့လေ၊ သူက ဆေးကျောင်းတက်မဲ့သူ၊ အဲဒါကြောင့် မာနနည်းနည်းကြီးနေတာ၊ သူပြောသမျှကိုဒီဘက်နားထဲက ဝင်ပြီးရင် ဟိုဘက်နားထဲက ပြန်ထုတ်ပစ်လိုက်၊ ရင်ထဲမှာ ဘာမှ ခံစားမနေနဲ့ သိလား၊ နောက်တော့လည်း အဆင်ပြေသွားမှာပါ၊ အခု တွေ့တွေ့ချင်းဆိုတော့ သူ့စိတ်ထဲမှာ နည်းနည်း အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကြောင့်ပါ၊ သူ့ကို စိတ်မဆိုးနဲ့နော် . . . မောင်လေး"

စမ်းရေက ဂီတာကို လေသံတိုးတိုးကလေးဖြင့် ချော့မော့နှစ်သိမ့်သလို ပြောရလေသည်။ ဆည်းလည်းမကြား အောင်လည်း ပြောရသေးသည်။

ဂီတာက စမ်းရေကို မျက်လုံး စူးစူးနက်နက်ကလေးဖြင့် တစ်ချက်လှမ်းကြည့်ကာ . . .

"ကျွန်တော် ဒီမှာနေလို့ ဖြစ်ပါ့မလား မကြီး"

ဟု . . . ခပ်တိုးတိုး မေး၏။

"ဘာဖြစ်လို့ နေလို့ မဖြစ်ရမှာလဲ၊ ဒါ ဖေဖေ့အိမ်ပဲ၊ မောင်လေးရဲ့ အိမ်လည်းဖြစ်တယ်၊ မကြီးနဲ့ မလေးက မောင်လေးရဲ့ အစ်မတွေပဲ၊ အခုတွေ့တွေ့ချင်း အဆင်မပြေသေးပေမဲ့ နောက်တော့ အဆင်ပြေသွားမှာပါ၊ မလေးနဲ့ ဂီတာက အသက်ချင်း သိပ်မကွာဘူး၊ သူက ၁၆-နှစ် ပြည့်ပြီးရုံပဲ ရှိသေးတာ၊ ဂီတာက ၁၄-နှစ်ကျော်





ကျော်ဆိုတော့ နှစ်နှစ်လောက်တော့ ကွာတာပေါ့၊ ကဲ . . . ကဲ အဲဒါ တွေ ဘာမှ တွေးမနေနဲ့ ဂီတာ လာ . . . မင်းကို မကြီး မင်းနေရမဲ့အခန်း လိုက်ပြပေးမယ်၊ ခဏနေရင် ရေမိုးချိုး အဝတ်အစားလဲလိုက်၊ မဖြစ်သေးပါဘူး မင်းကို မကြီး ဆံပင်ညှပ်ပေးဦးမှပါ၊ မင်းဆံပင်တွေက ဖုတ်သိုက်ကြီး ဖြစ်နေတယ်၊ လူပုံကလေးက ချောပုံချောလက်နဲ့ ဆံပင်အရှည်ကြီးတွေကြောင့် ညှဉ်းသိုးသိုးကြီး ဖြစ်နေတာ၊ ညကျရင် မင်းအတွက် အဝတ်အစား အသစ်ကလေးတွေ မကြီး လိုက်ဝယ်ပေးမယ်၊ မင်း အရင်တုန်းက ဘယ်လိုပဲ ပစ်စလက်ခတ် နေခဲ့ နေခဲ့ အခု မကြီးတို့နဲ့ အတူတူနေရင် စည်းနဲ့ကမ်းနဲ့ သန့်သန့်ပြန့်ပြန့် နေရမယ်နော်၊ မကြီးက အသန့်အရှင်း အရမ်းကြိုက်တယ်၊ ကဲ . . . အဲဒါ မင်းနေရမဲ့ အခန်းပဲ၊ ဒီအိမ်မှာ အခန်းနှစ်ခန်းပဲရှိတယ်၊ တစ်ခန်းက ဖေဖေနဲ့မေမေ့အခန်း၊ ဒီအခန်းက မကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလေး တို့အခန်းပေါ့၊ အခုတော့ မင်းကို အပိုင်စား ပေးလိုက်ပြီ၊ မကြီးနဲ့မလေးက ဖေဖေနဲ့ မေမေ့အခန်းမှာ ပြောင်းနေကြတယ်၊ မင်း လွတ်လွတ်လပ်လပ် သက်တောင့်သက်သာသာနေ ကြားလား၊ ဒါ မင်းအိမ်ပဲ၊ ခဏနေရင် ရေမိုးချိုးလိုက်၊ နေ့လည်စာ မစားရသေးဘူး မဟုတ်လား၊ မကြီးတို့လည်း မစားရသေးဘူး၊ ရေမိုးချိုးပြီးရင် ထမင်းစားခန်းထဲကို လာခဲ့၊ ထမင်းစားကြမယ် ဟုတ်ပြီလား . . ."

မေ့စမ်းရေက ဂီတကို ကြင်ကြင်နာနာ ဂရုတစိုက် လေသံကလေးဖြင့် ပြောရ၏။ အခုမှ ၁၄-နှစ်ကျော်ရုံရှိသေးသော ထိုကောင်ကလေး၏ နှလုံးသားထဲမှာ ဘယ်လို ဒဏ်ရာအနာတရမျိုးမှ မရစေချင်ပါ။ သူ့ကို ကိုယ့်ရဲ့ သွေးသားအရင်းအချာအဖြစ် ချက်ချင်းကြီး ယုံကြည်လက်ခံလို့ မရနိုင်သေးသည့်တိုင် ကြင်ကြင်နာနာတော့ ဆက်ဆံဖို့ လိုအပ်သည်။ တဖြည်းဖြည်းတော့ သံယောဇဉ် ဖြစ်လာမည် ထင်ပါရဲ့။





ကောင်လေး၏ မျက်နှာကလေးက ဘယ်လောက်ပဲ ဖြစ်ကတတ်ဆန်း ဖိုသီဖတ်သီရှိနေသော်လည်း ချောမောထင်ရှားသော မျက်နှာကလေးက ထူးထူးခြားခြားပင် အရောင်ထွက်နေသလိုပင်။

စမ်းရေ ထမင်းစားခန်းထဲသို့ ရောက်သောအခါ ထမင်းစားပွဲမှာ ရှုံ့တင်းတင်း မျက်နှာပေးဖြင့် ထိုင်နေသော ဆည်းလည်းကို တွေ့ရ၏။

"ဆည်းလည်းရယ် ခုနက နင် ဘယ်လို ပြောလိုက်တာလဲ၊ အဲဒီလို မပြောရဘူးလေ၊ ဘာပဲဖြစ်ဖြစ် သူက မကြီးတို့ရဲ့ မောင်လေးပဲ၊ အခု လက်မခံနိုင်သေးပေမဲ့ တစ်ချိန်ချိန်ကျတော့ ဆည်းလည်း သူ့ကို သံယောဇဉ် ဖြစ်လာမှာပါ၊ သိပ်တင်းတင်းမာမာကြီးတွေ မပြောစမ်းပါနဲ့ ဟယ်၊ ကောင်လေးရင်ထဲမှာ ဒဏ်ရာအနာတရ ဖြစ်သွားရင် မကောင်းဘူးလေ၊ စကားဆိုတာ ပြောလိုက်တဲ့ သူအတွက် ဘာမှ မထိရောက်ပေမဲ့ ခံရတဲ့သူအတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်သက်လုံး စွဲမြဲနေအောင် ထိရောက်တယ် ဆည်းလည်းရဲ့၊ ကိုယ့်စကားက ခားသွားလိုပဲ သူ့နှလုံးသားကို ထိရှသွားရင် မကောင်းဘူး၊ ညီမလေးက လိမ္မာပါတယ်၊ ကဲလာ . . . မကြီးတို့ ထမင်းစားရအောင် ထမင်းပြင်ကြမယ်၊ ဒီနေ့ ဘာဟင်းချက်ထားလဲ"

"ကြက်တောင်ပံနဲ့ ပဲကုလားဟင်းချက်ထားတယ်၊ ပြီးတော့ . . . ငပိသုပ်နဲ့ တို့စရာ"

ဆည်းလည်းက ဆောင့်အင့်အင့် အသံကလေးဖြင့် ဖြေလေသည်။ ညီအစ်မနှစ်ယောက် မီးဖိုခန်းထဲကနေ ထမင်းဟင်းတွေ ခူးခပ်ပြီး ထမင်းစား စားပွဲပေါ်မှာ ပြင်ဆင်နေကြရင်း စမ်းရေက ဆည်းလည်းကို မသိမသာ အကဲခတ်နေရသည်။ ဆည်းလည်းရဲ့ရင်ထဲမှာ ဖေဖေ့အပေါ်မကျေနပ်နိုင်သော ခံစားချက်တစ်မျိုး ကိန်းဝပ်လျက်ရှိတာကို စမ်းရေက အပြစ်မတင်လိုပါ။ ဖေဖေ့ရဲ့ လျှို့ဝှက်ချက်ကို စတင်သိခဲ့ချိန်ကစပြီး စမ်းရေကိုယ်တိုင်လည်း ရင်ထဲမှာ နာကျင်အောင့်မျက်နေ





ခဲ့တာ ဘယ်လောက်တောင် ကြာခဲ့သလဲ။ ထိုအဖြစ်အပျက်ကို ခါးသီးသော အမှန်တရားတစ်ခုအဖြစ် ဖွတ်မှိတ် လက်ခံနိုင်ဖို့အတွက် စမ်းရေ အားအင်တွေ အများကြီး မွေးခဲ့ရသည်။ ဖေဖေ့အပေါ် နားလည်ခွင့်လွှတ်နိုင်ဖို့ အကြိမ်ကြိမ် ကြိုးစားယူခဲ့ရသည်။ ဆည်းလည်းက စမ်းရေလောက် မရင့်ကျက်နိုင်သူမို့ ဖေဖေ့ရဲ့ သစ္စာဖောက်မှုအတွက် ခွင့်မလွှတ်နိုင်လောက်အောင် နာကျင်ခါးသီးနေတာကို စမ်းရေက အသာအယာ ဖျောင်းဖျနှစ်သိမ့်ပေးနိုင်ရုံသာ တတ်နိုင်မည်။

"တစ်သက်လုံးက ဒီညီမနှစ်ယောက်ပဲ အတူတူ နေလာခဲ့တာ၊ အခုမှ ဘယ်ကဘယ်လို ဘွားခနဲ ပေါ်လာမှန်းမသိတဲ့ မောင်တစ်ယောက်ကို မချစ်သော်လည်း အောင့်ကာနမ်းရဦးမယ်၊ စိတ်ပျက်လိုက်တာ အရမ်းပဲ၊ ဖေဖေလုပ်ပုံဟာ ဟုတ်ကို မဟုတ်ဘူး၊ မေမေသာသိရင် ဘယ်လောက် စိတ်ဆင်းရဲရမလဲ၊ ဖေဖေ့ထက်အရင် မေမေ ဆုံးသွားခဲ့တာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သိပ်ရက်စက်တယ်၊ သိပ်လုပ်ရက်တာပဲ"

ဆည်းလည်း၏ မျက်နှာလှလှကလေးအပေါ်မှာ နာကြည်းရိပ်နှင့်အတူ ဆွေးမြေ့ ကြေကွဲရိပ်ကိုပါ စမ်းရေ တွေ့နေရသည်။ စမ်းရေက ဆည်းလည်းကို နောက်ကျောဘက်က နေ သိုင်းဖက်လိုက်ရင်း ဆည်းလည်း၏ ဆံပင်ရှည်ရှည်ကလေးတွေကို အသာအယာ ပွတ်သပ်ချော့မြူပေးလျက် . . .

"ညီမလေးရယ် . . . မရှိတော့တဲ့ ဖေဖေ့ကို အပြစ်တင် မနေပါနဲ့တော့၊ မကျေမနပ်လည်း ဖြစ်မနေပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ် ဒါဟာ မကြီးတို့ ငြင်းဆန်လို့မရတဲ့ အမှန်တရားတစ်ခုပဲ၊ အဲဒါကို မကြီးတို့ လက်ခံရမှာပဲ၊ သူ့ကို အသိအမှတ် မပြုချင်လို့မှ မရတာ၊ ပစ်ထားလို့ရော ဖြစ်မတဲ့လား၊ သူက ဖေဖေ့ရဲ့ သွေးသားလေ၊ ဖေဖေ့ရဲ့ နောက်ဆုံးမျိုးဆက်လည်း ဖြစ်တယ်၊ သူ့ကို ဒီအတိုင်း ပစ်ထားရင် ကြာရင် လမ်းပေါ်မှာ လေလွင့်ပျက်စီးသွားလိမ့်မယ် ဆည်းလည်းရယ်၊ အခုတောင် ကောင်လေးက





တော်တော် အခြေအနေ ယိမ်းယိုင်နေပြီ၊ မကြီးရင်ထဲမှာ မကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် ဆည်းလည်း သည်းခံလိုက်ပါနော်၊ မကြီးကိုချစ်ရင် မကြီးရဲ့စကားကို နားထောင်လိုက်ပါ၊ ကောင်လေးကို သိပ် နာနာကျင်ကျင် ဖြစ်အောင် မပြောပါနဲ့၊ အလိုက်အထိုက်ကလေးတော့ ဆက်ဆံပါ ဆည်းလည်းရယ်"

ဆည်းလည်းက ပင့်သက်ရှိုက်လျက် စမ်းရေ၏ ရင်ခွင်ထဲမှ အသာအယာ ရုန်းထွက်လိုက်သည်။

"မကြီးကိုချစ်လို့ မကြီးစကားကို နားထောင်မှာနော်၊ ဒါပေမဲ့ အဲဒီကောင်လေး ပေတိပေကတ် ဂျစ်ကန်ကန် လာလုပ်လို့ကတော့ ဆည်းလည်း လုံးဝမခံဘူး"

ဟု ကလေးဆိုးတစ်ယောက်လို ဆိုးနွဲ့ဂျစ်တိုက်သံဖြင့် ပြော၏။ စမ်းရေက . . . ဆည်းလည်းကို ချစ်စနိုး ပြုံး၍ကြည့်ကာ . . .

"ဆည်းလည်းက အကြီးပဲ အမြင်မတော်တာရှိရင် ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



လို့ ရပါတယ်၊ တကျက်ကျက်သာ ရန်ဖြစ်မနေနဲ့ပေါ့ ဟုတ်ပြီလား ..."

ခဏနေတော့ ဂီတက ရေမိုးချိုးပြီး ခုနက အဝတ်အစားပဲ ပြန်ဝတ်လာကာ ထမင်းစားခန်းထဲသို့ ရောက်လာသည်။ ဆည်းလည်းက ဂီတကို စူးစူးရှရှ တစ်ချက် စိုက်ကြည့်ပြီး ...

"ဟဲ့ ... ရေမိုးချိုးပြီး အဝတ်အစားအသစ်ကလေး ဘာလေး လဲဝတ်ပါလား၊ ဘယ်လိုဖြစ်လို့ အဲဒီ အစုတ်အပြတ်ကြီးပဲ ပြန်ဝတ်လာတာလဲ၊ နံစော်နေတာပဲ၊ ရေချိုးပြီး အဝတ်အစား အဟောင်းတွေ ပြန်ဝတ်တာလောက် ငါ သိပ်မုန်းတာ မရှိတော့ဘူး၊ အခုချက်ချင်း အဝတ်သွားပြန်လဲ ... သွား"

ဂီတက ဆည်းလည်းကို စောင်ပေပေ အကြည့်ဖြင့် ပြန်ကြည့်ကာ ...

"ကျွန်တော့်မှာ အဝတ်လဲစရာ မပါဘူး၊ ဒီတစ်ထည်





တည်း ပါတယ်"

ဟု ... ခပ်ဆတ်ဆတ် လေသံဖြင့် ပြန်ပြောလေသည်။

ဆည်းလည်းက နှာခေါင်းကိုရှုံ့ကာ နှာခေါင်းနားမှာ လက်ယာရမ်းရင်းဖြင့် ...

"ဟာဝ် ... နံလိုက်တာ၊ ညစ်ပတ်လိုက်တာ လွန်ရော"

ဟု အကြီးအကျယ် ကဲ့ရဲ့ရှုတ်ချသံဖြင့် မဲ့မဲ့ရွဲ့ရွဲ့ ပြောလေသည်။

"အေးပါ ... ဆည်းလည်းရယ်၊ ညနေကျတော့မှ မကြီး သူ့အတွက် အဝတ်အစားအသစ်ကလေးတွေ လိုက်ဝယ်ပေးလိုက်ပါ့မယ်၊ အခုလောလောဆယ်တော့ ထမင်းစားရအောင်၊ တော်ပါတော့ ဘာမှ ဇီဇာကြောင် မနေပါနဲ့တော့၊ မကြီး ဗိုက်ဆာလှပြီ"

ဟု ဝင်ပြောလိုက်တော့မှ ဆည်းလည်းက မကျေမနပ်ဖြင့် နှုတ်ဆိတ်သွားလေသည်။ ဒါတောင် စမ်းရေကို မျက်



www.burmeseclassic.com

www.burmeseclassic.com



ခုံးတစ်ချက်ပင့်၍ ကြည့်ကာ . . .

"မကြီး သူ့ကို အဝတ်အစားအသစ်ဝယ်ပေးရင် ဆည်းလည်းကိုလည်း ဝယ်ပေးရမှာနော်၊ ဆည်းလည်းပူဆာထားတဲ့ စပို့ရှပ် အသစ်ကလေးနဲ့ စကတ်တစ်ထည် ဝယ်ပေးရမယ် ဒါပဲ"

"အေး . . . အေး၊ ဝယ်ပေးမယ် ဝယ်ပေးမယ်၊ တော်ပြီ စကားမများနဲ့တော့"

စမ်းရေက ဗိုက်ထဲမှာ ဆာလောင်နေပြီမို့ စားပွဲမှာ ဝင်ထိုင်လိုက်ကာ ထမင်းစားဖို့ ဟန်ပြင်လိုက်ရင်း ဂီတကိုပါ ထိုင်ဖို့ မေးဆတ်ပြလိုက်သည်။ ဂီတ၏ မျက်နှာကလေးမှာ အရိပ်တစ်မျိုး ရှိနေသည်။ သူ့နှုတ်ခမ်းကလေးက ပြုံးတော့မလို၊ မဲ့တော့မလို နှုတ်ခမ်းစွန်းကလေးများ ကော့လျက်ရှိကာ ထမင်းဇလုံထဲမှ ထမင်းတွေကို သူ့ပန်းကန်ထဲသို့ လက်ဖြင့် အပြည့်အမောက် ထည့်ယူလေသည်။ ဂီတ၏ အပြုအမူကြောင့် ဆည်းလည်းက မျက်ခုံးပင့်ကာ မျက်လုံးကြီး ပြူးလျက် . . .





"ဟဲ့ . . . ဘယ်လိုဖြစ်တာလဲ၊ ထမင်းမစားဖူးဘူးလား၊ ကြည့်စမ်း . . . အဆင့်အတန်း မရှိလိုက်တာ၊ ဒီအိမ်မှာ အကြီးဆုံးဖြစ်တဲ့ မကြီးကို အလျှင်ဦးချပြီးမှ စားရမယ်လေ၊ ပြီးတော့လည်း ထမင်းအုပ်ထဲ က ဇွန်းရှိရက်သားနဲ့ ဘာဖြစ်လို့ လက်ကြီးနဲ့ နှိုက်ရတာတုန်း၊ အမလေး . . . အောက်တန်းကျလှချည်လား"

ဟု . . . ကြုံးအော်လေတော့သည်။

ဂီတက ဆည်းလည်းကို ဂရုမစိုက်ဘဲ ထမင်းပန်းကန်ကို စမ်းရေဘက်သို့ တိုးပေးလိုက်ကာ . . .

"မကြီး အဲဒီပန်းကန် ယူလိုက်၊ ကျွန်တော် ထပ်ထည့်လိုက်မယ်၊ ကျွန်တော် သိပ်ဆာနေလို့ပါ"

ဟု . . . ပြောပြီး ထမင်းအုပ်ထဲမှ ထမင်းတွေကို ဇွန်းဖြင့် မခပ်ဘဲ လက်ဖြင့်သာ ခပ်မြဲ ခပ်လျက် ထမင်းတွေခပ်ထားသော ထိုလက်ဖြင့်ပင် ကြက်သားဟင်းခွက်ထဲမှ ဇွန်းကို နှိုက်လျက် ဟင်းတွေ သူ့ပန်းကန်ထဲသို့ အပြည့်အမောက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ထည့်ယူလေသည်။ စမ်းရေက ဂီတ ဆည်းလည်းကို တမင် သက်သက် အရွဲ့တိုက်ကာ ပမာမခန့် ဂျစ်ကန်ကန်လုပ်နေမှန်း ရိပ်မိသွားသောကြောင့် ဘာမှ ဝင်မပြောသေးဘဲ အသာက လေး စောင့်ကြည့်နေလိုက်သည်။ ဆည်းလည်းမှာ ဒေါသထွက် လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်ပင် တုန်ရီလျက် ဆွေ့ ဆွေ့ခုန်နေပြီ။

"ဘုရားရေ . . . ဘယ်လိုလဲ၊ ပြောလေကဲလေပါလား၊ ဟော့ . . . ဒီမှာ နင် ဘယ်လို ဖြစ်နေတာလဲ၊ ငါပြော တာကို နားမလည်ဘူးလား၊ နင် . . . လူစကား နားမ လည်ဘူးလား၊ လက်အပေကြီးနဲ့ ဟင်းခပ်တဲ့ဇွန်းကို အဲဒီ လို နှိုက်ရသလား၊ ငါတို့အိမ်မှာ စည်းနဲ့ကမ်းနဲ့ပဲနေ တာနော်၊ အဲဒီလို စည်းမရှိကမ်းမရှိ အောက်တန်းကျတဲ့ အပြုအမူတွေ လာမလုပ်နဲ့၊ လုံးဝမကြိုက်ဘူး၊ နင့်အပြု အမူကို အခုချက်ချင်း ပြင်စမ်း"

ဂီတက ဆည်းလည်းကို ဆတ်ခနဲ ခေါင်းထောင်





ကြည့်ကာ မျက်ခုံးကိုပင့်လျက် မျက်လုံးကို အလယ်တည့်တည့် သို့ စွေစိုက်ချပစ်လိုက်ကာ နှာခေါင်းကို ရှုံ့၊ နှုတ်ခမ်းကို မဲ့လျက် လျှာထုတ်ပြောင်ပြလိုက်လေသည်။ ဂီတလုပ်လိုက်သော ပုံစံ ကြောင့် စမ်းရေမှာ မရယ်ဘဲ မနေနိုင်။ ဂီတ၏ ရွှတ်နောက် နောက် မျက်နှာပေးကြောင့် ဆည်းလည်းမှာ ပို၍ ဒေါသသွေး တွေ ဆူဝေသွားကာ . . .

"ကြည့်စမ်း . . . ကြည့်စမ်း၊ နင်ကများ ငါ့ကို နောက်လို့ ပြောင်လို့၊ ပမာမခန့် ရှိလိုက်တာ၊ ငါ့ကို ရိုရိုသေသေ ဆက်ဆံစမ်း၊ ငါက နင့်ထက် အကြီးဟဲ့၊ အဲဒီ မျက်နှာ ပေးကို အခုချက်ချင်း ပြင်စမ်း"

ဟု . . . အသံ စာစာဖြင့် အော်ဟစ်လျက် ရှိလေသည်။ ဂီတကတော့ လုံးဝ ဂရုမစိုက်ချေ။ ထမင်းတွေကို ပလုပ်ပလောင်း ဝါးစားလိုက်၊ ဆည်းလည်းကို ခုနက ရုပ်ပြောင် ရုပ်ဖြင့် နောက်ပြောင်လိုက်ဖြင့် စကားတစ်ခွန်းမှ မပြောဘဲ ဆည်းလည်းကို တုံ့ပြန် တိုက်ခိုက်လျက် ရှိလေသည်။ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ဟန်မှာလည်း တပျပ်ပျပ် အသံမြည်လျက်ရှိတာကြောင့် ဆည်းလည်းမှာ ရွံရှာ၍ မဆုံးတော့ချေ။

"မကြီး ... မကြီးရဲ့ ကောင်လေးကို ဆုံးမထားနော်၊ ဆည်းလည်း စိတ်ဆိုးလွန်းလို့ သေတော့မယ်၊ ဆည်းလည်းကို တမင်သက်သက် ပမာမခန့် လုပ်နေတာ တွေ့လား၊ ရုပ်ကိုက မထီလေစားရုပ်နဲ့၊ ဆည်းလည်း လက်ပါမိတော့မယ်နော်"

"ကဲပါ ... ဆည်းလည်းရယ်၊ ထမင်းစားမှာဖြင့် စား၊ မကြီး သူ့ကို အေးအေးဆေးဆေး ဆုံးမပါ့မယ်၊ သူ့ကို အာရုံစိုက်မနေနဲ့လေ၊ ကိုယ့်ဆာသာကိုယ် စားမှာဖြင့် စား၊ ကဲ ... ဂီတကလည်း ထမင်းစားတာ အဲဒီလို အသံတပျပ်ပျပ် မမြည်စေနဲ့၊ နှုတ်ခမ်းကို ပိတ်ပြီး အသံ မထွက်အောင် ညင်ညင်သာသာ ဝါးနော်၊ ထမင်းတွေ အများကြီး ချက်ထားတယ်၊ ကြိုက်သလောက် စားလို့ရတယ်၊ ဖြေးဖြေးဆေးဆေးနဲ့ သပ်သပ်ရပ်ရပ်ကလေးစား၊





အရင်က ဘယ်လိုပဲစားခဲ့ စားခဲ့၊ နောက်ဆို မကြီးတို့နဲ့ အမြဲတမ်း အတူတူ ထမင်းစားရတော့မှာ၊ အဲဒီလို ရုပ်ပျက်ဆင်းပျက်ကြီး ထမင်းစာတာကို မကြီး မကြိုက်ဘူး၊ ထမင်းစားတဲ့ ပုံစံကလည်း လူတစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ တန်ဖိုးကို ဖော်ပြတာပဲ၊ ထမင်းကို ပလုပ်ပလောင်းကြီးနဲ့ တနင့်တပိုး မစားရဘူး၊ ကြွေ ရရကလေးနဲ့ ဖြေးဖြေးဆေးဆေး သပ်သပ်ရပ်ရပ် အသံ မမြည်အောင် စားရတယ်၊ ဒါမှ လူတွေကြားထဲမှာ မောင်လေးစားတဲ့ သောက်တဲ့ အခါ လူတွေက မောင်လေးကို အထင်မသေးမှာ၊ မကြီးပြောတာ ကြားလား"

စမ်းရေက ညင်ညင်သာသာ လေသံကလေးဖြင့် ချော့ချော့မော့မော့ နှပြောလျှင် ဂီတက စမ်းရေရဲ့ စကားကိုတော့ အရေးတယူ အလေးအနက်ထားကာ ပလုပ်ပလောင်း အငမ်းမရ စားနေသော ပုံစံကို မသိမသာပင် ပြင်ဆင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီနောက်မှာတော့ ထမင်းဝိုင်းက ပြန်လည်ငြိမ်သက်သွားခဲ့၏။

စမ်းရေသည် ထမင်းစားရင်း ဆည်းလည်းနှင့် ဂီတကို တစ်လှည့်ဆီ မသိမသာ အကဲခတ် နေမိသည်။ စမ်းရေ မျှော်လင့်ခဲ့သလိုပင် သူတို့နှစ်ယောက် ဘယ်လိုမှ သင့်မြတ် အဆင်ပြေကြလိမ့်မည် မဟုတ်ချေ။





အခန်း . . . ၂

မေ့စမ်းရေသည် ဒီနေ့ အလုပ်အတွက် အင်တာဗျူး ရှိနေသောကြောင့် မသွားမဖြစ် သွားရမှာမို့ အပြင်သို့ ထွက်ဖို့ ပြင်ဆင်ရသည်။ ညီမနှင့် အသစ်စက်စက် မောင်ကလေးကို အိမ်မှာ နှစ်ယောက်တည်း ထားခဲ့ဖို့ ဘယ်လိုမှ စိတ်မချနိုင်ပေ။ သို့သော် သူတို့ကို မထားခဲ့လို့မဖြစ်။ ဒီနေ့ အလုပ်က ရမှ ဖြစ်မည်။ အခုချိန်မှာ စမ်းရေအတွက် အလုပ်ရဖို့က အရေးကြီးနေသည်။ လက်ထဲမှာ ပိုက်ဆံ သိပ်မကျန်တော့ချေ။ အဲဒါကြောင့် ဒီနေ့ အလုပ်ရဖို့ အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေသည် ဆံပင် ဖြောင့်ဖြောင့်စင်းစင်းတွေ အားလုံးကို အနောက်သို့လှန်ကာ အပြောင်သိမ်း၍ ခပ်မြင့်မြင့်ကလေး စုစည်းချည်နှောင်လိုက်သည်။ ရှပ်အင်္ကျီပုံစံ ကိုယ်ကျပ်လက်ရှည်ကလေးနှင့် စကတ်ထမီ ရှည်ရှည်ကို ခပ်ရိုးရိုးပင် တွဲဖက်ဝတ်ဆင်သည်။ လုပ်ရမည့်အလုပ်က ကလေးနှစ်ယောက်ကို စာပြပေးရမည့် ဆရာမအလုပ်ဆိုတော့ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ကလေး ပြင်ဆင်မှ ဖြစ်မည်။

စမ်းရေ ပြင်ဆင်နေတာကို ဘေးနားမှာ လာထိုင်ကြည့်နေသော ဆည်းလည်းကို တတွတ်တွတ်နှင့် အမှာစကားမှာ၍ မပြီးဆုံးနိုင်တော့။ ဆည်းလည်းမှာ မျက်နှာကလေး ရှုံ့မဲ့ကာ ခေါင်းတဆတ်ဆတ်သာ ညိတ်နေလေသည်။

"မကြီး စိတ်ချမယ်နော် ဆည်းလည်း၊ မကြီး အလုပ်အတွက် အင်တာဗျူးသွားရမှာ၊ စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါရစေနော်၊ အိမ်မှာ ဆည်းလည်းနဲ့ ဂီတပဲ ကျန်ခဲ့တာ၊ နှစ်ယောက်သား သင့်သင့်မြတ်မြတ် နေကြ၊ ရန်ဖြစ်မနေ





နဲ့ဦး၊ တစ်ခုခုဆို ဆည်းလည်းက သူ့ကို မခံချင်အောင် နစ်နစ်နာနာတွေ ပြောမနေနဲ့ဦး၊ ကောင်လေးက ကောင်းကောင်းမွန်မွန် ချော့ချော့မော့မော့ ပြောရင် နားထောင်ရှာပါတယ်၊ ဆည်းလည်းက ဗလစ်ဗလစ်နဲ့ သူ့ကို မျက်စိဒေါက်ထောက် ကြည့်ပြီး အပြစ်ရှာ ငြိုငြင်နေတော့ သူကလည်း မခံချင်စိတ်နဲ့ ပြန်ပြီးတော့ အရွဲ့တိုက်တာပါ၊ မောင်နှမတွေ ဖြစ်လာပြီပဲ ဆည်းလည်းရယ်၊ တော်ရုံ တန်ရုံလောက်ဆို မသိချင်ဟန်ဆောင်ပြီး သည်းခံနေလိုက်နော်၊ သူ့ကို အိမ်ထဲကအိမ်ပြင် မထွက်စေနဲ့ဦး၊ မကြီးလည်း သေသေချာချာ မှာခဲ့မယ်၊ အင်တာဗျူးပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မယ်. . . ကြားလား"

"အင်းပါဆိုနေမှ . . . မကြီးကလည်း၊ တဖွဖွတောက်တောက်နဲ့ ဂျီတွန်နေတာပဲ၊ အဲဒီကောင်လေးနဲ့က ဘယ်ဘဝက ရေစက်မှန်းကို မသိပါဘူး၊ တစ်စက်ကလေးမှ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လို့မရဘူး၊ အဆင်ပြေမှာကို မဟုတ်ဘူး၊ ဒါပေမယ့် မကြီး စိတ်ချလက်ချသာ သွားပါ၊ ဆည်းလည်းသူ့ကို ကောင်းကောင်း ပညာပြထားလိုက်ပါမယ်၊ ဘာမှမဖြစ်စေရဘူး၊ စိတ်မပူနဲ့၊ စိတ်ချလက်ချသာသွား၊ ဒီနေ့အလုပ်ရရင်သာ ညကျရင် ဆည်းလည်းတို့ကို Restaurant တစ်ခုခုမှာ ညစာလိုက်ကျွေးနော်၊ ဒီည . . . ညစာ မချက်တော့ဘူး သိလား"

ဆည်းလည်းက စမ်းရေကို အနောက်မှနေ၍ သိုင်းဖက်ကာ ချွဲချွဲနွဲ့နွဲ့ကလေး ပြောလေသည်။ ဆည်းလည်းသည် စမ်းရေကို အစ်မကြီးတစ်ယောက်လိုသာမက အမေတစ်ယောက်လိုပါ ချစ်ခင်ချွဲနွဲ့လျက် နွဲ့ဆိုး ဆိုးတတ်သူကလေးဖြစ်သည်။ ဆည်းလည်းနှင့် စမ်းရေမှာ ၈-နှစ်တိတိ ကွာလေသည်။ ငယ်ငယ်ကတည်းက စမ်းရေက ဆည်းလည်းကလေးကို ချော့ပိုးထိန်းကျောင်းခဲ့ရသူဖြစ်ရာ ဆည်းလည်းအပေါ်မှာလည်း ညီမကလေးလိုသာမက သမီးကလေးလိုပါ အစစအရာရာ အလိုလိုက် အလျှော့ပေးရပါသည်။ ဆည်းလည်း လိုချင်တာမှန်သမျှ ပူဆာတတ်တိုင်း စမ်းရေက မငြီးမငြူ ဖြည့်ဆည်း အလိုလိုက်ခဲ့မြဲ။ အဲဒါကြောင့်လည်း ဆည်းလည်းက ဗိုလ်ကျချင်တိုင်း ဗိုလ်ကျကာ စမ်းရေကို အမျိုးမျိုး ပူဆာဂျီကျ၍ မဆုံးချေ။





စမ်းရေသည် အားလုံးပြင်ဆင်ပြီးသောအခါ ဂီတအခန်းဆီသို့ ဝင်လာခဲ့သည်။ ဂီတက သူ့ကုတင်ပေါ်မှာ ကာတွန်းစာအုပ်တစ်အုပ် ဖတ်လျက်ရှိသည်။ စမ်းရေကိုမြင်တော့ ဂီတ၏ မျက်နှာကလေးက နွမ်းညှိုးချို့မြိန်၍ သွားလေသည်။

"မောင်လေး . . . မကြီး အလုပ်အတွက် အင်တာဗျူး သွားဦးမယ်၊ မကြီးအတွက် ကံကောင်းအောင် ဆုတောင်းပေးနော်၊ ပြီးတော့ မကြီးမှာတာကို သေသေချာချာ နားထောင်၊ အိမ်ထဲက အိမ်ပြင် လုံးဝမထွက်နဲ့၊ မကြီးမရှိတုန်း မလေးနဲ့လည်း ရန်ဖြစ်မနေနဲ့ ကြားလား၊ မလေး . . . ပြောသမျှကို ပြန်ပြီးတော့ အာခံတုံ့ပြန် မနေနဲ့ဦး၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး စာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ဖတ်နေ၊ မကြီး နေ့လည်စာအမီ ပြန်လာခဲ့မယ်သိလား၊ မောင်လေး အပြင်က ဘာစားချင်သေးလဲ၊ မကြီး ဘာဝယ်လာခဲ့ရမလဲ၊ တကယ်လို့ အလုပ်ရရင် ညကျတော့ ညစာကို အပြင်ထွက်ပြီး စားကြမယ်၊ မကြီး အလုပ်ရအောင် ဆုတောင်းပေး ကြားလား၊ မလေးနဲ့ ရန်ဖြစ်မနေနဲ့နော်၊ မကြီးသွားရမှာ စိတ်ကို မချဘူး၊ မကြီး စိတ်ချအောင် ကတိပေးစမ်း၊ မလေးနဲ့ ရန်ဖြစ်မနေပါဘူးလို့"

"ကျွန်တော်က မဖြစ်ပါဘူး၊ မလေးကသာ သူ့ပါးစပ်ကြီးကို ငါးပါးစပ်လိုပဲ ပွစိပွစိနဲ့ ဟပြဲဟပြဲ လိုက်လုပ်နေတာ၊ ကျွန်တော်ကစပြီး သူ့ကို ဘယ်တုန်းကမှ ရန်မစခဲ့ဘူး၊ သူ ရန်စရင်သာ ကျွန်တော်က ပြန်စမှာ၊ ဒါပေမယ့် မကြီး စိတ်ချပါ ကျွန်တော် အိမ်ထဲမှာပဲ နေပါ့မယ်၊ အပြင်မထွက်ပါဘူး၊ မလေးကိုလည်း သည်းခံနိုင်သရွေ့တော့ သည်းခံပါ့မယ်၊ မကြီး အလုပ်ရပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

"အေး . . . အေး ပြီးရော၊ ငါ့မောင်လေးက လိမ္မာပြီးသားပါ၊ မကြီးစကားဆို နားထောင်မှာပါ . . . နော်"

စမ်းရေက ဂီတ၏ ဆံပင် ပျော့ပျော့စင်းစင်းကလေးတွေကို ချစ်စနိုး တစ်ချက် ဖွသပ်ပစ်ခဲ့ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အခုဆို ဂီတရောက်တာ တစ်ပတ်ကျော်ပြီမို့ ဂီတသည် စမ်းရေတို့နှင့် သိပ်မစိမ်းတော့ချေ။ သူ့ကို ချိုချိုသာသာ ကြင်ကြင်နာနာ ဆက်ဆံတတ်သော စမ်းရေကိုတော့ ဂီတက လိုက်လှဲဖော်ရွှေစွာပင် ပြန်လည် ဆက်ဆံတတ်သော်လည်း သူ့ကိုမြင်လျှင် တစ္ဆေသရဲတစ်ကောင်လို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် တပြဲပြဲ အော်ဟစ်ဆူပူတတ်သော ဆည်းလည်းကိုတော့ လစ်ရင် လစ်သလို၊ ကြုံရင် ကြုံသလို တုံ့ပြန်တတ်လေသည်။ အဲဒါကြောင့်လည်း ဆည်းလည်းနှင့် ဂီတမှာ တစ်စက်ကလေးမှ မတည့်ဘဲ တွေ့လိုက်တာနှင့် တကျက်ကျက် ဖြစ်နေတတ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဂီတသည် စမ်းရေ







www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလောက် ဆိုးဆိုးရွားရွားကလေး မဟုတ်ရှာပါ။ ချစ်ခြင်းမေတ္တာနှင့် အကြင်နာကို ငတ်မွတ်တောင့်တလျက်ရှိသော သနားကြင်နာစရာ ကောင်ကလေးတစ်ယောက်ဖြစ်ကြောင်း စမ်းရေကာ တစ်ပတ်အတွင်းမှာပင် တဖြည်းဖြည်း သိမြင် နားလည်စ ပြုလာခဲ့သည်။ ဂီတအတွက် ဆာလောင်မွတ်သိပ်နေသည်မှာ မေတ္တာပဲ ဖြစ်သည်။ အဲဒီမေတ္တာကို စမ်းရေက တတ်နိုင်သလောက် အပြည့်အဝ ပေးနိုင်ဖို့ ကြိုးစားလေသည်။ အခုအချိန်မှာ သူကလေးသည် စမ်းရေ၏ မောင်ကလေးဟူသော အသိဖြင့် ရင်ထဲမှာ နွေးထွေးသော မေတ္တာဓာတ်တစ်မျိုး မသိမသာ ကိန်းဝပ်စီးဆင်းလျက်ရှိလေပြီ။

❀❀❀



"မမလိုချင်တာက မမနဲ့ အဖော်ရမဲ့ သမီးကလေးလေ၊ တကယ်တမ်းမှာ မမရတော့ အင်မတန် မျောက်ရှုံးတဲ့ အဲဒီ သားအမွှာနှစ်ယောက်ပဲ၊ သောင်းကျန်းတာက တော့ ပြောမနေနဲ့တော့၊ နိုင်ကို မနိုင်ဘူး၊ ညီမရဲ့ အလုပ်က ဒီသားနှစ်ယောက်ကို ကျောင်းပို့ ကျောင်းကြိုလုပ်ပေးရမယ်၊ ကျောင်းက ILBC မှာလေ၊ ဒါနဲ့ နေပါဦး . . . ညီမက ကားမောင်းတတ်သလား"

မေ့စမ်းရေ၏ အလုပ်ရှင်မှာ အင်မတန် ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်လုပသော အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ နာမည်က သံသာချိုတဲ့။ နာမည်ကလေးနှင့်လိုက်အောင် အသံမှာ သာယာချိုမြလျက် သူမအပေါ်မှာ လိုက်လဲ့ဖော်ရွေလှသည်။ ကလေးနှစ်ယောက်မှာ အမွှာကလေးတွေဖြစ်ပြီး ၅-နှစ်ကျော်ကျော်ကလေးတွေသာ ရှိသေးသည်။

"ဟုတ်ကဲ့ မမ . . . စမ်းရေ ကားမောင်းတတ်ပါတယ်၊ လိုင်စင်လည်း ရှိပါတယ်"

"အို . . . အဲဒါဆို သိပ်အဆင်ပြေတာပေါ့၊ မေ့စမ်းရေအတွက် ကားတစ်စီး ပေးထားမယ်၊ အိမ်မှာက ကားသုံး ဘယ်၊ သားတို့ဖေဖေက ဆရာဝန်လေ၊ သူက တစ်စီး၊ မမက တစ်စီး၊ တစ်စီးကတော့ Driver ကို ဟိုခိုင်းဒီခိုင်း ခိုင်းချင်တာရှိရင် ခိုင်းလို့ရအောင် အဆင်သင့် ထားထားတာ၊ မေ့စမ်းရေ ကားမောင်းတတ်တယ်ဆိုရင် အဲဒီကားကို မေ့စမ်းရေအတွက် ပေးထားလိုက်





မယ်လေ၊ သားနှစ်ယောက်ကို ကျောင်းပို့ ကျောင်းကြို လုပ်ပြီးရင် သူတို့ရဲ့ အိမ်စာတွေကို မေ့စမ်းရေက အတူ ကူလုပ်ပေးရမယ်၊ ပြီးတော့ စာသင်ပေးစရာရှိတာ သင်ပေးပြီး အိမ်ပြန်ရုံပဲ၊ သားတို့ ကျောင်းတက်နေတဲ့ အချိန်မှာတော့ မေ့စမ်းရေကို မမခိုင်းချင်တာလေးတွေ ခိုင်းချင်ခိုင်းမယ်၊ အဲဒါကလေးတွေ ကူလုပ်ပေးပေါ့၊ မမက စကော့ဈေးထဲမှာ စိန်ဆိုင်ဖွင့်ထားတာဆိုတော့ အလုပ်ကတော့ ခပ်များများရယ်၊ ကဲ . . . ဒါဖြင့် မေ့စမ်းရေကို အစမ်းခန့်ကြည့်မယ်လေ၊ အဆင်ပြေတော့ ဆက်လုပ်ပေါ့၊ သားနှစ်ယောက်ကို ထိန်းကြည့်ပါဦး"

စမ်းရေသည် ရင်တထိတ်ထိတ်ခုန်ကာ ပျော်ရွှင်သွား၏။ ထိုအလုပ်သည် စမ်းရေအတွက် ပထမဆုံးသော အလုပ်လည်းဖြစ်သည်။ ထူးထူးခြားခြား ဘာမှ အခက်အခဲမရှိဘဲ လွယ်လွယ်ကူကူပင် အလုပ်ခန့်လိုက်သောကြောင့် စမ်းရေမှာ စိတ်လှုပ်ရှား ပျော်ရွှင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒါဖြင့်ရင် ဒီနေ့ပဲ အလုပ်စဆင်းမလား မေ့စမ်းရေ"

"ကျွန်မ မနက်ဖြန် စဆင်းလို့ ရမလားဟင်၊ အိမ်မှာ မောင်နဲ့ ညီမလေးတွေက ထမင်းစားစောင့်နေလို့ပါ၊ ပြီးတော့ . . . သူတို့ကို အလုပ်ရတဲ့ အကြောင်းလည်း သတင်းကောင်း ပြန်ပြောချင်သေးတယ် မမရယ်"

"ကောင်းပြီလေ . . . ဒီနေ့တော့ ပြန်ချင်ပြန်လိုက်ပေါ့၊ ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ သားတို့လည်း ကျောင်း ပိတ်တယ်ဆိုတော့ အလုပ်တော့ မရှိသေးပါဘူး၊ အိုကေ ပြန်ချင်ပြန်လေ၊ မနက်ဖြန်သာ မနက်စောစော ခုနစ်နာရီမထိုးခင် အိမ်ကို အရောက်လာနော်၊ သားတွေ အတွက် ကျောင်းသွားဖို့ ပြင်ဆင်ပေးရမယ်၊ မေ့စမ်းရေရဲ့ အလုပ်က ဒီသားနှစ်ယောက်အတွက်ပဲ၊ သူတို့နဲ့ ပတ်သက်သမျှ အားလုံး မေ့စမ်းရေ တာဝန်ချည်းပဲ၊ နောက်နေ့တွေတော့ အိမ်ပြန် ထမင်းစားလို့ မရဘူး





နော်၊ ဒီအိမ်မှာပဲ ထမင်းစားပါ။ ညနေ သားတွေကို ကျောင်းကြိုပြီး အိမ်စာလုပ်ပေးပြီးမှ ပြန်ရမှာဆိုတော့ နည်းနည်းတော့ မိုးချုပ်ချင် ချုပ်လိမ့်မယ်၊ အဲဒါဆိုရင် ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ် မမ . . . ကျွန်မ မနက်ဖြန် ခုနစ်နာရီ မထိုးခင် အရောက်လာခဲ့ပါ့မယ်၊ ကျွန်မကို ပြန်ခွင့်ပြုပါဦး၊ ကျေးဇူး တင်ပါတယ် မမ"

စမ်းရေက အမွှာကလေးလေးနှစ်ယောက်ကို သိုင်းဖက်နှုတ်ဆက်ခဲ့ကာ ပြန်လာခဲ့သည်။ အလုပ်တော့ ရခဲ့ပြီ။ လခကလည်း စမ်းရေ မျှော်လင့်ထားသည်ထက်ပင် ပိုကောင်းနေသေးသည်။ စမ်းရေအတွက် ထိုအလုပ်ရဖို့ အရေးကြီးသည်မှာ တခြားကြောင့် မဟုတ်။ သိပ်မကြာခင်မှာ ဆည်းလည်းက ဆေးကျောင်း စတက်ရတော့မှာဖြစ်သည်။ ဆေးကျောင်း စတက်ပြီဆိုလျှင် ကျောင်းစရိတ်တွေအပြင် ဆည်းလည်းရဲ့ အသုံးအဆောင် စရိတ်တွေ အများကြီး ပေါ်လာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစရိတ်တွေအတွက် စမ်းရေမှာ အလုပ်တစ်ခုခု မရှိ၍မဖြစ်။ ဆည်းလည်းက ဘာပစ္စည်းမဆို အကောင်းဆုံးမှ ကြိုက်တတ်သူကလေး ဖြစ်သည်။ အဝတ်အစားဆိုလျှင်လည်း Brand အကောင်းစားမှ၊ အသစ်အဆန်း ပေါ်လျှင်လည်း ဆည်းလည်းက လိုချင်တတ်သူပင်။ ဆည်းလည်းရဲ့ အဝတ်အစား အသုံးအဆောင် မှန်သမျှ ခပ်ညံ့ညံ့ အမျိုးအစားရယ်လို့ မရှိ။ အကောင်းဆုံးတွေသာ ဖြစ်သည်။ ဆည်းလည်းက သူမလိုချင်တာရှိလျှင် ဘယ်သူ့ကိုမှ ဘာကိုမှ ငဲ့ညှာထောက်ထားလေ့ မရှိ။ မရ ရအောင် ပူဆာဂျီကျ၍ ရယူတတ်မြဲ။ စမ်းရေကလည်း ဆည်းလည်းကို တစ်ချက်ကလေးမှ မျက်နှာ အညှိုးမခံခဲ့။ လိုတရ ဖြစ်စေခဲ့သည်။ အဲဒီလို ဆည်းလည်းက ဆေးကျောင်းတက်တော့မည်ဆိုတော့ အခုကတည်းကပင် အဝတ်အစားအသစ်တွေ၊ ဖိနပ်တွေ စတင်၍ စုဆောင်းနေပြီ။ ဆည်းလည်းက စာတော်ရုံသာမက ရုပ်ကလေးကလည်း သူမတူအောင်ချောမောလှပသူကလေးဖြစ်ရာ ဆေးကျောင်းရောက်လျှင်





Queen ဖြစ်ဖို့ကိုလည်း အခုကတည်းက မျှော်လင့် စိတ်ကူးယဉ်ထားသေးသည်။ ဆည်းလည်း ပူဆာတာမှန်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အလုပ်တစ်ခုခုတော့ မရှိမဖြစ် ရှိဖို့ လိုအပ်လှသောကြောင့် စမ်းရေက ဒီအလုပ်ကို လျှောက်ခဲ့တာ ဖြစ်သည်။ အခုတော့ ရင်ထဲမှာ နည်းနည်းကလေးတော့ ပေါ့ပါးသွားခဲ့ပြီမို့ အိမ်သို့ ခပ်သွက်သွက် ပြန်လာခဲ့လေသည်။

အိမ်တံခါးဝသို့ ရောက်သည်နှင့် ဆည်းလည်း၏ စူးစူးဝါးဝါး အော်ဟစ်သံက ကျယ်လောင်စူးရှလှကာ တဝုန်းဝုန်း တဒုန်းဒုန်း ပြေးလွှားသံတွေ ဆူညံမြည်ဟီးလျက်ရှိသည်။ ဆည်းလည်းနှင့်ဂီတ ရန်ဖြစ်နေကြပြန်ပြီပေါ့။ စမ်းရေက တံခါးဘဲလ်ကို အဆက်မပြတ် တီးလိုက်သည်။ ချက်ချင်းပင် ဆည်းလည်းက တံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်လျက် တံခါးဝမှာ ဆည်းလည်း၏မျက်နှာ ပေါ်လာလေသည်။ ဆည်းလည်း၏ မျက်နှာကို ရုတ်တရက် မြင်လိုက်ရချိန်မှာ စမ်းရေသည် မျက်ခုံးများပင့်သွားကာ မျက်လုံးတွေ ဝိုင်းစက် ပြူးကျယ်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဆည်းလည်း၏ မျက်နှာတစ်ခြမ်းမှာ ဆေးရေး ပန်းချီခြယ်ထားသော ကြောင်ရုပ်နှင့် တစ်ခြမ်းမှာ ကျားရုပ် တောက်တောက်ပပ ကြောင်ကြောင်ကျားကျားကြီး ဖြစ်နေ၏။ စမ်းရေမှာ ဆည်းလည်း၏ မျက်နှာကို အရမ်း ရယ်မောချင်လှ သော်လည်း ဆည်းလည်းက ဒေါသတကြီး ဆွေ့ဆွေ့ခုန်လျက် ရှိသောကြောင့် မရယ်ရဲချေ။

"ဟောတော့ . . . ဘယ်လိုတွေ ဖြစ်နေတာလဲ ဆည်း လည်းရယ်၊ မျက်နှာက ဘာတွေ ခြယ်ထားသလဲ"

"အဲဒါ မကြီးရဲ့မောင် လက်ချက်ပေါ့၊ ဂီတလေ ဂီတ အယုတ်တမာကောင်လေး၊ ဆည်းလည်း သီချင်းနား ထောင်ရင်း အိပ်ပျော်သွားတုန်းမှာ သူ ဆည်းလည်းရဲ့ မျက်နှာကို ဆေးပန်းချီတွေ လာခြယ်ထားတာ၊ ကြည့် စမ်းပါဦး . . . ဘယ်လောက် ဒေါသထွက်ဖို့ကောင်း သလဲ၊ တစ်ခြမ်းက ကြောင်ရုပ်၊ တစ်ခြမ်းက ကျားရုပ် နဲ့၊ အဲဒီကောင်လေးကို ဒီနေ့မှ ခေါင်းမှာ အာလူးသီးထ





အောင် မထုရရင် ဆည်းလည်း လုံးဝ မကျေနပ်ဘူး မှတ်၊ ဟဲ့ကောင်လေး ဂီတ . . . နင် ဆက်မပြေးနဲ့ တော့နော်၊ ငါ့လက်ထဲမှာ အမိခံမလား မခံဘူးလား ပြော . . ."

ဆည်းလည်းက စမ်းရေကိုလည်း ဒေါသတကြီး တိုင်တောပြီး ချာခနဲ လှည့်ကာ ဂီတရှိရာဆီသို့ တဝုန်းဝုန်း ပြေးလိုက်လျက်ရှိလေသည်။ ဂီတကလည်း လုံးဝ အမိမခံ တခစ်ခစ်ရယ်မောရင်း ဧည့်ခန်းထဲမှာ လှည့်ပတ်ကျော်လွှား ကာ ပြေးလွှားနေလေသည်။ ဂီတက အမိမခံလေ ဆည်းလည်း ရဲ့ ဒေါသတွေကို ပို၍ ဆူဝေလောင်မြိုက်လေ ဖြစ်လေသည်။

စမ်းရေမှာ ဆည်းလည်းမသိအောင် အသာခိုး၍ ကျိတ်ရယ်ရသည်။ ဂီတ၏ လက်ရာမှာ မဆိုးလှချေ။ ဆေး ပန်းချီ ခြယ်ထားပုံမှာ အတော်ကလေး ပီပြင်သက်ဝင်လွန်းလှ သည်။ မျက်နှာတစ်ခြမ်းက ကြောင်ရုပ်၊ တစ်ခြမ်းက ကျားရုပ် ဖြစ်နေသော ဆည်းလည်းကတော့ ဂီတကို မမိ့မိအောင်



www.burmeseclassic.com

www.burmeseclassic.com



သည်းကြီးမည်းကြီး ဝုန်းဒိုင်းကြဲလျက် လိုက်ဖမ်းနေတော့သည်။

"ကဲ . . . ကဲ ခဏနေကြဦး၊ မကြီးရဲ့ စကားကို နား မထောင်ကြတော့ဘူးလား၊ မကြီး အလုပ်ရလာသလား၊ မရလာဘူးလားဆိုတာတောင် မေးဖော်မရဘူးပေါ့လေ၊ ဆည်းလည်းရယ် အဲဒီဒေါသကို ခဏလေး မျိုသိပ်လိုက် စမ်းပါဦး၊ မကြီးပြောတာ နားမထောင်တော့ဘူးလား၊ ဂီတကလည်းလေ မကြီး ဒီလောက် အတန်တန်မှာ ထားခဲ့ရဲ့နဲ့ ဘာဖြစ်လို့ မလေးကို အဲဒီလို သွားနှောက် ရတာတုန်း၊ ကဲ . . . ကဲ . . . အမိခံလိုက်၊ မလေး ရိုက်တာကို တစ်ချက်တော့ ခံလိုက်၊ ကိုယ့်အစ်မကို အဲဒီလို မျက်နှာမှာ ဆေးပန်းချီ ခြယ်ထားတာ ဂီတ လွန်တာပေါ့"

စမ်းရေက အသံကျယ်ကျယ်ကလေးဖြင့် အော် ပြော၍ အဆုံးအဖြတ် ပေးလိုက်တော့မှ ဂီတက တဝုန်းဝုန်း ပြေးလွှားနေရာကနေ စမ်းရေ၏ နောက်ကျောဘက်သို့ ပြေး





ဝင်လာကာ စမ်းရေနှင့် ပုန်းကွယ်၍ အကာအကွယ် ယူထား လိုက်လေသည်။ ဆည်းလည်းက အံတကြိတ်ကြိတ်ဖြင့် အောက် နှုတ်ခမ်းကို သွားတွေဖြင့် ဖိကိုက်ထားကာ မျက်လုံးအစုံကို ပြူးကျယ်ထားလျက် . . .

"ကဲ . . . မကြီးပြောတာ ကြားတယ်မဟုတ်လား၊ နင် အမိခံနော်၊ ငါ တစ်ချက်တော့ ထုမှ ဖြစ်မယ်"

"မလေး . . . ဘာလို့ ကျွန်တော့်ကို အရင်ထုသလဲ"

"နင် ဘာဖြစ်လို့ ဟင်းခိုးစားသလဲ၊ မကြီးလာရင် ထမင်း စားရတော့မယ့်ဥစ္စာ၊ ဘာဖြစ်လို့ မီးဖိုချောင်ထဲဝင်ပြီး ကြွက်တစ်ကောင်လို ဟင်းခိုးစားသေးတုန်း"

"ကျွန်တော် ဆာလို့ နည်းနည်း အမြည်းစားကြည့်တာ ပါ"

"အောင်မယ် . . . ဘာအမြည်းလဲ၊ ကြက်သားကြော် ထားတာ ငါ အတုံးရေထားပြီးသား၊ နင် ပေါင်တုံးကြီး တစ်တုံးလုံး ခိုးစားပစ်လိုက်တာ၊ မကြီးတောင် မစားရ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ ဦးဦးဖျားဖျား နှင့် ခိုးစားလို့ ထုတာ ဘာဖြစ် သေးတုန်း"

"ကျွန်တော်ကလည်း ကျွန်တော့်ကို ထုလို့ မလေးကို ပန်းချီပြန်ဆွဲတာ ဘာဖြစ်တုန်း၊ မလေးရဲ့ ရုပ်က ကြောင်တစ်ခြမ်း၊ ကျားတစ်ခြမ်း ပေါင်းထားတဲ့ရုပ်"

စမ်းရေကို အလယ်မှာထားပြီး ဆည်းလည်းနှင့် ဂီတက အရှေ့နှင့်အနောက် လှမ်း၍ တစ်ယောက်တစ်ခွန်း အပြန်အလှန် အော်ဟစ်နေကြ၏။ စမ်းရေမှာ သူတို့နှစ်ယောက်ကိုကြည့်ကာ စိတ်မဆိုးနိုင်ဘဲ ရယ်ချင်လို့သာ နေတော့၏။

"ကဲ ကဲ . . . တော်ကြပါတော့၊ တော်ကြပါတော့၊ ညကျရင် ညီမလေးနဲ့ မောင်လေးကို Restaurant မှာ ညစာ လိုက်ကျွေးမယ်၊ ဆည်းလည်းလေး ကြိုက်တဲ့ဆိုင်မှာ စားဟုတ်လား၊ အခုတော့ ဒေါသတွေ လျှော့လိုက်တော့ နော်၊ စိတ်ဆိုးရတာ ပင်ပန်းပါတယ် ညီမလေးရယ်၊





ဂီတကလည်း မလေးကို နောက်တစ်ခါ အဲဒီလို မလုပ်ရဘူးနော် . . . ကြားလား၊ မကြီး မကြိုက်ဘူး"

"ကျွန်တော် ပန်းချီဆွဲထားတာ ဘယ်လောက် အသက်ဝင်သလဲ မကြီး"

ဂီတက အနောက်မှနေ၍ တိုးတိုးကလေး လှမ်းပြောလေသည်။ ဆည်းလည်းက စမ်းရေကို ကျော်ကာ ဂီတရဲ့ ခေါင်းကို မရရအောင် လှမ်းခေါက်၏။ နောက်ဆုံးတော့ သုံးယောက်သား လုံးထွေးကာ ရယ်မောမိကြတော့လေသည်။

☎☎☎

www.burmeseclassic.com

www.burmeseclassic.com



ထိုညက မောင်နှမသုံးယောက် စမ်းရေ အလုပ်ရသည့် အထိမ်းအမှတ်ဖြင့် Restaurant တစ်ခုမှာ ညစာထွက်စားရင်း celebrate လုပ်ကြလေသည်။ ဆိုင်ကလေးထဲသို့ သူမတို့သုံးယောက် ဝင်လာကတည်းက မျက်လုံးများစွာ၏ အာရုံစူးစိုက်မှုသည် စမ်းရေတို့ဆီမှာသာ ကျရောက်လာတော့သည်။ တကယ်တော့ ဟိုအဖြစ်သည် ထူးတော့ မထူးဆန်းပါ။ စမ်းရေနှင့် ဆည်းလည်း နှစ်ယောက်သား ဘယ်ပဲသွားသွား လူတကာ၏ သမင်လည်ပြန် လှည့်ငေးကြည့်ခြင်းကို ခံရမြဲ





ဖြစ်သည်။ သူမတို့နှစ်ယောက်၏ အလှက လူအများကြီးကြားထဲမှာတောင် ထူးခြားထင်ပေါ်ကာ ဆွဲဆောင်နိုင်စွမ်းရှိလွန်းလှသော အလှမျိုးဖြစ်သည်။ ထိုအလှအပတွေကို ဖေဖေရော မေမေ့ဆီကပါ စမ်းရေတို့ အမွေရခဲ့ခြင်း ဖြစ်သည်။ ဖေဖေရော မေမေပါ နှစ်ယောက်စလုံး ချောမောလှပသူများဖြစ်လေသည်။

အဲဒီလို လူတကာ၏ မက်မောစုံမက်စွာ ဝိုင်းငေးကြည့်ခြင်း ခံရတာကို ဆည်းလည်းက ဆယ်ကျော်သက် အပျိုဖြန်းကလေးပီပီ သဘောကျ ဂုဏ်ယူတတ်မြဲ။ စမ်းရေကတော့ ယောကျ်ားတွေ၏ စွဲလမ်းတပ်မက်တတ်သော မျက်လုံးတွေကို ခံနိုင်ရည်ရှိလောက်အောင် တည်ငြိမ်ရင့်ကျက်ခဲ့ပြီ။ တကယ်တော့လည်း စမ်းရေရဲ့ အသက်ဟာ သိပ်ကြီးလှသည် မဟုတ်သေး။ စမ်းရေသည် အခုမှ ၂၄-နှစ်ပြည့်ပြီးရုံသာ ရှိသေးသည်။ သို့သော် . . . သဘာဝတရားနှင့် ကံကြမ္မာက စမ်းရေကို ကိုယ့်အသက်ထက် ပို၍ ရင့်ကျက်တည်ငြိမ်အောင် ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည်။ စမ်းရေမှာ ပြုံစုပျိုးထောင် မြေတောင်မြှောက်ပေးရမည့် ညီမလေးအပြင် အခုဆို မောင်ကလေးတစ်ယောက်ပါ ရှိနေခဲ့ပြီမို့ စမ်းရေသည် နှလုံးသား၏ အလိုဆန္ဒကို လိုက်လျောသာယာဖို့ စိတ်မကူးနိုင်အားသေးချေ။ ပြီးတော့ စမ်းရေ၏ နှလုံးသားကို လျှော်ပြင်းပြင်းခါသလို ဆွဲခါလှုပ်ရမ်းနိုင်မည့် ယောကျ်ားမျိုးလည်း မပေါ်ပေါက်သေးတာဖြစ်မည်။

"မကြီးနဲ့ မလေးကို လူတွေ ဝိုင်းကြည့်လှချည်လား၊ အဲဒီလူတွေက ဘာဖြစ်လို့ အဲဒီလောက်တောင် မျက်လုံးတွေ ကျွတ်ကျမတတ် လိုက်ကြည့်နေရတာတုန်း၊ ကျွန်တော် စိတ်တိုလာပြီ၊ မကြီးနဲ့ မလေးကို မင်းသမီးတွေများ မှတ်နေသလား မသိဘူး"

ဂီတက ယောကျ်ားကလေးပီပီ အစ်မတွေကို အငမ်းမရ ငေးမောလျက် တီးတိုးစကားတွေ ခပ်တိုးတိုးဆိုရင်း ပြုံးရယ်နေကြသော သကောင့်သားတွေကို မကျေမနပ်ဖြင့်





ဖြူငြူစူစူ မလိုတမာ ပြောလေသည်။

ဆည်းလည်းက . . .

"အဲဒါ ဘာဖြစ်သလဲ၊ ငါတို့ လှလို့ သူတို့ ကြည့်တာပေါ့၊ ကြည့်တာများ အသားပဲ့ပါသွားတာ မှတ်လို့၊ နင်က ဘာဖြစ်လို့ ကြားကနေဝင်ပြီး မနာလိုဝန်တို ဖြစ်နေရတာလဲ၊ နင့်ကိုတော့ ဘယ်ကြည့်မလဲ၊ နင်က ချာတိတ်ပဲ ရှိသေးတာ"

ဟု . . . နှုတ်ခမ်းကလေးကို မဲ့ကာ ဂီတ မခံချင်အောင် ပြောလေသည်။

ဂီတ၏မျက်နှာမှာ မှုန်ကုပ်ကုပ် ရှုဘင်းတင်းဖြစ်နေလျက် စမ်းရေနှင့် ဆည်းလည်းကို လျှို့ဝှက်ချိုမြိန်သော မျက်ဝန်းများဖြင့် ငေးကြည့်သမျှ ယောကျ်ားတိုင်းကို မျက်စောင်းတချီချီဖြင့် စူပုပ်ပုပ် ရန်လိုငြူစူလျက်ရှိသည်။

စမ်းရေတို့သုံးယောက်က စားပွဲတစ်ခုမှာ နေရာယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဂီတ ဘာမှ အူတိုမနေနဲ့၊ သူတို့လည်း မကြီးတို့ကို ငေးကြည့်ရုံကလွဲပြီး ဘာမှ တတ်နိုင်တာ မဟုတ်ဘူး၊ မှာစရာရှိတာကိုသာ မှာ၊ ဘာစားချင်လဲ၊ စားချင်တာ စိတ်ကြိုက်မှာ၊ ပိုက်ဆံကုန်မှာကို လုံးဝ မပူနဲ့"

"မပူပေါင် မပူပေါင် . . . မကြီး အလုပ်ရပြီဆိုတော့ ဆည်းလည်းအတွက် လိုချင်တာတွေ ပူဆာလို့ ရပြီပေါ့၊ ဆည်းလည်း တကယ်ကံကောင်းတယ်နော်၊ ဆေးကျောင်းတက်ခါနီးမှ မကြီး အလုပ်ရတော့ ဆည်းလည်းမှာ ဝယ်ချင်တာတွေ အများကြီးပဲ၊ စာရင်းလုပ်ထားတယ်၊ တစ်ရက်ကျမှ မကြီး ဆည်းလည်းအတွက် လိုက်ဝယ်ပေးနော်၊ ကျောင်းက တက်ရတော့မှာ"

"စိတ်ချပါ ဆည်းလည်းရယ်၊ ကြိုက်တာသာဝယ်၊ အခု မကြီးရမဲ့ လခက မဆိုးဘူး၊ မကြီး မျှော်လင့်ထားတာထက် အများကြီးပိုတယ်၊ အလုပ်ကလည်း ဘာမှ ထူးထူးထွေထွေ ပင် ပန်းပန်းကြီး လုပ်ရမှာ မဟုတ်ဘူး၊ ဈ-





နှစ်အရွယ် အမွှာကလေးနှစ်ယောက်ကို ထိန်းရုံပဲ၊ ကလေးနှစ်ယောက်က မျောက်ရှုံးအောင်ဆော့ အဆော့သန်တယ်၊ သူတို့ကို ကျောင်းပို့ပေးရုံ၊ သူတို့ရဲ့ Homeworks တွေ ကူလုပ်ပေးရုံ၊ စာပြပေးရုံလောက်ပဲ၊ မကြီးကို အလုပ်ခန့်တဲ့ အလုပ်ရှင်အစ်မကြီးက သိပ်လှတာပဲ၊ တကယ့်ကို အပျိုစား၊ အမိုက်စား ဟော့ရှော့ပဲ၊ သူတို့ တော်တော်လည်း ချမ်းသာပုံရတယ်၊ ခြံကြီးကလည်း အကျယ်ကြီးပဲ၊ တိုက်ကြီးကလည်း ရဲတိုက်ကြီးတစ်ခုလို ဟီးနေတာပဲ၊ ကားက သုံးစီးတောင် ရှိတာ၊ မကြီးကို ကလေးတွေ ကြို/ပို့ လုပ်ပေးဖို့ ကားတစ်စီး သက်သက်ပေးထားမယ်တဲ့ . . ."

စမ်းရေပြောပြသမျှကို ဆည်းလည်းက အရောင်တလက်လက် ရွှန်းဖြာနေသော မျက်ဝန်းတောက်တောက်ကလေးများဖြင့် စိတ်ဝင်တစား ငေးမောနားထောင်နေသည်။ ဆည်းလည်း၏အကျင့်မှာ ငယ်ငယ်ကလေးထဲက အဲဒီလို ချမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသာ ကြွယ်ကြွယ်ဝဝရှိသော စည်းစိမ်အပြည့် ခံစားတတ်သော လူတွေအကြောင်း ပြောပြလျှင် မြိန်ရေရှက်ရေနား ထောင်တတ်မြဲတည်း။ ဆည်းလည်းကိုယ်တိုင်လည်း ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေချင်သူကလေး ဖြစ်ခဲ့သည်။ သို့သော် ဆည်းလည်း၏ဆန္ဒ မပြည့်ဝနိုင်ခဲ့။ ဖေဖေရော မေမေပါ စမ်းရေနှင့် ဆည်းလည်းကို လိုတရနေအောင် အပြည့်အဝ အလျှံပယ် မထားနိုင်ခဲ့ပါ။ စမ်းရေတို့သည် ချမ်းချမ်းသာသာကြီး မဟုတ်လှ။ တင့်တောင့်တင့်တယ် နေနိုင်စားနိုင်ရုံ အဆင့်လောက်သာ ရှိခဲ့သည်။ မေမေဆုံးသွားပြီးချိန်မှာ စမ်းရေတို့၏ စီးပွားရေးက ကျပ်တည်းသည့်ဘက်သို့တောင် ယိမ်းယိုင်ခဲ့သည်။ ဖေဖေတစ်ယောက်တည်း၏ ဝင်ငွေဖြင့် စမ်းရေရော ဆည်းလည်းပါ ကျောင်းတက်ခဲ့ရသည်ဖြစ်ရာ ကျောင်းစရိတ်၊ စားစရိတ် အိမ်အသုံးစရိတ်များဖြင့် ဖေဖေ့ခမျာ တစ်ယောက်တည်း ချာချာလည်ခဲ့ရှာသည်။ အဲဒါနှင့် ဘောင် မေမေ့ကွယ်ရာမှာ တိတ်တဆိတ် အိမ်ထောင်တစ်ခု





ဖေဖေ ခိုးကြောင်ခိုးဝှက် ထားနိုင်ခဲ့သေးတာ အံ့ဩစရာပင်။ ဖေဖေ ဆုံးသွားတဲ့ အချိန်မှာတော့ အိမ်တစ်အိမ်လုံး၏ တာဝန်ဝတ္တရား မှန်သမျှသည် စမ်းရေအပေါ်မှာ စုပြုံကျရောက်ခဲ့တော့သည်။ အဲဒီအတွက် စမ်းရေသည် တစ်စက်ကလေးမှ ပူပန်သောက မရောက်ချေ။ ဖြစ်လာသမျှ လောကဓံကို စမ်းရေက အားမန်အပြည့်ဖြင့် ရင်ဆိုင်ဖို့ အဆင်သင့်။ စမ်းရေသည် လောကကြီးကိုလည်း မကျေမနပ် မဖြစ်ချေ။ ဖေဖေ ချန်ရစ်ထားခဲ့သော မောင်ကလေးအပေါ်မှာလည်း မလိုလားခြင်း၊ ငြူစူခြင်းမျိုး မဖြစ်။ သူကလေးကို တစ်နေ့တခြား သံယောဇဉ်ပင် ငြိတွယ်လာခဲ့သည်။ အဲဒါ စမ်းရေရဲ့ မောင်ကလေးပဲ ဟူသော အတွေးကို တွေးလိုက်မိတိုင်း ရင်ထဲမှာ နွေးထွေးပီတိဖြာဝေသွားတတ်မြဲ။ ဆည်းလည်း,လည်း ပြောမဲ့သာ ပြောနေတာပါ။ ဂီတအပေါ်မှာ တကျက်ကျက်နှင့် တွေ့လိုက်တိုင်း ကြည့်မရသလို ရန်ဖြစ်နေတတ်သော်လည်း ဂီတအပေါ်မှာ မောင်ကလေးတစ်ယောက်ဟူသော–အသိကို



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်း လက်ခံစ ပြုခဲ့ပြီဖြစ်ကြောင်း စမ်းရေ ခံစားမိပါသည်။

ဆည်းလည်း ဦးဆောင်ပြီး မှာခဲ့သော ဟင်းလျာတွေကို မောင်နှမသုံးယောက်သား အားပါးတရ စားကြသည်ကို စမ်းရေမှာ ပီတိဖြာရသည်။ ဒီညီမလေးနှင့် မောင်ကလေးအတွက် စမ်းရေ့ အတတ်နိုင်ဆုံး ဖြည့်ဆည်း အလိုလိုက်ပေးချင်ပါသည်။ များသောအားဖြင့် စမ်းရေတို့မှာ Restaurant သို့ တစ်လတစ်ခါ ပုံမှန် မရောက်နိုင်ချေ။ အခုလို ထူးထူးခြားခြား celebrate လုပ်သည့် အခါမျိုးမှသာ Restaurant မှာ စားရခြင်းဖြစ်သည်။ ဂီတဆို ခေါင်းပင် မဖော်ချေ။ ဆည်းလည်းမှာသော ဟင်းတွေကလည်း အပျံစား။ ဘယ်လောက်ကုန်မည်ဆိုတာကို စမ်းရေကလည်း မတွက်ချေ။ ဘယ်လောက်ဖိုးကုန်ကုန် ညီမလေးနှင့် မောင်လေး အားပါးတရ မြိန်ရေရှက်ရေ စားနေတာကို မြင်ရရုံဖြင့်ပင် စမ်းရေ ကြည်နူးလို့မဆုံး။ နောက်ဆို လခပုံမှန်ဝင်နေပြီမို့ တစ်လတစ်ခါတော့





ညီမလေးနှင့် မောင်လေးကို Restaurant မှာ ကျွေးမှပါဟု စိတ်ကူးမိ၏။

အားပါးတရ တနင့်တပိုး စားပြီးသွားချိန်မှာ ဆည်းလည်းနှင့်ဂီတ၏ မျက်နှာကလေးတွေပေါ်မှာ ကျေနပ်ပြီးပြည့်စုံသွားသော အရိပ်ကလေးတွေ ပေါ်လာ၏။

"စားလို့သိပ်ကောင်းတယ် မကြီးရယ်၊ နောက်လည်း အမြဲ လိုက်ကျွေးနော်၊ ဆည်းလည်းက တစ်နေ့တစ်နေ့ အိမ်မှာပဲ ချက်စားရတာကို ငြီးငွေ့လှပြီ၊ အခုလို အပြင်ထွက်ပြီး ဆိုင်တွေမှာ ကောင်းကောင်းစားချင်တာ"

"ကျွေးမှာပေါ့ ဆည်းလည်းရယ်၊ အခုလေးပဲ မကြီးစိတ်ထဲမှာ စိတ်ကူးနေတာ၊ နောက်ဆို လခလည်း ပုံမှန်ရပြီဆိုတော့ ဆည်းလည်းနဲ့ ဂီတကို တစ်လတစ်ခါ လခထုတ်ပြီးတိုင်း မကြီး ပုံမှန်လိုက်ကျွေးမယ်၊ ကြိုက်တဲ့ဆိုင်မှာသာ စား . . . ဟုတ်ပြီလား"

"မလေးကလည်း ဆိုင်မှာ တစ်ခါတစ်ခါ စားရင် မကြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေ အရမ်းကုန်မှာပေါ့၊ အခုတောင် တစ်သောင်းကျော်ကျော်တော့ ကုန်လိမ့်မယ်ထင်တယ်"

ဂီတက မျက်ခုံးကလေး ရှုံ့ကာ ခပ်တိုးတိုး ပြောလျှင် ဆည်းလည်းက ဂီတကို ဆတ်ခနဲ မျက်စောင်းလှည့်ထိုး၏။

"အံမယ် ... မကြီး ကုန်မှာစိုးရင် နင် မစားဘဲနေပေါ့၊ ခုနကဖြင့် စားလိုက်တာ တစ်ဖြုန်းဖြုန်း၊ ခေါင်းတောင် မဖော်ဘူး၊ အခုမှ မျက်နှာလို မျက်နှာရနဲ့ အပိုတွေ ပြောမနေစမ်းနဲ့၊ နင်ငတ်တာ ငါ အသိဆုံး သိလား ဂီတ"

ဟု ... ပြန်ပက်လေသည်။

ဂီတက သူ့ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်ကော့ကာ မထီတရီ ပြုံးနေလေသည်။

"ကဲ ကဲ ... အဲဒီ ကြောင်နဲ့ကြွက်ကလည်း တစ်မျိုး၊ တစ်ချိန်လုံး ရန်ဖြစ်နေတာပဲ၊ မကြီးတို့ ပြန်ကြရင်





ကောင်းမယ်နော်၊ တော်ကြာ သိပ် မိုးချုပ်နေမယ်"

စမ်းရေက ပြောရင်း စားပွဲထိုးကလေးကို ဘေ(လ်)တောင်းဖို့ လှမ်းခေါ်လိုက်သည်။ စားပွဲထိုးကလေးက ပြုံးစိစိ မျက်နှာပေးဖြင့် ချဉ်းကပ်လာကာ ...

"အစ်မတို့ စားသမျှဝိုင်းအတွက် ဟိုဘက်စားပွဲမှာ ထိုင်နေတဲ့ အစ်ကိုက ရှင်းပေးမယ်လို့ ပြောထားပါတယ် အစ်မ"

ဟု ... ပြောလိုက်လျှင် စမ်းရေသည် နားထဲတွင် ပူခနဲဖြစ်ကာ ဒေါသက ထောင်းခနဲ ထသွား၏။ အဲဒါ ဘာအဓိပ္ပာယ်လဲ။ ဘာသဘောပါလိမ့် ...။ စမ်းရေက စားပွဲထိုးကလေး ညွှန်ပြသော တစ်ဖက်စားပွဲဆီသို့ ဒေါသတကြီး လှမ်းကြည့်လိုက်မိတော့ ထိုစားပွဲမှာ အသက် ၃၀အရွယ် ယောကျ်ားနှစ်ယောက်က စမ်းရေဆီသို့ ချိုမြသော အပြုံးသဲ့သဲ့ဖြင့် လှမ်းကြည့်နေလျက် လက်လှမ်းပြလေသည်။ စမ်းရေ မျက်နှာတစ်ခုလုံး ထူပူယောင်အမ်းသွားသလို ခံစားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ လူကို ဘာများ မှတ်နေသလဲဆိုသော ဒေါသဖြင့် စမ်းရေက ထိုနေရာမှ ဝုန်းခနဲထကာ ထိုစားပွဲဆီသို့ ခပ်ဆတ်ဆတ် လျှောက်သွားလိုက်သည်။ စမ်းရေ၏ မျက်နှာထားမှာ ခက်ထန်တင်းမာနေမှာ သေချာပါသည်။ စမ်းရေသည် လက်သီးနှစ်ဖက်ကို ခပ်ကျစ်ကျစ် ဆုပ်ထားရင်း ထိုစားပွဲဘေးမှာ ရပ်လိုက်သည်။

"နေစမ်းပါဦး . . . အဲဒါက ဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ရှင်တို့ ကျွန်မကို ဘယ်လို မိန်းမစားမျိုးများ မှတ်နေသလဲ၊ ကျွန်မတို့စားတာကို ရှင်တို့က ရှင်းပေးရအောင် ရှင်တို့နဲ့ ကျွန်မ ဘာပတ်သက်လို့လဲ၊ ဘယ်တုန်းက သိဖူးလို့လဲ၊ ဘာဆိုင်လို့လဲ . . ."

"မဟုတ်ပါဘူးကွယ် . . .၊ ကိုယ်တို့က မင်းနဲ့ မိတ်ဆွေဖြစ်ချင်လို့ပါ"

"ဘာမိတ်ဆွေ ဖြစ်ချင်တာလဲ၊ ဘာမိတ်ဆွေမှ ဖြစ်စရာမလိုဘူး၊ ကျွန်မတို့ စားတာကို ကျွန်မဘာသာ ရှင်းမယ်၊





ရှင်တို့ ရှင်းစရာလည်း မလိုဘူး၊ ရှင်တို့ကိုယ် ရှင်တို့ဘာတွေများ မှတ်နေသလဲ၊ အဲဒီလောက် ပိုက်ဆံတွေပေါနေရင်လည်း တကယ်လိုအပ်နေတဲ့ သိပ်ဆင်းရဲတော့်မှတ်နေတဲ့ ကလေးတွေကို သွားကျွေးပါလား"

စမ်းရေက ဆတ်ဆတ်ထိမခံသော လေသံမျိုးဖြင့် အသံကို တတ်နိုင်သမျှ ထိန်းချုပ်ကာ ခပ်တိုးတိုး ပြောသော်လည်း ဘေးစားပွဲတွေက ကြားနေပုံရကာ စမ်းရေတို့ဆီ ဝိုင်းကြည့်နေကြသည်။ ဆည်းလည်းကတော့ ရှက်နေပုံရကာ စမ်းရေနောက်သို့ လိုက်မလာချေ။ ဂီတကသာ ဒေါကြီးမောကြီးနှင့် ရောက်လာပြီး ထိုလူနှစ်ယောက်ကို အံတကြိတ်ကြိတ်ဖြင့် ဒေါသတကြီး စိုက်ကြည့်နေ၏။

"ခင်ဗျားတို့ ကျွန်တော့်အစ်မကို ဘာထင်နေသလဲ၊ သတ္တိရှိရင် ခင်ဗျားတို့နှစ်ယောက် ဆိုင်အပြင်ကို ထွက်လိုက်"

ဟု . . . အရွယ်ကလေးနှင့်မလိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီး စိတ်ဆိုးလျက် ထိုးမယ်တကဲကဲ ရှိရာ စမ်းရေက ပင် ဂီတကို ဆွဲထားရသည်။ ထိုလူနှစ်ယောက်၏ ပုံစံမှာ ပိုက်ဆံတွေ ပေါတိုင်း သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်း ဖြုန်း နေကာ မိန်းကလေးတွေကို အဲဒီလိုနည်းနဲ့ ချဉ်းကပ်ပြီး ရိသဲ့သဲ့ လုပ်နေကျ လူစားမျိုးတွေ ထင်ပါရဲ့။ စမ်းရေက ဆတ်ဆတ်ထိ မခံ ရန်လာတွေ့နေသောအခါ သူတို့နှစ်ယောက်မှာ အရှက် တွေကွဲလျက် မျက်နှာကြီးတွေ ဟိုဘက်လှည့်ပြီး မသိချင်ဟန် ဆောင်နေတော့သည်။

စမ်းရေက ပြောချင်တာ ပြောပြီးပြီမို့ ဂီတကို ဆွဲခေါ်ကာ ကိုယ့်စားပွဲဆီ ပြန်လာခဲ့သည်။ ဒေါသကြောင့် စမ်းရေတစ်ကိုယ်လုံး အသားတဆတ်ဆတ် တုန်နေလေသည်။ ဆည်းလည်းက . . .

"မကြီးကလည်း ဘာဖြစ်လို့ အဲဒီလို သွားရန်တွေ့ရတာ တုန်း၊ ရှက်စရာကြီး . . .၊ လူတွေအားလုံး ဝိုင်းကြည့် နေတာ၊ သူတို့ပါသာ သူတို့ ဘာပဲပြောပြော မသိချင်





ဟန်ဆောင်ပြီး ကိုယ်စားတာ ကိုယ်ရှင်းခဲ့ရင် ပြီးတာပဲ ဥစ္စာ၊ ဘာဖြစ်လို့ ရန်သွားတွေ့နေရတာလဲ၊ ရှက်ဖို့ ကောင်းလိုက်တာ"

ဟာ . . . မျက်ခုံးကလေးရှုံ့ပြီး ခပ်တိုးတိုး အပြစ် တင်လေသည်။ စမ်းရေက ဆည်းလည်းကို မျက်လုံးကလေးပြူး ကာ ကြည့်ရင်း . . .

"ဩော် . . . မကြီးက ဘာမှ မပြောဘဲ နေရမယ် ဟုတ်လား၊ အဲဒါ မကြီးတို့ကို စော်ကားတာ ဆည်း လည်းရဲ့၊ မကြီးတို့စားတာကို သူတို့က ရှင်းပေးမယ်ဆို တဲ့ သဘောက ဘာအဓိပ္ပာယ် သက်ရောက်သွားသလဲ၊ အဲဒီလို ယောကျ်ားတွေက ရိသဲ့သဲ့နဲ့ စော်ကားလာတိုင်း ဘယ်တော့မှ ငုံ့ခံနေစရာ မလိုဘူး၊ ဆတ်ဆတ်ထိမခံကို တုံ့ပြန်ပစ်ရမယ်၊ ဒါမှ သူတို့ နောက်ဆို အကဲမစမ်းရဲ မှာ၊ ဒါ ဘာမှ ရှက်နေစရာမလိုဘူး ဆည်းလည်း၊ မကြီး တို့မှာ မိန်းကလေးတွေနဲ့ လူမမယ် ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ပါတယ်ဆိုပြီး သူတို့ သွေးတိုးစမ်းကြည့်တာ၊ မကြီးတို့သာ ငြိမ်ခံသွားရင် သူတို့ အတင့်ရဲပြီး အနောက်က လိုက်လာမှာပေါ့၊ ဆည်းလည်းက ဘာကို ရှက်နေတာလဲ၊ အမှန်တရားကို ရင်ဆိုင်တုံ့ပြန်တဲ့နေရာမှာ ဘယ်သူ့ကိုမှ ရှက်နေစရာမလိုဘူး"

"အေးလေ . . . မလေးကလည်း ဒါ ရှက်စရာမှ မဟုတ်တာ၊ ကျွန်တော်က အရှယ်မတူလို့ ကြည့်နေတာ၊ ရွယ်တူချင်းသာဆို လက်သီးနဲ့ ထိုးပစ်ပြီးပြီ"

ဂီတက အခုချိန်ထိ ဒေါသပြေပုံ မရသေး။ စမ်းရေက စားပွဲထိုးကလေးကို . . .

"အစ်မတို့စားတာ အစ်မတို့ဘာသာ ရှင်းမယ်၊ ဘယ်သူ ရှင်းတာကိုမှ လက်မခံဘူး၊ အခုချက်ချင်း ဘေ(လ်) သွားယူခဲ့ပါ"

ဟု . . . ခပ်ဆတ်ဆတ် ခပ်မာမာကလေး ပြောပစ်လိုက်သည်။ စားပွဲထိုးကလေးက ခပ်သုတ်သုတ်ကလေးဖြင့်





ဘေ(လ်)ယူလာ၏။ ဘေ(လ်)ရှင်းပေးပြီးသောအခါ စမ်းရေတို့ သုံးယောက် Restaurant ထဲမှ ထွက်လာခဲ့ကြသည်။ လူတွေ အားလုံး စမ်းရေတို့၏ အဖြစ်အပျက်ကို တီးတိုးဝေဖန်သုံးသပ်၍ ကျန်ရစ်ခဲ့မှာ မလွဲချေ။ Taxi ငှားပြီး သုံးယောက်သား အိမ်သို့ ပြန်လာခဲ့ကြသည်။ လမ်းမှာ တစ်ယောက်မှ စကား မပြောကြဘဲ ငြိမ်သက်တိတ်ဆိတ်လျက် ကိုယ့်အတွေးဖြင့် ကိုယ် ရှိကြ၏။ စမ်းရေက ခုနတုန်းက မခံချင်စိတ်ဖြင့် ဆည်းလည်းကို ဆူလိုက်မိသလို ဖြစ်ခဲ့သောကြောင့် ဆည်းလည်း၏ ဆံပင်ကလေးတွေကို ပွတ်သပ်ချော့မြူကာ ပြန်၍ ချော့ရလေသည်။

"ဆည်းလည်းမှတ်ထား၊ နောက်ဆို ယောကျ်ားတစ်ယောက်ယောက်က ကိုယ်စားတာအတွက် ရှင်းပေးပါရစေဆိုပြီး ချဉ်းကပ်လာရင် ဘယ်တော့မှ လက်မခံနဲ့၊ အဲဒီ နေရာမျိုးမှာကျတော့ ဆည်းလည်းရဲ့ မာနတွေ ဘယ်ရောက်သွားသလဲ၊ ကိုယ်စားတာကို ကိုယ်ပဲ တာဝန်ယူရမှာပေါ့၊ ဘယ်သူကမှ လာရှင်းပေးစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး၊ ဘယ်တော့မှ အဲဒါကို မခံနဲ့ ကြားလား၊ နောက်ဆို ဆည်းလည်းက ဆေးကျောင်းတောင် တက်တော့မှာ၊ မကြီးရဲ့ နောက်ကွယ်မှာ ဆည်းလည်းကို ပိုးပန်းမဲ့၊ ချဉ်းကပ်မဲ့ ယောကျ်ားတွေ တစ်ပုံကြီး ပေါ်လာတော့မှာ၊ အဲဒီအခါကျရင် ဆည်းလည်းဘက်က လိမ္မာပါးနပ်စွာနဲ့ တုံ့ပြန်တတ်ရမယ်၊ မကြီးပြောတာ နားလည်ရဲ့လား၊ ဆည်းလည်းကို မကြီး ဘယ်တော့မှ စိတ်မချဘူး၊ ဆည်းလည်းအတွက် အမြဲတမ်း စိတ်ပူမိတယ်၊ မကြီးရဲ့ ညီမလေးက ရုပ်ကလေးကလည်း အရမ်းချောပြီး ပညာကလည်း သိပ်တော်တော့ လိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာ၊ အဲဒီအခါကျရင် ဆည်းလည်း ဆုံးဖြတ်ချက် တစ်ခုခု မှားယွင်းသွားမှာ မကြီး သိပ်စိုးရိမ်တာပဲ၊ မကြီး တစ်ခုပြောထားဦးမယ်၊ နောက်ဆို ဆည်းလည်း ဆေးကျောင်းတက်ရတဲ့အခါ ဘာပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ဆည်းလည်း ရင်ဆိုင်ရသမျှ အဖြစ်အပျက်တွေကို





မကြီးကို ဘယ်တော့မှ လျှို့ဝှက် မထားကြေးနော်၊ တစ်ခွန်းမကျန် အားလုံး ပြန်ပြောပြရမယ်၊ မကြီး မသိဘဲ ဆည်းလည်းဆန္ဒနဲ့ ဘယ်တော့မှ မဆုံးဖြတ်နဲ့ . . . ကြားလား"

"အင်းပါ . . . မကြီးကလည်း၊ တကထဲမှပဲ၊ ခုနက စားထားတဲ့ အရသာတွေတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ တော်ပါတော့ . . . အဲဒီကိစ္စကို ဆက်မပြောပါနဲ့တော့၊ အဲဒီ ဂီတတစ်ယောက်ကလည်း ယောကျ်ားလေးဖြစ်ပြီး စွာလိုက်တာ လွန်ရော၊ သူ့ကိုယ်သူ ဟာကျူလီများ မှတ်နေသလား မသိဘူး၊ လူကလေး ကြည့်တော့ လက်တောက်လောက်နဲ့ သူကများ ဟိုလူ နှစ်ယောက်ကို ထိုးချင်သေးသတဲ့၊ ရယ်ရတယ်၊ ဟိုက နင့်ကို တစ်ချက် ဆွဲမွှေ့ယမ်းလိုက်တာနဲ့ နင် တစ်စစီ ဖြစ်သွားမယ် . . . သိလား၊ နေရာတကာ လိုက်ပါ မနေနဲ့၊ နင့်ကိုယ်နင် ဘာများမှတ်နေလဲ၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



များ သတ္တိရှိလို့လဲ"

ဆည်းလည်းက ဂီတာဘက်သို့ လှည့်၍ မဲလေသည်။ ဂီတက . . .

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော့်အစ်မတွေကို ထိလာရင် တတ်နိုင်သမျှ တုံ့ပြန်မှာပဲ၊ ကျွန်တော် သတ္တိဘယ်လောက်ရှိသလဲ မလေး ဘယ်သိမလဲ၊ သိချင်ရင် စမ်းကြည့်ပါလား"

ဟု . . . တစ်ခွန်းမခံ ပြန်ပြောလေသည်။ ကားပေါ်မှာ ဆည်းလည်းနှင့် ဂီတ၏ တစ်ယောက်တစ်ခွန်း စကားနိုင်လုသံဖြင့် ဆူညံလျက်ရှိသည်။ စမ်းရေက မျက်လုံးတွေကို စုံမှိတ်ထားလိုက်လေသည်။ မနက်ဖြန် အလုပ် စဆင်းရမည်ဖြစ်သည့်အတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရဦးမည်။







အခန်း . . . ၃

နောက်တစ်နေ့ မနက်အစောကြီးကတည်းက စမ်းရေမှာ အလုပ်သွားဖို့ ပြင်ဆင်ရလေသည်။ ဆည်းလည်းနှင့် ဂီတကို စိတ်မချနိုင် နောက်ဆံတင်းနေသဖြင့် တဖွဖွနှင့် အမှာစကားပြော၍ မဆုံးနိုင်ချေ။ သူမပုံစံကို ကြည့်ကာ ဆည်းလည်းက ပခုံးကလေးတွန့်လျက် တခစ်ခစ် ရယ်မောလေသည်။ ဂီတရဲ့ မျက်နှာကလေးကလည်း ပြုံးစိစိ။

"စိတ်ချလက်ချသာ သွားပါ မကြီးရယ်၊ ဒီကောင်လေးကို ဆည်းလည်း ကြည့်ထိန်းထားလိုက်မယ်၊ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ လုပ်လို့ကတော့ ခေါင်းမှာ အာလူးသီး ထွက်ပြီသာ မှတ် . . ."

ဆည်းလည်းက ခပ်ကျောကျောကလေး ပြောလျှင် ဂီတက သူ့ မူပိုင်ဟန်အတိုင်း နှုတ်ခမ်းကလေး ကော့ကာ ပြုံးလျက် ဆည်းလည်းကို ဘာမှ ပြန်မပြောဘဲ မထီတရီကလေးသာ ပြုံး၍ ကြည့်လေသည်။ စမ်းရေ မရှိလျှင် သူတို့နှစ်ယောက် ထိန်းမနိုင်သိမ်းမရ တကျက်ကျက် ရန်ဖြစ်နေကြမှာကို စမ်းရေက နောက်ဆံတင်းလျက် ရှိသည်။ သို့သော် မထားခဲ့လို့လည်း မရချေ။ အခုအချိန်မှာ ဆည်းလည်းက လည်း ဆေးကျောင်းမတက်ရသေးသလို ဂီတကလည်း ကျောင်းပြန်တက်ဖို့ [illegible]ာက်ကျိုးနေပြီမို့ နောက်နှစ်အစမှာ ပြန်တက်ရမည်။ သူတို့နှစ်ယောက် ကျောင်းတွေကိုယ်စီ မတက်ရမချင်း အိမ်မှာပဲ မတည့်အတူနေ ရှိနေကြရဦးမည်။

"ကဲ . . . မကြီးသွားပြီနော်၊ ဒီနေ့ ပထမဆုံးနေ့ အလုပ်ဆင်းရမှာဆိုတော့ နောက်ကျလို့ မဖြစ်ဘူး၊ ဒီနေ့ နေ့





လယ်စာကို မကြီး ပြန်မစားတော့ဘူး၊ ဆည်းလည်းနဲ့ ဂီတပဲ စားလိုက်ကြတော့နော်၊ ရန်လည်း ဖြစ်မနေကြနဲ့ဦးနော်၊ အဲဒါကို အတန်တန် မှာထားပါရဲ့၊ မကြီး အချိန်ရရင် ရသလို ဖုန်းလှမ်းဆက်ပြီး စစ်ဆေးမယ်နော်၊ ရန်ဖြစ်နေရင်တော့ မလွယ်ဘူးမှတ် . . ."

"ကဲ . . . ကဲ၊ ဒီနေ့အဖို့ အိမ်က ထွက်ဦးမှာလား၊ သွားပါတော့ ဆိုနေမှ"

ဆည်းလည်းက စမ်းရေ၏ နောက်ကျောကို လက်ကလေးနှစ်ဖက်နှင့် အသာအယာ တွန်းလွှတ်လေသည်။ စမ်းရေက သူတို့နှစ်ယောက်ကို စိတ်မချ လက်မချဖြင့်ပင် အိမ်မှ ထွက်ခဲ့ရသည်။

စမ်းရေ၏ အလုပ်မှာ လွယ်လွယ်ကလေးဟု ထင်ရပေမဲ့ တကယ်တမ်းမှာ အတော် ခက်ခဲနက်နဲလှကြောင်း ပထမဆုံးနေ့မှာပင် စမ်းရေက မှတ်မှတ်သားသား ပညာရလိုက်သည်။ အဲဒီ အမွှာကလေးနှစ်ယောက်ကို ထိန်းရတာ

www.burmeseclassic.com



ဘယ်လိုမှ မလွယ်ချေ။ နှစ်ယောက်စလုံးက မယုံနိုင်လောက်အောင်ပင် မျောက်ရှုံးအောင် အဆော့သန်သူတွေ ဖြစ်သည်။ စမ်းရေ ထိုအိမ်သို့ ရောက်လျှင်ရောက်ချင်း ကလေးနှစ်ယောက်ကို ကျောင်းသွားဖို့အတွက် စတင်၍ ပြင်ဆင်ပေးရသည်။ ထိုကလေးနှစ်ယောက်ကို ရေမိုးချိုး အဝတ်အစားလဲပေးရ၊ စာအုပ်တွေကို အချိန်ဇယားနှင့် ကိုက်ပြီး ထည့်ပေးရ၊ ထမင်းဘူး ပြင်ဆင်ပေးရ . . . စသော တာဝန်တွေအားလုံးကို စမ်းရေကိုယ်တိုင် လုပ်ပေးရခြင်းဖြစ်သည်။ ကလေးတွေရဲ့ အဖေက ဆေးရုံသို့သွားပြီ။ ကလေးတွေရဲ့ မေမေ ဒေါ်သံသာချိုကလည်း သူမရဲ့ စိန်ဆိုင်ကို သွားဖို့ ကြော့နေအောင် ပြင်ဆင်လျက် ရှိသည်။ ကလေးနှစ်ယောက်က သူမတစ်ယောက်လုံး ချာချာလည်အောင် ရှုန်းကန်ပြေးလွှားဆော့ကစားနေသောကြောင့် ထိုနှစ်ယောက်ကို ချော့မော့တစ်လှည့်၊ ခြိမ်းခြောက်တစ်လှည့်ဖြင့် အားလုံး ပြင်ဆင်ပြီးချိန်တွင် စမ်းရေမှာ ဖတ်ဖတ်မောနေပြီ။





"မမရေ . . . အားလုံးတော့ အဆင်သင့်ဖြစ်ပြီ၊ ကလေးတွေကို ကျောင်းလိုက်ပို့လိုက်တော့မယ်နော်"

"အိုကေ . . . စမ်းရေ၊ စမ်းရေ ကားကို သေသေချာချာ မောင်းတတ်ပါတယ်နော်၊ မမ စိတ်ချမယ် . . . ဟုတ်လား၊ သားနှစ်ယောက်ကို I.L.B.C ကို ပို့ရမှာ၊ သူတို့ကို ကျောင်းပို့ပြီးရင် အိမ်ကို ပြန်လာခဲ့နော်၊ မမနဲ့အတူ ဆိုင်ကို လိုက်ခဲ့ရမယ်၊ ညနေ ကလေးတွေ ကျောင်းဆင်းချိန်ကျမှ ကျောင်းမဆင်းခင် တစ်နာရီလောက်ကတည်းက ကျောင်းမှာ သွားစောင့်ပြီး ကြိုပေးရမယ်"

"ဟုတ်ကဲ့ မမ၊ ကလေးတွေကို ပို့ပြီးရင် စမ်းရေ ဒီအိမ်ကိုပဲ ပြန်လာခဲ့ပါ့မယ်"

စမ်းရေက ကလေးနှစ်ယောက်ကို ILBC သို့ သွားပို့ပေးရသည်။ ကားပေါ်မှာလည်း နှစ်ယောက်သား တစ်စက်ကလေးမှ အငြိမ်မနေဘဲ အမျိုးမျိုး အော်ဟစ်ဆူညံကာ ဆော့နေသောကြောင့် စမ်းရေမှာ ကားမောင်းရင်း တဟဲ့ဟဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင့် အော်ဟစ်နေရသည်။ သူတို့နှစ်ယောက်ကို ကျောင်းထဲသို့ ပို့ပေးပြီးချိန်ကျမှပင် စမ်းရေမှာ သက်ပြင်းမောကို ချနိုင်တော့သည်။

အဲဒီနောက် ဒေါ်သံသာချိုဆီသို့ ပြန်သွားရသည်။ ပြီးတော့ သူမနှင့်အတူတူ စကော့ဈေးရှိ ရတနာဆိုင်သို့ အတူလိုက်ရလေသည်။ ဒေါ်သံသာချိုက . . .

"မမကလေ . . . သမီးမိန်းကလေးအဖော် သိပ်လိုချင်နေတာ စမ်းရေရဲ့၊ သားနှစ်ယောက်ကို မမွေးခင် ပထမဆုံး ကလေးက မိန်းကလေးလေ၊ မမမှာ စိတ်ကူးနဲ့ ပျော်လိုက်ရတာ မပြောပါနဲ့ကော၊ ဒါပေမယ့် အဲဒီကလေးလေး မမျှော်လင့်ဘဲ ပျက်စီးသွားခဲ့တယ်၊ မမမှာ ရူးမတတ်ဘဲ ခံစားလိုက်ရတာ သိလား၊ တကယ်လို့ အဲဒီသမီးသာ ရှိခဲ့ရင် အခုလောက်ဆို ၁၆-နှစ် အရွယ်လောက်တောင် ရှိနေပြီ စမ်းရေရဲ့၊ အခုလောက်ဆို မမနဲ့ သိပ်ကို အဖော်ရနေပြီပေါ့၊ မမက အမှန်အတိုင်း





ပြောရရင် သား မလိုချင်ဘူး၊ သား မလိုချင်တာ တခြားမဟုတ်ဘူး စမ်းရေရေ၊ ချွေးမ မလိုချင်လို့ ဟင်း ဟင်း ဟင်း . . .၊ ချွေးမတွေကို မမရဲ့ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေ အမွေ မပေးချင်လို့ ဟား ဟား ဟား၊ မမက သမီးကလေးသာ သိပ်လိုချင်တာ၊ စမ်းရေသိတဲ့အတိုင်းပဲ မမရဲ့ အလုပ်က တစ်ချိန်လုံး အပြင်ထွက် သွားလာနေရတာလေ၊ ပြီးတော့ မမက ကိုယ်ကိုယ်တိုင်လည်း လှလှပပ ကြော့ကြော့မော့မော့ကလေး ပြင်ဆင်တတ်သလို ကိုယ့်သမီးကလေးကိုလည်း မြင်သူတကာငေးရလောက်အောင် သိပ်ကို ပြင်ဆင်ပေးချင်တာ၊ မမနဲ့ အတူ Beauty Saloon သွားတဲ့အခါ၊ Gym သွားတဲ့အခါ၊ Shopping ထွက်တဲ့အခါ ဘေးမှာ ကိုယ့်သမီးကလေးနဲ့အတူတူ တီးတိုးဖော်ကလေး ရချင်တာ၊ မမက အရှုံးအမှုံးကို သမီးရှုး ရှုးနေတာ စမ်းရေရဲ့"

ဒေါ်သံသာချိုက စကားလည်း အလွန်ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သည်။ သူမ စကားပြောလျှင် တဖွဲ့တနွဲ့နှင့် တစ်ဖက်သားမှာ သူမစကား အလျှင်ကြောထဲတွင် နစ်မျောရလောက်အောင်ပင် ဆွဲဆောင်နိုင်စွမ်း ရှိသူဖြစ်သည်။ အဲဒါကြောင့်လည်း ရတနာကုန်သည် ဖြစ်နေတာ ထင်ပါရဲ့။ စမ်းရေပင် သူမကို ကြည့်ကာ သူမ၏ အပြုအမူ၊ အပြောအဆို၊ ပေါင်းသင်းဆက်ဆံရေး ညက်ညောပြေပြစ်လွန်းလှတာကို တိတ်တခိုး အတုယူဖို့ ကြိုးစားရသည်။

ညနေ ကျောင်းမဆင်းခင် တစ်နာရီလောက်ကတည်းက စောကြိုပြီး ကလေးနှစ်ယောက်ကို ကြိုဖို့ သွားစောင့်ရသည်။ သူတို့နှစ်ယောက် ကျောင်းဆင်းလာသောအချိန်ကစပြီး စမ်းရေမှာ ခေါင်းတစ်ခေါင်းလုံးရော၊ မျက်လုံးတွေရော၊ နားအစုံရော၊ လက်အစုံပါ မအားလပ်တော့လောက်အောင် ချာချာလည်ကာ မူးရတော့သည်။ ကလေးနှစ်ယောက်ကို ကြိုပြီး အိမ်သို့ ပြန်လာကာ ညနေစာ အဆာပြေ ကော်ဖီနှင့်မုန့် ကျွေးရသည်။ ပြီးလျှင် ခဏနားခိုင်းပြီး ရေမိုးချိုး





ပေးရသည်။ ထို့နောက် သူတို့ရဲ့ Home Work အိမ်စာတွေကို သူတို့နှစ်ယောက်နှင့်အတူတူ ကူပြီး လုပ်ပေးရသည်။ ကလေးနှစ်ယောက်မှာ တစ်ချက်ကလေးမှ အငြိမ်မနေချေ။ အိမ်စာလုပ်နေချိန်မှာတောင် တစ်ချိန်လုံး အော်ဟစ်နေရသည်။ ကလေးတွေကို စာပြပေးပြီး အားလုံးပြီးချိန်မှာ ည ၇-နာရီကျော်ပြီ။ ဒေါ်သံသာချိုကတော့ ရတနာဆိုင်မှ ပြန်လျှင် Sedona ရှိ Gym သို့ တန်း၍သွားတတ်ကြောင်း မနက်ကတည်းက စမ်းရေကို ပြောပြထားခဲ့သည်မို့ ည ၇-နာရီထိုးသည့်တိုင် ဒေါ်သံသာချို ပြန်မရောက်သေးချေ။ ကလေးတို့ရဲ့ ဖေဖေဒေါက်တာချမ်းမြကတော့ ဆေးရုံကနေ ပြန်ရောက်နေခဲ့ပြီ။ စမ်းရေက ဒေါ်သံသာချို ပြန်လာချိန်အထိ စောင့်ရသည်။ ည ၈-နာရီ မထိုးခင်မှာ ဒေါ်သံသာချို ပြန်ရောက်လာသည်။

"ကဲ ကဲ . . . စမ်းရေ ပြန်လို့ရပြီ၊ အိမ်မှာ မမတို့နဲ့ ညစာအတူ စားသွားပါလား"

"မစားတော့ပါဘူး မမ၊ အိမ်မှာ ညီမလေးနဲ့ မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



က စမ်းရေကို ထမင်းစားဖို့ စောင့်နေကြမှာ"

"ဒီနေ့တော့ ကိုယ့်ဘာသာကိုယ်ပဲ ပြန်လိုက်တော့နော် စမ်းရေ၊ နောက်ဆိုရင် မမ ဖြစ်ဖြစ်၊ ကိုကို ဖြစ်ဖြစ် ပြန်လိုက်ပို့ပေးပါ့မယ်၊ ဒါမှမဟုတ်ရင်လည်း စမ်းရေကို အခု မောင်းနေတဲ့ကား ပေးထားလိုက်မယ်၊ အဲဒါဆို ပိုအဆင်ပြေတာပေါ့နော်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် မမ၊ စမ်းရေ ပြန်လိုက်ပါဦးမယ်၊ မနက်ဖြန်ကျမှပဲ မနက်စောစော လာပါ့မယ်"

စမ်းရေသည် ည မိုးချုပ်နေပြီမို့ taxi ပဲ ငှားကာ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ ရောက်ချင်ဇောက ပြင်းပြလျက်ရှိသည်။ ဒီနေ့တစ်နေ့လုံး ဆည်းလည်းနှင့် ဂီတဆီသို့ ဖုန်းပြန်၍ပင် မဆက်အားချေ။ သူတို့နှစ်ယောက် ဘယ်နှစ်ကြိမ်လောက်များ တခြိမ်းခြိမ်း ရန်ပွဲ ခင်းနွှဲပြီးပြီ မသိ။

စမ်းရေ၏ ပထမဆုံးနေ့ အလုပ် အတွေ့အကြုံ





က မဆိုးလှပါ။ ကလေးနှစ်ယောက်ကို ထိန်းရတာ သိပ်မလွယ်လှပေမယ့် စမ်းရေအဖို့ သိပ် အခက်အခဲကြီးတော့လည်း မဟုတ်လှပါ။ ပြီးတော့ အလုပ်ရှင်တွေ ဖြစ်သော ဒေါက်တာချမ်းမြနှင့် ဒေါ်သံသာချိုတို့ကလည်း စမ်းရေအပေါ်မှာ လိုက်လှဲနွေးထွေးလှသည်။ လခကလည်း ကောင်းသေးသည်ဆိုတော့ ဒီအလုပ်ကို တတ်နိုင်သရွေ့တော့ ဆက်လုပ်ရဦးမှာပင်။ ဆည်းလည်း ဆေးကျောင်း စတက် ပြီဆိုလျှင် ကုန်ကျစရိတ်တွေ အများကြီး ပိုလာတော့မှာမို့ စမ်းရေသည် အခု အလုပ်ကလေးကို ဘာပဲပြောပြော မက်မောလျက်ရှိသည်။ အိမ်သို့ရောက်လျှင် ဆည်းလည်းနှင့် ဂီတက နှစ်ယောက်သား အပြေးအလွှား ထွက်ကြိုကာ . . .

"ဘယ်လိုလဲ မကြီး၊ အလုပ်မှာ အဆင်ပြေရဲ့လား"

ဟု . . . ဝိုင်းမေးကြလေသည်။

"ပြေပါ့ . . . ပြေပါ့၊ ကျုပ်က ရှင်တို့နှစ်ယောက်ကို စိတ်ပူတာ၊ ဘယ်လိုလဲ . . . ဒီနေ့တစ်နေ့လုံး ဘယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လောက်များ ရန်ဖြစ်လိုက်ကြသလဲ"

"သိပ်မများပါဘူး မကြီးရယ် . . . သုံးကြိမ်လောက်ပါ"

ဆည်းလည်းက ခနိုးခနဲ့ လေသံဖြင့် ရေရွတ်လေသည်။ ဂီတကတော့ ခပ်ပြုံးပြုံးပင် . . .။

"ကဲ . . . မကြီး ခဏနားပြီးရင် ရေမိုးချိုးလိုက်ဦးမယ်၊ ပြီးတော့ . . . ထမင်းစားကြတာပေါ့၊ ဆည်းလည်း ထမင်းစားပွဲ ပြင်ထားလိုက်တော့နော်၊ ဂီတက မလေးကို ကူပေးလိုက်"

ဟု . . . မှာခဲ့ပြီး စမ်းရေက အခန်းထဲသို့ ဝင်လာခဲ့သည်။ ကုတင်ပေါ်မှာ ကိုယ်ခန္ဓာကို ပစ်လှဲချလိုက်ချိန်မှာ တစ်ကိုယ်လုံး အကြောအခြင်တွေ ပြေလျော့သက်သာသွားသလို ပေါ့ပါးသွားလေသည်။

☎ ☎ ☎



စမ်းရေ၏ဘဝထဲသို့ ထိုလူတစ်ယောက် စတင်၍ ချဉ်းနင်းဝင်ရောက်လာပုံမှာ အနည်းငယ် ရယ်မောဖွယ် ကောင်းလှစွာ ထူးဆန်း၏။ ထိုနေ့က စမ်းရေသည် ကလေးနှစ်ယောက်ကို လက်တစ်ဖက်တစ်ချက်မှ တွဲခေါ်ကာ ကားလမ်းကို ဖြတ်ကူးနေခဲ့ချိန်ဖြစ်သည်။ ထုံးစံအတိုင်း အမွှာကလေးနှစ်ယောက်က လမ်းကူးရင်းပင် စမ်းရေ၏လက်ကို တစ်ယောက်တစ်ဖက် ဟီးလေးခိုသလို ခိုခိုစီးနေသဖြင့် စမ်းရေမှာ ယိုင်လဲမသွားအောင် မနည်း ထိန်းထားရသေးသည်။ ပါးစပ်ကလည်း. . .

---

**စေတနာစာပေ**

---

www.burmeseclassic.com

www.burmeseclassic.com



"ပဲ့ ဟဲ့ . . . ကလေးတွေ ဘယ်လိုများ ဖြစ်နေတာတုန်း၊ အဲဒီလို မခိုနဲ့လေ၊ ဒီမှာ လမ်းကူးနေတဲ့ဥစ္စာ၊ ကောင်းကောင်းလျှောက်စမ်း . . ."

ဟု . . . ဝလစ်ဗလစ်နှင့် တဖျစ်တောက်တောက် အော်ဟစ်မြည်တွန်နေရလေသည်။ စမ်းရေ၏ ပုံစံမှာ ဘယ်လိုပုံစံ ထွက်နေမည်မှန်း မသိချေ။ ရှုတ်တရက် ကျယ်လောင်လှသော ကားဘရိတ်ဆွဲသံ တစ်ချက်ကြောင့် စမ်းရေသည် ထိတ်ခနဲ လန့်ဖျပ်ကာ ဘုရားတလျက် ဘရိတ်ဆွဲလိုက်သော ကားဆီသို့ အလန့်တကြား လှမ်းကြည့်လိုက်မိသည်။ တကယ်တော့ ဖြစ်ပုံမှာ ရယ်စရာကောင်းလှပါသည်။ ဘရိတ်ဆွဲလိုက်သောကားက စမ်းရေတို့နှင့် အဝေးကြီးမှာ။ ထိုသူဘာကြောင့် ကားဘရိတ်ကို ဖမ်းအုပ်လိုက်မှန်း မသိချေ။

"ဟာ . . . မမ ကားကြီးလှတယ်၊ ပြိုင်ကားကြီး . . . ပြိုင်ကားကြီး"

ဟု ကလေးတွေက လက်ညှိုးထိုးလျက် ပျော်ရွှင်





စွာ ရယ်မောအော်ဟစ်ကြလေသည်။ ကလေးတွေ ပြောသည့်အတိုင်းပင် ကားကြီးမှာ တကယ့် အကောင်းစားကြီး ဖြစ်သည်။ ကားပုံစံက ပြိုင်ကားပုံစံမျိုး။ ဘာအမျိုးအစားလဲတော့ စမ်းရေ မပြောတတ်ချေ။ သို့သော် . . . ကားကြီးမှာ ကော့ပျံလန်လျက် ခရမ်းပြာရောင် တောက်တောက်ပပကြီး ဖြစ်လေသည်။ ကားပေါ်မှ ထိုလူက စမ်းရေကို စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ငေးမောလှမ်းကြည့်နေခဲ့သည်။ သူ့အကြည့်မှာ ဘယ်လိုကြီးမှန်း မသိ။ စမ်းရေက ကိုယ့်ကို အဲဒီလို သည်းကြီးမည်းကြီး စိုက်ကြည့်တာမျိုး ခံရဖူးပေါင်း များနေပြီမို့ မဆန်းတော့သလို မျက်နှာကို ပြန်လွှဲပစ်လိုက်သည်။ ကလေးနှစ်ယောက်ကတော့ ကားကြီးကို လက်ညှိုးတထိုးထိုးဖြင့် သဘောကျ၍ မဆုံးချေ။ စမ်းရေက ကလေးနှစ်ယောက်ကို ကားနောက်ခန်းပေါ်သို့ တင်ပေးပြီး ကားထိုင်ခုံ ခါးပတ်တွေပါ တပ်ဆင်ပေးလိုက်ပြီး ကားမောင်းထွက်ခဲ့လေသည်။ နောက်ကြည့်မှန်ငှ ကနေ၍ အနောက်ကနေ အဲဒီ ပြိုင်ကားလိုလို ခရမ်းပြာရောင်ကား



www.burmeseclassic.com

www.burmeseclassic.com



တောက်တောက်ပပကြီး ပါလာတာကို တွေ့ရ၏။ အင်း . . . လူတစ်ယောက်တော့ နောက်က လိုက်လာပြီ။ စမ်းရေ ထိုသူ့ကို မျက်ခြည်ပြတ်ကာ ချန်ထားပစ်ခဲ့ရရင် ကောင်းမလား။ သို့သော် မလိုအပ်ပါဘူးလေ။ သူ့လမ်း သူ သွားနေတာလည်း ဖြစ်မှာပါဟု . . . တွေးရင်း ကားဆက်မောင်းလာခဲ့သည်။

သို့သော် . . . ကားက အိမ်နားသို့ ရောက်ခါနီးမှ ရုတ်တရက် ဘာဖြစ်သွားမှန်း မသိဘဲ ဖျတ်ခနဲ ထိုးရပ်သွားတော့၏။ အကြိမ်ကြိမ် ကားစက်ပြန်နှိုးသည့်တိုင် ကားက စက်မနိုးတော့ချေ။ စမ်းရေသည် အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။ စမ်းရေက ကားကို မောင်းရုံသာ မောင်းတတ်ပြီး ပြင်တတ်သူမဟုတ်ချေ။ ကား ဘာဖြစ်သွားမှန်းတောင် သိသူမဟုတ်။ ဘာလုပ်ရင် ကောင်းမလဲဟု တွေးကာ အမှတ်မထင် နောက်ကြည့်မှန်ထဲမှ နောက်ကားတစ်စီး ပါလာနိုးဖြင့် လှမ်းကြည့်မိစဉ် အနောက်မှာ ခုနက ပြိုင်ကားပုံစံ ခရမ်းပြာရောင် ကားကြီး ရပ်တန့်လျက် ရှိလေသည်။ စမ်းရေ ထိုသူ့ဆီမှာ





အကူအညီ တောင်းရလျှင် ကောင်းမလား။ စမ်းရေက ကားပေါ်မှ ဆင်းလိုက်ကာ . . .

"ကျော်နဲ့ဖော် . . . ကားပေါ်မှာ ငြိမ်ငြိမ်လေးထိုင်နေနော်၊ ဘယ်မှ လျှောက်ဆင်းမပြေးနဲ့ဦး၊ ကားက ဘာဖြစ်သွားမှန်း မသိဘူး၊ မမ အနောက်က ကားကို အကူအညီ တောင်းလိုက်ဦးမယ် . . . သိလား"

ဟု . . . ကလေးနှစ်ယောက်ကို မှာလိုက်ကာ စမ်းရေက ထိုကားဆီသို့ လျှောက်သွားလိုက်သည်။ သူကလည်း ကားပေါ်မှ ဆင်းလာလျက် . . .

"ကားက ဘာဖြစ်သွားလို့လဲ . . ."

"မသိပါဘူး . . .၊ မောင်းရင်းတန်းလန်းနဲ့ သူ့ဘာသာ သူ ထိုးရပ်သွားတာပဲ၊ ဘာဖြစ်သွားမှန်းလဲ မသိဘူး၊ ခဏလောက် လိုက်ကြည့်ပေးပါလားဟင်"

အနားရောက်မှပင် ထိုသူ၏ မျက်နှာမှာ ဆွဲဆောင်ညှို့ငင်မှု အပြည့်ရှိသော ခပ်ချောချော ယောကျာ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်မှန်း တွေ့ရလေသည်။ အရပ် ခပ်မြင့်မြင့်နှင့် ခန္ဓာကိုယ်မှာ ယောကျ်ားပီသစွာ ကျစ်လျစ်ဖွံ့ထွားသူတစ်ယောက်ဖြစ်၏။ ဝတ်စားထားသည်မှာလည်း ကြော့မော့သပ်ရပ်လျက်။ လူပုံစံကို ကြည့်လိုက်ရုံနှင့် ထိုသူသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိပုံပေါ်ကာ ကိုယ့်ကိုယ်ကို စနစ်တကျ ကြော့ကြော့မော့မော့ဖြစ်အောင် သထားလေ့ရှိသူမှန်း သိသာထင်ရှားလေသည်။

"အင်း ... အင်း၊ ကျွန်တော် လိုက်ကြည့်ပေးမယ်"

ဟု ... ဆိုကာ သူက ကားဆီသို့ လျှောက်သွားလျက် [illegible]းစက်ဖုံးကို ဖွင့်ကာ ဟိုဟိုဒီဒီ ရှာဖွေစမ်းသပ်လျက်ရှိသည်။ ကားပျက်သည်ကို အခွင့်ကောင်းယူကာ အမွှာကလေးနှစ်ယောက်က ကားပေါ်မှ ဆင်းကာ လမ်းဘေးပလက်ဖောင်းတစ်လျှောက်တွင် လျှောက်ပြေးလျက်ရှိနေသည်မို့ စမ်းရေက ထိုကလေးနှစ်ယောက်ကို မနည်း လိုက်ဆွဲနေရသည်။ ထိုသူက သူ့ဘာသာသူ ကားအပျက်နှင့် အလုပ်ရှုပ်





လျက် ရှိသည်။ စမ်းရေက ကလေးနှစ်ယောက်ကို ဖမ်းမိလိုက်၊ ကလေးနှစ်ယောက်က စမ်းရေလက်ထဲမှ ရုန်းထွက်လွတ်မြောက်ခါ ပြန်ပြေးသွားလိုက်နှင့် လုံးထွေး ချာလပတ်လည်လျက်ရှိသည်။

ဆယ်မိနစ်လောက် ကြာသွားပြီးချိန်မှာ ကားစက်နိုးသွားသံကို ကြားရသဖြင့် ...

"ကဲ ကဲ ... ကျော်နဲ့ဇော် ဟိုမှာ ကားပြန်ကောင်းသွားပြီ၊ အိမ်ပြန်ကြမယ်၊ နို့မို့ဆို မိုးချုပ်နေလိမ့်မယ်၊ လိမ္မာတယ်နော်၊ ထွက်မပြေးကြနဲ့တော့ ... လာ လာ"

ဟု ... ချော့မော့ခေါ်ပြီး ကားနောက်ခန်းထဲသို့ ပြန်တင်ပေးရလေသည်။

သူက ကလေးနှစ်ယောက်ကို တစ်လှည့်၊ စမ်းရေကို တစ်လှည့် စူးစမ်းအကဲခတ်သလို လှမ်းကြည့်နေလျက် ...

"ကားက ဆီပိတ်သွားတာပါ၊ ကောင်းသွားပြီ ...၊ ဒါနဲ့ ကလေးနှစ်ယောက်က အမွှာလေးတွေလား၊ ချစ်



www.burmeseclassic.com

www.burmeseclassic.com



စရာလေးတွေနော်၊ ခင်ဗျားရဲ့ ကလေးလေးတွေလား"

ဟု . . . ပြုန်းခနဲ မေးလိုက်လျှင် စမ်းရေသည် မျက်နှာတစ်ခုလုံး ထူပူသွားကာ ရှက်သွားလေသည်။

"အို . . . ဘယ်ကလာ၊ ပေါက်ကရ . . . ၊ အဲဒါ ကျွန်မရဲ့ ကလေးတွေ မဟုတ်ပါဘူး၊ ကျွန်မက သူတို့ရဲ့ ဆရာမပါ။ အမလေး . . . ဒီလောက်ကဲတဲ့ ကလေး နှစ်ယောက်ရဲ့ အမေသာဖြစ်ရရင် ကျွန်မတော့ ရူးပြီး သေဖို့ပဲ ရှိတော့တယ်"

စမ်းရေက ကပျာကယာ ဖြေရှင်းလိုက်ရင်း ဘာကြောင့်မှန်းမသိ ရွတ်နောက်နောက် အပြောင်အပျက်ကလေး ပင် ပြောလိုက်မိသေး၏။ ဘာကြောင့် အဲဒီလို ပျာပျာသလဲ ဖြေရှင်းလိုက်မိမှန်း စမ်းရေကိုယ် စမ်းရေပင် နားမလည်နိုင် ချေ။ သူ့မျက်နှာဆီမှာ ဝင်းခနဲ တောက်ပဖြာလက်သွားသည် ကို စမ်းရေ မြင်ရ၏။ သူက တစ်ချက်ပြုံးလိုက်ကာ . . .

"ဟုတ်လား . . . တော်ပါသေးရဲ့၊ ကျွန်တော်က





ခင်ဗျားကို ကလေးနှစ်ယောက်အမေမှတ်လို့"

"ကလေးနှစ်ယောက် အမေကိုတောင် အနောက်ကနေ ကားနဲ့ လိုက်နိုင်သေးတယ်နော်"

စမ်းရေက ခနဲ့ခနဲ့ ဟန်ကလေးဖြင့် ပြောလိုက်လျှင် သူက ရှက်ပြုံး ပြုံးလျက် ပခုံးနှစ်ဖက်ကို တွန့်လိုက် ကာ . . .

"ကျွန်တော် ဘာဖြစ်လို့ လိုက်မိမှန်း ကိုယ့်ဘာသာကိုယ် တောင် မသိပါဘူးဗျာ၊ စိတ်ထဲမှာတော့ ဒီလောက် ငယ်ငယ်ချောချောကလေးက ကလေးနှစ်ယောက်အမေ ဖြစ်နိုင်မလား မဖြစ်နိုင်ဘူးလား ဆိုတာ ဇဝေဇဝါတော့ ဖြစ်နေတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် အလောင်း အစား လုပ်နေတာဗျ၊ ခင်ဗျားဟာ ကလေးနှစ်ယောက် အမေ ဖြစ်နိုင် မဖြစ်နိုင် ဆိုပြီးတော့လေ"

သူ စကားပြောပုံက သွက်သွက်လက်လက် ရှိလှ ကာ တရင်းတနှီးလည်း နိုင်လေသည်။ စမ်းရေသည် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အခုလို တွေ့တွေ့ချင်း တရင်းတနှီး ဘယ်တုန်းကမှ စကားမပြောဖူးခဲ့ချေ။ အခုတော့ ဘာကြောင့်မှန်းမသိ စမ်းရေကို တစ်စုံတစ်ရာက ဆွဲဆောင်ညှို့ငင်ထားသလို ထူးဆန်းသော ခံစားမှုတစ်မျိုးကို ခံစားရလေသည်။

"ကားပြင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦးနော်၊ ကလေးနှစ်ယောက်ကို အိမ်ပြန်ပို့ရဦးမယ်"

"ကျွန်တော့်နာမည် စစ်အိမ်ပါ"

သူက ပြောရင်း စမ်းရေဆီမှလည်း တစ်ခုခု ပြန်ပြောလိမ့်မည်ဟု မျှော်လင့်နေပုံဖြင့် စောင့်စားလျက်ရှိသည်။ ဒီလို အထာမျိုးကတော့ ရိုးနေပြီပေါ့ . . .။

စမ်းရေသည် နှုတ်ခမ်းကလေးကို စေ့၍ ပြုံးလိုက်ကာ တမင်တကာ ညစ်ပြီး နာမည် ပြောမပြဘဲ မသိချင်ဟန်ဆောင်ကာ . . .

"ဟုတ်ကဲ့ . . . သိရတာ ဝမ်းသာပါတယ်၊ သွားလိုက်





ဦးမယ်နော်"

ဟု . . . ပြောပြီး ကားပေါ်သို့ ခပ်သွက်သွက်ကလေး တက်လိုက်လေသည်။

သူက စမ်းရေ၏ ကားပြတင်းဘေးမှာ ကိုယ်ကို ကိုင်းချလိုက်ပြီး . . .

"ခင်ဗျား နာမည်ပြောမပြလည်း ကျွန်တော်ကတော့ ခင်ဗျားကို နာမည်တစ်ခု ပေးထားလိုက်ပြီ"

ဟု . . . ချိုမြသော အပြုံးဖြင့် ပြော၏။ စမ်းရေက မျက်မှောင်ကလေး တွန့်ကာ . . .

"ဘယ်လို . . ."

ဟု . . . ပြန်မေးလိုက်လျှင် သူက ကိုယ်ကို ပြန်မတ်လိုက်ပြီး . . .

"J.Lo လို့လေ . . ."

ဟု . . . ပြောပြီး သူ့ကားဆီသို့ ပြန်လျှောက်သွားလေသည်။



www.burmeseclassic.com

စမ်းရေသည် ရှက်သွေးဖြာသော အပြုံးကလေးဖြင့် နှုတ်ခမ်းကလေးကိုက်ကာ ပြုံးမိလေသည်။ အလို . . . စမ်းရေရဲ့ ရင်တွေ ဘာကြောင့်များ ဟဒိတ်ဒိတ် ခုန်နေခဲ့တာပါလိမ့်။ စမ်းရေ၏ နှလုံးသားမှာ ရှိန်းမြလိုက်ဖို့ကာ ပူနွေးလျက် ရှိသည်။ စမ်းရေသည် ကားမောင်းလာစဉ် နောက်မှ သူ့ရဲ့ကားက မှန်မှန် လိုက်ပါလာခဲ့၏။ စမ်းရေသည် ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ အလိုလို ပျော်ရွှင်ကြည်နူးနေသလို ခံစားရလေသည်။ ကလေးနှစ်ယောက် ဆူညံအော်ဟစ် နေတာကိုပင် ဥပေက္ခာပြုနေနိုင်သည် အထိပင်။ အဲဒါ ဘယ်လိုဖြစ်တာပါလိမ့်။ စမ်းရေ ဘာဖြစ်သွားခဲ့ပါသနည်း။



နောက်ရက်တွေမှာ စမ်းရေသည် ကလေးနှစ်ယောက်ကို သွားကြိုတိုင်း ထို ပြိုင်ကား ခရမ်းပြာကလေးကို နေ့စဉ်မပြတ် တွေ့ရ၏။ ပြီးတော့ အပြန်လမ်းမှာ သူ့ကားက စမ်းရေ၏ ကားနောက်မှ တောက်လျှောက် ပါလာမြဲပင်။ စမ်းရေသည် ထိုအဖြစ်ကို စိတ်လှုပ်ရှား ပျော်ရွှင်လျက် ရှိလေသည်။ စမ်းရေဘဝမှာ ယောကျ်ားလေးတွေ၏ စိတ်ဝင်စားမှုနှင့် ပုံစံအမျိုးမျိုး ချဉ်းကပ်ပိုးပန်းခဲ့သမျှကို ခံယူခဲ့ဖူးသော်လည်း အခုတစ်ကြိမ်လောက် တစ်ခါမှ ရင်မခုန် မပျော်ရွှင်ခဲ့

www.burmeseclassic.com



ဖူးချေ။ အလည်ကလေး နှစ်ယောက်ဖြစ်သော ကျော်နှင့်ဇော်က သူတို့ကားနောက်မှ ညနေတိုင်း နေ့စဉ်ပါလာတတ်သော ထိုပြိုင်ကားခရမ်းပြာရောင်ကို ကောင်းကောင်းကြီး မှတ်မိနေလေသည်။

တစ်ရက်မှာတော့ စမ်းရေက ကလေးနှစ်ယောက်ကို ကြိုပြီး ကားနောက်ခန်းထဲသို့ ထည့်ပေးပြီးချိန်မှာ စမ်းရေဘက် ကားတံခါးမှန်မှာ Tape ဖြင့် ကပ်ထားသော အညိုရောင် အထုပ်ကလေး တစ်ထုပ်ကို မြင်ရ၏။ စမ်းရေက အထုပ်ကလေးကို ယူဖွင့်ကြည့်လိုက်လျှင် အထုပ်ထဲမှာ ကလေးကစားစရာလိုလို၊ ခရမ်းရောင် တောက်တောက် Walky Talky ဖုန်းသေးသေးကလေးကို တွေ့ရလေသည်။ သေချာတယ် . . . အဲဒါ သူ့ရဲ့ လက်ချက်ပဲ။ စမ်းရေက ခလုတ်ကလေးကို နှိပ်လိုက်လျှင် တစ်ဖက်မှ သူ့အသံ ထွက်ပေါ်လာ၏။

"J.Lo ကလေးနှစ်ယောက်ကို အိမ်ပြန်ပို့ပေးပြီးရင် ဘယ်အချိန် ပြန်လေ့ရှိသလဲဟင်"





"ဘာဖြစ်လို့ ပြောပြရမှာတုန်း၊ မပြောနိုင်ပါဘူး"

စမ်းရေက အပြုံးကလေးဖြင့် ပြန်ပြောလိုက်၏။ နောက်ခန်းမှ ကျော်နှင့်ဇော်က ကလေးကစားစရာ Walky Talky ကလေးကို အသည်းအသန် စိတ်ဝင်စားလျက် စမ်းရေဆီမှ သူ့ထက်ငါ အပြိုင်အဆိုင် လုယူဖို့ ကြိုးစားနေကြတာမို့ စမ်းရေမှာ သူတို့ရဲ့ လက်တွေကို ရှောင်တိမ်းရင်း ပြန်ပြောနေရခြင်း ဖြစ်သည်။

"ရတယ်လေ . . . J.Lo မပြောပြရင်လည်း ကျွန်တော်က အဲဒီ ခြံရှေ့မှာ အကြာကြီး စောင့်နေရုံပေါ့"

"ဘာဖြစ်လို့ အဲဒီလို စောင့်ရမှာတုန်း၊ ကျွန်မက ကလေးနှစ်ယောက်ကို သူတို့ရဲ့ Home Work လုပ်ပေးပြီး စာပြပေးပြီးမှ ည ၈-နာရီလောက်မှ အိမ်ပြန်ရတတ်တာ၊ ဘာလုပ်မလို့လဲ . . . ရှင်က"

"ကျွန်တော် J.Lo နဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ J.Lo, J.Lo ဆိုတာကြီး တစ်ဆိတ် ကျေးဇူးပြုပြီး ခေါ်မနေစမ်းပါနဲ့၊ ကျွန်မနာမည် မေ့စမ်းရေပါ"

"မေ့စမ်းရေ . . .၊ လှလိုက်တဲ့ နာမည်ကလေးဗျာ၊ ရင်ထဲကို အေးချမ်းသွားတာပဲ"

"ကဲ . . . ကျွန်မ ကားမောင်းတော့မယ်၊ ဒါပဲ မဟုတ်လား"

"မဟုတ်သေးဘူး . . .၊ ကျွန်တော် မေ့စမ်းရေကို တစ်ဆိုင်ဆိုင်မှာ ညစာ လိုက်ကျွေးချင်လို့ပါ"

"ဝမ်းနည်းပါတယ် . . .၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကျွန်မရဲ့ ပြန်ချိန်ဟာ ၈-နာရီကျော်နေပြီ၊ ဘယ်လိုလုပ်ပြီး ကျွန်မက ရှင်နဲ့အတူ ညစာ လိုက်စားနိုင်မှာတုန်း၊ အမိပ္ပာယ်မရှိတာ၊ ကျွန်မကို ဘယ်လို မိန်းမစားမျိုးများ မှတ်နေသလဲ . . ."

"ဆောရီး ဆောရီးဗျာ . . .၊ ကျွန်တော်ပြောတာကို အထင်မလွဲပါနဲ့၊ ကျွန်တော် မေ့စမ်းရေရဲ့ ဂုဏ်သိက္ခာ





ကို ထိပါးစေမဲ့ ဆန္ဒမျိုး လုံးဝ မရှိပါဘူး၊ ကျွန်တော်က မေ့စမ်းရေနဲ့ အေးအေးဆေးဆေး စကားပြောခွင့် ရချင်တာမျိုးပါ၊ ညစာမဟုတ်ရင် နေ့လည်စာ လိုက်ကျွေးရင်ရော . . . ဖြစ်မလားဟင်"

'ဟင့်အင်း . . . နေ့လည်စာလည်း မဖြစ်နိုင်ဘူးရှင့်၊ ကျွန်မက ကလေးနှစ်ယောက်ကို ကျောင်းပို့ပေးပြီးရင် သူတို့မေမေ ရတနာဆိုင်ကို လိုက်သွားရသေးတာ၊ တစ်နေ့လုံး ကျွန်မ မအားဘူး"

"ဟောဗျာ . . .၊ အဲဒါဆိုရင် ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ကျွန်တော့်မှာ ဘာမှ အခွင့်အရေး မရနိုင်တော့ဘူးလား၊ ဒါဖြင့် စနေ၊ တနင်္ဂနွေတော့ မေ့စမ်းရေ အားမှာပေါ့နော်၊ မေ့စမ်းရေရဲ့ အိမ်ကို လာလည်မယ်လေ၊ အဲဒါဆိုရင်ရော ဖြစ်နိုင်မလား"

"အဲဒါလည်း မဖြစ်နိုင်ဘူးရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ ညီမလေးတစ်ယောက် မောင်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိတယ်၊ စနေ တနင်္ဂနွေဆို သူတို့အတွက် တစ်နေကုန် အချိန်ပေးရတာ၊ ပြီးတော့ ညီမလေးနဲ့ မောင်လေးက ကျွန်မကို အရမ်းသဝန်တိုတတ်ကြတယ်၊ ကျွန်မကို ချဉ်းကပ်လာသမျှ ယောကျ်ားတိုင်းကို သူတို့က ကောင်းကောင်း ပညာပေးနေကျ . . ."

"သူတို့ ပညာပေးတာကို ကျွန်တော်က အပြုံးမပျက် သည်းခံမယ်ဆိုရင်ကော"

"ရှင် သည်းခံနိုင်မယ် မထင်ဘူး၊ သူတို့နှစ်ယောက်က သိပ်ကို ဆိုးတာ"

"ဘယ်လောက်ပဲ ဆိုးဆိုးဗျာ . . . ကျွန်တော် မဖြစ်ဖြစ်အောင် သည်းခံမယ်၊ ဒီ စနေနေ့ ကျွန်တော် မေ့စမ်းရေရဲ့အိမ်ကို လာလည်ပါရစေ၊ ကျွန်တော့်ကို အိမ်လိပ်စာ ပြောပြမလား၊ ဒါမှမဟုတ် မေ့စမ်းရေရဲ့ အိမ်ကို ကျွန်တော့်ဘာသာ သိအောင် စုံစမ်းရမလား"

"ရှင်ကတော့လေ . . . ဇွတ်အတင်းပါပဲလား၊ ရှင့်ဘာ





သာရှင် လာလည်ချင် လာလည်ပေါ့၊ ကျွန်မရဲ့ ညီမလေးနဲ့ မောင်လေးကိုတော့ တာဝန်မယူနိုင်ဘူးနော်၊ သူတို့ရဲ့ ဒဏ်ကိုတော့ ရှင် ကောင်းကောင်း ခံရလိမ့်မယ်"

"အဲဒါကို မေ့စမ်းရေ မစိုးရိမ်ပါနဲ့၊ ကျွန်တော် စနေနေ့ မေ့စမ်းရေရဲ့ အိမ်ကို လာလည်ဖြစ်အောင် လာလည်မယ်၊ ဒါပဲနော် . . . ဘိုင့် ဘိုင် . . ."

Walky Talky ကလေး အဆက်အသွယ် ပြတ်သွားလေသည်။ စမ်းရေက ထိုစက်ကလေးကို ကလေးနှစ်ယောက်ဆီသို့ လှမ်းပေးလိုက်လျှင် ကျော်နှင့်ဇော်က Walky Talky ကလေးကို တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် လုလျက် ရှိလေသည်။


☎ ☎ ☎



www.burmeseclassic.com

www.burmeseclassic.com









အခန်း ... ၄

တကယ်တော့ လိုနေ့က စမ်းရေသည် သူ့ကို တမင်သက်သက် ညစ်ခဲ့ခြင်းဖြစ်ပါသည်။ စနေနေ့ သူလာလည်မည် ဆိုတာကို ကြိုသိထားသောကြောင့် စမ်းရေသည် ရင်တယိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားနေခဲ့သည်။ တကယ်တော့ စမ်းရေသည် ဘာမှ အဆင်သင့် မဖြစ်သေး။ ဆည်းလည်းကိုပင် ညဘက် တစ်ကုတင်ပေါ်မှာ နှစ်ယောက်အတူတူ အိပ်နေကြသည့်တိုင် သူနှင့် ပတ်သက်၍ အရိပ်အမြွက်ကလေးပင် ဖွင့်ပြောမထားခဲ့ချေ။ ဗြုန်းခနဲကြီး သူ လာလည်လျှင် ဆည်းလည်းနှင့် ဂီတက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဆက်ဆံတုံ့ပြန်ကြမည်ဆိုတာ စမ်းရေ မခန့်မှန်းနိုင်ချေ။ ထို့ကြောင့် ဘာမှ ကြိုမပြောထားသေးချေ။

စမ်းရေအတွက် ကံကောင်းချင်တာလား၊ ကံဆိုးချင်တာလား မသိဘဲ ထိုနေ့မနက်မှာ နံနက်စောစော စမ်းရေက အကြံတစ်ခု ရလေသည်။ အဓိက,ကတော့ သူ အိမ်လာလည်မှာကို ရှောင်ချင်လို့ဖြစ်သည်။ ဘာဖြစ်လို့များ သူပြောခဲ့တုန်းက ဟင့်အင်း . . . လာမလည်နဲ့လို့ ပြတ်ပြတ်သားသား မောင်းမြစ်ခဲ့တာပါလိမ့်။ အခုတော့ စမ်းရေသည် ဘာမှ အဆင်သင့် မဖြစ်သေးတာမို့ သူ့ကို ရှောင်ဖို့သက်သက် စိတ်ကူးခဲ့ရင်း . . .

"ဆည်းလည်းနဲ့ ဂီတရေ . . . မကြီး ကိုယ့်မွေးနေ့တောင် ကိုယ် မေ့တော့မလို့၊ လာမဲ့ အင်္ဂါနေ့မှာ မကြီး အသက် ၂၅-နှစ်ပြည့်တော့မယ်၊ မကြီးရဲ့ မွေးနေ့ အထိမ်းအမှတ်နဲ့ ဆည်းလည်းနဲ့ဂီတကို ဒီနေ့ စနေနေ့ပဲ ဆိုင်တစ်ဆိုင်ဆိုင်မှာ လိုက်ကျွေးမယ်၊ ပြီးတော့ ဆည်းလည်းနဲ့ ဂီတအတွက် အမှတ်တရ လက်ဆောင်တစ်ခုခု မကြီးက ဝယ်ပေးမယ်၊ အင်္ဂါနေ့ဆို မကြီးက အလုပ်နဲ့ ဆိုတော့ အားမှာ မဟုတ်ဘူး၊ ဒီနေ့ စနေနေ့ကတည်းက စောစောစီးစီး Celebrate လုပ်ရအောင်၊ မကောင်းဘူးလား"

ဟု . . . စမ်းရေက ပြောလိုက်လျှင် ဆည်းလည်းက . . .

"ဟေး . . . သိပ်ကောင်းတာပေါ့။ ပျော်စရာကြီး၊ ဆည်းလည်းအတွက် ဖိနပ်လှလှကလေးတစ်ရံ ဝယ်ပေးရမယ်နော် မကြီး၊ ဆည်းလည်း အဲဒီဆိုင်မှာ ကြည့်ထားပြီးသား၊ ဖိနပ်ကလေးက ကြက်သွေးရောင်ရင့်ရင့်ကလေး၊ ခြေချင်းဝတ်မှာ ကြိုးကလေးတွေ သိုင်းပြီးတော့ ချည်ရတာ၊ ဒေါက်ကလေးက ချွန်ချွန်မြင့်မြင့်ကလေးနဲ့ သိပ်လှတာပဲ၊ ဈေးတော့ကြီးမှာနော် မကြီး၊ ဆည်းလည်းအကြိုက် Brand ဆိုရင် သိတယ်မှတ်လား"







www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ဝမ်းသာအားရ ခုန်ဆွကာ ပြောလေသည်။

ဂီတကတော့ ခပ်အေးအေးပင် . . .။

"ဘယ်လောက်ပဲကုန်ကုန် ဆည်းလည်း ကြိုက်တာယူ၊ မကြီး ဝယ်ပေးမယ်၊ ဂီတကရော ဘာလိုချင်တာလဲ၊ မကြီးကို ပူဆာစမ်း"

ဂီတက မျက်လုံးကလေး ရုတ်တရက် တောက်ပသက်ဝင်လာကာ . . .

"ကျွန်တော် ဂီတာတစ်လက် လိုချင်တယ် မကြီး"

ဟု . . . ခပ်တိုးတိုး တွန့်ဆုတ်ဆိုင်းသော အသံကလေးဖြင့် မရဲတရဲ ပူဆာလေသည်။

"အို . . . သိပ်ရတာပေါ့၊ ဘာလဲ . . . ဂီတက ဂစ်တာတီးပြီး လူပျိုလုပ်ချင်ပြီပေါ့လေ၊ ဝယ်ပေးမယ် . . . ဝယ်ပေးမယ်၊ ဂီတ ဂစ်တာအတီးသင်ချင်တယ်ဆိုရင် ကျောင်းပြန်မတက်ခင် ဂစ်တာသင်တန်း တစ်ခုခုမှာပါ





လိုက်အပ်ပေးမယ် . . . ဟုတ်ပြီလား"

စမ်းရေက အလိုလိုက် ဖြည့်ဆည်းပေးသော အပြောစကားကြောင့် ဂီတရဲ့ မျက်နှာလေး လင်းလက်တောက်ပသွားကာ အားပါးတရပြုံးရင်း လက်သီးနှစ်ဖက်ကို လေထဲမှာ ပစ်ခွင်းလျက်ရှိလေသည်။ ဆည်းလည်းက ထုံးစံအတိုင်း ဂီတကို မျက်စောင်းချီလျက် . . .

"အမလေး . . . အရွယ်ကလေး လက်တောက်လောက်နဲ့ သူက လူပျိုလုပ်ချင်နေပြန်ပါပြီ၊ အိမ်မှာ တဒေါင်ဒေါင် တဒင်ဒင်နဲ့ နားငြီးလို့ကတော့ မလွယ်ဘူးနော်၊ ငါ့ရှေ့မှာတော့ လာတီးမယ် မကြံနဲ့၊ နင့် ဘာသာနင် အိမ်ပြင်ထွက်တီး ကြားလား၊ ငါ နားငြီးမခံနိုင်ဘူး"

"နားငြီး မခံနိုင်ရင် နားထဲ ဂွမ်းဆို့ထားပေါ့ဗျာ"

ဂီတက ခပ်ရွှဲ့ရွှဲ့ပြောရင်း ပြုံးစိစိဖြင့် ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ . . . မောင်နှမတွေ ရန်ဖြစ်မနေကြနဲ့၊ မြို့ထဲ သွားရအောင်၊ ရေမိုးချိုး အလှပြင်ကြတော့၊ အိမ်ကနေ စောစောထွက်ကြမယ်"

စမ်းရေက စစ်အိမ် ရောက်မလာခင် အိမ်မှ ဦးအောင် လစ်ထွက်ချင်သောကြောင့် ဆော်ဩလိုက်ခြင်းဖြစ် သည်။ တကယ်ဆို ဘာရှောင်ပြေးစရာ လိုသနည်း။ သူ့ကို မလာစေချင်လျှင် အခြား ယောကျ်ားလေးတွေကို ပြတ်သား ခက်ထန်စွာ တုံ့ပြန်သလို ပြတ်ပြတ်သားသား ပြောပစ်လိုက်ရုံ ပေါ့။ ဘာဖြစ်လို့ အဲဒီလို မပြောခဲ့မိတာလည်းဆိုတာ စမ်းရေ လုံးဝ စဉ်းစားလို့မရ။

စမ်းရေတို့ အိမ်မှ ထွက်လာပြီး Taxi တစ်စီးပေါ် သို့ တက်ခဲ့ကြချိန်မှာ စမ်းရေ အလွတ်ရနေပြီဖြစ်သော ပြိုင် ကား ခရမ်းပြာရောင်ကလေးကို ဖြုန်းခနဲ တွေ့လိုက်ရလေ သည်။ စမ်းရေ ရင်ထဲမှာ ထိတ်ခနဲ ဖိုသွား၏။ သူကလည်း စမ်းရေကို မြင်လိုက်ပုံပေါ်ကာ စမ်းရေတို့ Taxi နောက်မှ





ပါလာလေသည်။ သူ့ကို အိမ်အလည် မလာစေချင်သော ကြောင့် စမ်းရေ တမင်သက်သက် အပြင်သို့ ရှောင်ထွက်ခဲ့ သည်ကို သူ ရိပ်မိမှာပင်။ မတတ်နိုင်ချေ . . .။ စမ်းရေက မသိချင်ဟန်ဆောင်နေလိုက်သည်။

"ကဲ . . . အခု ဘာအရင်လုပ်ကြမလဲ၊ အစားအရင် စားမလား၊ ပစ္စည်းအရင်ဝယ်ကြမလား"

စမ်းရေကမေးလျှင် ဆည်းလည်းက . . .

"ဆည်းလည်း အခု ဗိုက်မဆာသေးဘူး မကြီး၊ ဆည်း လည်းရဲ့ ဖိနပ်ကလေး အရင်သွားဝယ်ရအောင်၊ အဲဒီ ဖိနပ်က (----) Super Market မှာ ဆည်းလည်း တွေ့ ထားတာ"

"အေး အေး . . . ဒါဖြင့်လည်း ပြီးရော၊ အဲဒီ Super Market ကို အရင်သွားကြတာပေါ့"

စမ်းရေတို့ Super Market ထဲသို့ ဝင်လာကြ သည့်အချိန်တွင် သူ့ကားကလည်း Super Market ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုးရပ်ကာ စမ်းရေတို့ အနောက်မှ သူ လိုက်ပါလာမည်ကို စမ်းရေက အလိုလို သိပြီးသားဖြစ်သည်။ သို့သော် . . . မသိချင်ဟန်ဆောင်ကာ Super Market ထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း ဆည်းလည်းအတွက် သူမ လိုချင်သော ဖိနပ်ကလေးကို ဝယ်ပေးလေသည်။ ထိုအချိန်မှာ ဂီတ လှစ်ခနဲ ပျောက်သွားတာကို စမ်းရေရော ဆည်းလည်းပါ သတိမထား မိလိုက်ချေ။ ဆည်းလည်းရဲ့ ဖိနပ် ငွေရှင်းပေးပြီးမှ ဂီတကို လိုက်ရှာရသည်။ ဂီတကိုရှာရင်း စမ်းရေဆီသို့ စူးစူးစိုက်စိုက် လှမ်းကြည့်နေသော စစ်အိမ်ကို တွေ့ရ၏။ သူက စမ်းရေကို စကားလာမပြောချေ။ ခပ်လှမ်းလှမ်းမှသာ အရိပ်အခြည် လိုက်ကြည့်လျက်ရှိသည်။ စမ်းရေကလည်း ဆည်းလည်းနဲ့ဂီတ ပါနေတာမို့ သူ့ကို မသိကျိုးကျွန်ဟန်ဆောင်ထားလိုက်သည်။

"ဂီတ ဘယ်တွေလျှောက်သွားနေတာလဲ၊ မကြီးက ဂီတ ပျောက်သွားလို့ လန့်သွားတာပဲ"

"ကျွန်တော် လျှောက်ကြည့်နေတာပါ၊ မလေးအတွက်





ဝယ်ပြီးပြီ မဟုတ်လား . . . သွားရအောင်လေ"

"အေး အေး . . . သွားတာပေါ့၊ ဂီတအတွက် ဂစ်တာ လိုက်ဝယ်ပေးရဦးမယ်၊ ပြီးမှ နေ့လယ်စာ စားကြတာပေါ့"

ဆည်းလည်းက သူမ လိုချင်သော ဖိနပ်ကလေး ရခဲ့ပြီမို့ တပြုံးပြုံးနှင့် ပျော်ရွှင်ကျေနပ်၍ မဆုံး။ သူမတို့သုံးယောက်သား Super Market ထဲမှ ထွက်လာခဲ့ချိန်တွင် ရုတ်တရက် အံ့ဩထိတ်လန့်ဖွယ် အချက်ပေး အော်မြည်သံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာသောအခါ စမ်းရေ တစ်ကိုယ်လုံး ထူပူချောက်ချား၍သွားလေသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ ကျယ်လောင်စူးရှသော အချက်ပေးသံကြောင့် စမ်းရေတို့ဆီသို့ မျက်လုံးများစွာ ဝေါခနဲ စုပြုံကျရောက်လာခဲ့သည်။ လုံခြုံရေးဝန်ထမ်းတစ်ယောက် ချက်ချင်း ရောက်လာကာ . . .

"ညီမတို့ ခဏလေး အထဲပြန်ဝင်ပေးကြပါ၊ ဘာပစ္စည်းများ မှားပါသွားသလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ယဉ်ကျေးစွာ တားမြစ်ခြင်းကို ခံရလေသည်။

စမ်းရေတစ်သက်မှာ တစ်ခါမှ အခုလို အရှက်ကွဲစရာ အဖြစ်မျိုး မကြုံဖူးခဲ့။ မျက်နှာတစ်ခုလုံး ထူပူယောင်အမ်းလာသလို ခံစားရကာ ရင်တဒိန်းဒိန်း ခုန်လာသည်။ ဘာများ မှားယွင်းလို့ပါလိမ့်။ ဆည်းလည်းအတွက် ဝယ်ခဲ့သော ဖိနပ်ဖိုးလည်း ငွေချေခဲ့ပြီးသားပါ။ ဆည်းလည်းလည်း ရှက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ရဲရဲနီမြန်းကာ မျက်စိပျက် မျက်နှာပျက်နှင့် ငိုတော့မလို မျက်ရည်ဝိုင်းလျက်ရှိသည်။ စမ်းရေပင်လျှင် ဤမျှ ရှက်ရွံ့တုန်လှုပ်နေသေးတာ ညီမလေး ဘယ်လောက် ရှက်လိုက်မလဲဆိုတာ စမ်းရေက သိပ်ကို နားလည်ကိုယ်ချင်းစာပါတယ်။ ဂီတ၏ မျက်နှာကလေးမှာလည်း ဖြူရော်နွမ်းဆုတ်လျက် ရှိသည်။

"စိတ်တော့ မရှိပါနဲ့နော် ညီမ၊ ကိုယ်တို့ တာဝန်အရ ရှာပါရစေ၊ ဘာပစ္စည်းများ ငွေ မရှင်းရသေးဘဲ ပါသွား





လို့ပါလိမ့်"

စမ်းရေသည် ဖြစ်နိုင်လျှင် ထိုနေရာမှ အငွေ့ပျံကာ ပျောက်ပျက်လွင့်ပြယ်သွားချင်လှသည်။ လူတွေအားလုံးက စပ်စုစူးစမ်းသလို ဝိုင်းကြည့်နေကြခြင်းကို ခံနေရသည်။ အဲဒီ မျက်ဝန်းတွေ များပြားထဲမှာ စစ်အိမ်ရဲ့ မျက်ဝန်းတစ်ခုလည်း ပါနေမှာ အသေအချာပါ။ မလှမ်းမကမ်းမှာ စစ်အိမ်လာရပ်တာကို စမ်းရေက မျက်ဝန်းထောင့်စွန်းမှနေ၍ လှမ်းမြင်ရ၏။ စမ်းရေသည် မျက်ဝန်းထဲမှာ မျက်ရည်ရောက်မလာအောင် စိတ်ကို မနည်း ထိန်းချုပ်တင်းမာထားရလေသည်။

"ကျွန်မတို့ ဖိနပ်တစ်ရံပဲ ဝယ်ခဲ့တာပါ၊ ဘာဖြစ်လို့ အသံမြည်ရတာလဲ၊ အဲဒီ ဖိနပ်ဖိုးက ရှင်းပြီးသားပါ"

ဆည်းလည်းက နှုတ်ခမ်းကလေးကို သွားဖြင့်ကိုက်ကာ မျက်နှာနီနီ မျက်ရည်ဝဲဲဖြင့် ခေါင်းကို ငုံ့ထား၏။ လုံခြုံရေးဝန်ထမ်းကို စမ်းရေတို့ အိတ်တွေထဲ ဟိုဟိုဒီဒီ ရှာဖွေကြည့်လေသည်။ စမ်းရေဆီမှာရော ဆည်းလည်းဆီမှာပါ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မကွေ့ရ။ လုံခြုံရေးဝန်ထမ်းက ဂီတကို ကစ်ချက် လှမ်းကြည့်ကာ . . .

"ညီလေးဆီမှာရော ငွေမရှင်းရသေးတာ ဘာများပါသွားသေးလဲ"

ဟု ပြောလိုက်ရင်း ဂီတ၏ ယောင်းဘီဘောအိတ်ထဲသို့ လက်နှစ်ဖက် နှိုက်သွင်းလျက် စမ်းသပ်ရှာဖွေလိုက်လေသည်။ ဂီတ၏ မျက်နှာကလေးမှာ မျက်မှောင်ကြုတ်လျက် နှုတ်ခမ်းတင်းတင်း စေ့ထား၏။ သူကလေးလည်း သိပ် ရှက်နေရှာမှာပဲဟု . . . တွေးကာ စမ်းရေက မောင်လေးကို သနားကြင်နာသွားမိသေးသည်။ သို့သော် ဂီတ၏ ဘောင်းဘီအိတ်ထဲမှ ပြန်ထုတ်လိုက်သော လုံခြုံရေးဝန်ထမ်း၏ လက်ထဲမှ ပစ္စည်းကလေးတစ်ခုကို မြင်လိုက်ရချိန်မှာတော့ စမ်းရေ၏ ဦးခေါင်းတည့်တည့်ဆီ မိုးကြိုးပစ်ခွင်းချလိုက်သလို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားကာ တစ်ခေါင်းလုံး ချာချာလည်၍သွားလေသည်။ မျက်ဝန်းတွေပင် ပြာဝေသွားကာ လူက မူးပိုက်သွား၏။ လုံခြုံ





ရေးဝန်ထမ်းရဲ့ လက်ထဲမှာ နှုတ်ခမ်းနီတောင့်ကလေးတစ်တောင့်။

"ဒီ . . . နှုတ်ခမ်းနီတောင့်ကလေးအတွက် ညီလေးငွေမရှင်းရသေးဘူးထင်တယ်၊ ဒါကြောင့် ဒီကနေထအော်တာ၊ စိတ်တော့ မရှိပါနဲ့ဗျာ၊ ညီမတို့ သုံးယောက်လုံး မန်နေဂျာရုံးခန်းကို လိုက်ခဲ့ပေးပါ၊ ကျွန်တော်တို့ စူပါမားကက်ဟာ စည်းကမ်းတစ်ခု ရှိလို့ပါ၊ ပစ္စည်းတစ်ခုခုကို ငွေမရှင်းဘဲ ပြန်ထွက်ရင် ဆိုင်ရဲ့ စည်းကမ်းအတိုင်း လျော်ကြေးပြန်ပေးရပါလိမ့်မယ်"

စမ်းရေသည် တစ်ကိုယ်လုံး လွင့်စင်သွားသလို ခံစားလိုက်ရသည်။ ကိုယ့်မျက်စိကိုယ်တောင် မယုံချင်ပေ။ ဂီတကို မယုံကြည်နိုင်လွန်းစွာ၊ တုန်လှုပ်ချောက်ချားစွာဖြင့် ငေးစိုက်ကြည့်နေမိသည်။ ဂီတ၏ နှုတ်ခမ်းကလေးမှာ တဆတ်ဆတ် တုန်ယင်နေလျက် မျက်နှာတစ်ခုလုံးမှာ သွေးမရှိတော့ချေ။ ဆည်းလည်းဆီမှ တောက်ခတ်သံ ခပ်တိုးတိုး ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ကြည့်စမ်း . . . ဂီတ နင် ဘယ်လိုလုပ်လိုက်တာလဲ၊ လုံးဝ အရှက်မရှိဘူး၊ အောက်တန်းကျလိုက်တာ၊ နင် ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ ဂီတ၊ ဟင် . . .၊ ဘာကိစ္စ အဲဒီ နှုတ်ခမ်းနီကို ငွေမရှင်းဘဲ ခိုးယူလာရတာလဲ၊ အဲဒါ နင် ခိုးတာပေါ့၊ နင် သူခိုးပဲ"

ဆည်းလည်းက ဒေါသသံကလေးဖြင့် အဲကြိတ်ကာ ခပ်တိုးတိုး မာန်မဲအော်ဟစ်လေသည်။ စမ်းရေမှာလည်း ချောင်းတစ်ခုလုံး တစ်ဆို့နေလျက် ရင်ထဲမှာ နင့်နေ၏။ ဘာစကားမှပင် မပြောနိုင်ချေ။ တစ်ကိုယ်လုံးရှိ အင်အားတွေ စုပ်ထုတ်ခံလိုက်ရသလို ချိနဲ့နွမ်းလျသွားလေသည်။ ဘဝမှာ ဒီတစ်ကြိမ်လောက် ရှက်ရတာ မရှိတော့ချေ။

မန်နေဂျာနှင့်တွေ့ပြီး စမ်းရေသည် ထိုပြဿနာကို နာကျင်ရှက်ရွံ့စွာဖြင့်ပင် ဖြေရှင်းလိုက်ရသည်။ မန်နေဂျာက နားလည်မှုရှိ၍ တော်ပါသေးသည်" ဂီတကို အရွယ်





မရောက်သေးသော ဆယ်ကျော်သက်ကလေးတစ်ယောက်ရဲ့ မှားယွင်းမှုအဖြစ် နားလည်ပေးဖော်ရလေသည်။ သို့သော် ဘာပဲဖြစ်ဖြစ် စမ်းရေသည် ဘဝမှာ ထိုအဖြစ်အပျက်မျိုး တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးတာမို့ သိပ်ရှက်မိတာတော့ အမှန်ပဲ ဖြစ်သည်။ ဘာစကားမှ မပြောချင်တော့လောက်အောင် စိတ်ဓာတ်လည်း ကျသွားသည်။ ဂီတရဲ့ စာရိတ္တဟာ အဲဒီလောက် ပျက်စီးနေခဲ့သလား။ အဲဒါကို သူမ ဘာကြောင့်များ ကြို မတွေးထားခဲ့မိပါလိမ့်။

Super Market ထဲမှ ထွက်လာချိန်တွင် စမ်းရေသည် ခေါင်းပတ်ဝန်းကျင်ကို မကြည့်ရဲတော့သောကြောင့် ခေါင်းကို ခပ်စိုက်စိုက် ချထားခဲ့သည်။ စစ်အိမ်ကိုပင် မရှာဖွေတော့။ သူ အဖြစ်အပျက် အလုံးစုံကို တွေ့မှာပဲ။ သူ့စိတ်ထဲမှာ စမ်းရေအပေါ် ဘယ်လောက်တောင် အထင်သေး တန်ဖိုးလျော့တွက်သွားပြီ မသိ။ စမ်းရေမှာ အကျင့်စာရိတ္တ ချို့တဲ့နေသော မောင်လေးတစ်ယောက် ရှိနေမှန်း သူ ယူဆသွား



www.burmeseclassic.com

www.burmeseclassic.com



လောက်ရောပေါ့။ အို ... အခုချိန်မှာ အဲဒါတွေကို ဂရု မစိုက်နိုင်ပါဘူး။ ဂီတ၏ အကျင့်စာရိတ္တအတွက် စမ်းရေမှာ တာဝန်အပြည့် ရှိလာပြီ။ နောက်တစ်ကြိမ် ဒီလို အဖြစ်အပျက် မျိုး ဂီတ ထပ်ပြီး မကျူးလွန်ရစေအောင် စမ်းရေ ဘယ်လို နည်းနှင့် သူ့ကို အပြစ်ဒဏ်ပေးရင် ကောင်းမလဲ။

မောင်နှမသုံးယောက်သည် စကားတစ်ခွန်းမှ မပြောနိုင်ကြဘဲ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေကြ၏။ စမ်းရေက ဆည်းလည်းနှင့် ဂီတ၏ မျက်နှာကလေးတွေကို မသိမသာ အကဲခတ် စောင့်ကြည့်နေမိသည်။ ဆည်းလည်း၏ မျက်နှာကလေးပေါ်မှာတော့ သိပ်သည်းသော ရှက်ရွံ့နာကျင် မှုသွေ့နှင့် အာဃာ ဂီတအပေါ် စိတ်ဆိုးဒေါသနှင့် အပြစ် ဖွဲ့လို မှုကို တွေ့နေရသည်။ ဂီတ၏ မျက်နှာကလေးပေါ်မှာတော့ အရှက်နှင့် နောင်တတချို့ကို စမ်းရေ တွေ့ရလေသည်။ ဒီ အဖြစ်ကို ကိုင်တွယ်သည့်နေရာမှာ စမ်းရေ လိမ္မာပါးနပ်ဖို့ လိုအပ်ကြောင်း သဘောပေါက်လေသည်။





"ကဲ ... မကြီးတို့ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားရင်း အေးအေးဆေးဆေး စကားပြောရအောင်"

စမ်းရေက သူ့အသံကို တတ်နိုင်သရွေ့ ထိန်းချုပ် ကာ ဘာမှ မဖြစ်လေဟန် အသံမျိုးဖြင့် စတင်၍ ပြောလိုက် သည်။

ဆည်းလည်းက နှုတ်ခမ်းကလေးကို စူပုပ်လျက် ရှိကာ ...

"အို ... ဆည်းလည်းတော့ ဘာမှ မစားချင်တော့ ဘူး၊ အဲဒီကောင်လေးနဲ့လည်း ဆက်ပြီး မျက်နှာချင်း မဆိုင်ချင်တော့ဘူး၊ ဆည်းလည်း သိပ်ရှက်တယ်ပဲ၊ အဲဒီ Super Market ကို နောက်တစ်ကြိမ် ဆည်းလည်း ဘယ်လိုမျက်နှာမျိုးနဲ့ သွားရတော့မှာလဲ၊ လူတွေအား လုံးရဲ့ ရှေ့မှာ ဆည်းလည်းရော မကြီးပါ အရှက်ကွဲခဲ့ ရပြီ၊ အဲဒါ သူ့ကြောင့်ပေါ့၊ လုံးဝ အဆင့်အတန်း မရှိဘူး၊ ဒါနဲ့များ ဖေဖေ့သားတဲ့၊ ရှက်ဖို့ကောင်းလိုက်တာ၊ ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြတဲ့ လူတွေထဲမှာ ဆည်းလည်းရဲ့ သူငယ်ချင်းတွေ အသိတွေထဲက မပါဘူးလို့ ဘယ်လိုလုပ် ပြောနိုင်မလဲ၊ သွားပါပြီ . . . ဆည်းလည်းရဲ့ ဂုဏ်သိက္ခာတော့ ထိခိုက်ပါပြီ"

ဟု . . . မကျေမနပ် ငြူငြူစူစူ အသံကလေးဖြင့် ပြောလေသည်။ ဂီတကတော့ စကားတစ်ခွန်းမှ မဆိုချေ။ သူ့အပြစ်နှင့် သူမို့ ခေါင်းငုံ့ ငြိမ်သက်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။ ဂီတမှာ ရည်ရွယ်ချက် တစ်ခုခုတော့ ရှိမှာပင်။ အဲဒီ ရည်ရွယ်ချက်ကို သိအောင်လုပ်ဖို့တော့ အရေးကြီးသည်။

"ဆည်းလည်းရယ် မကြီး တောင်းပန်ပါတယ်၊ ဂီတကို မကြီးလည်း စိတ်ဆိုးတာပဲ၊ တကယ်တော့ ဒီလို အလုပ်မျိုး ဂီတ လုံးဝမလုပ်သင့်ဘူး၊ ဒါပေမယ့် ဒီအဖြစ်အပျက်မှာ အဖြေတစ်ခုခုတော့ ရှိရမယ်လေ၊ ဂီတ ဘာကြောင့် အဲဒီလို လုပ်သလဲဆိုတာ မကြီး သိချင်တယ်၊





သိမှလည်း သူ့ကို နောက် ဒါမျိုး ထပ်မလုပ်ဖြစ်အောင် မကြီး ဆုံးမနိုင်မှာပေါ့၊ ဆည်းလည်းက အဲဒါကို နားလည်သဘောပေါက်ပေးပါနော်၊ မကြီး တောင်းပန်ပါတယ်၊ ကဲ . . . မကြီးတို့ ရှေ့ကဆိုင်ကလေးထဲပဲ ဝင်လိုက်ရအောင်၊ ဆည်းလည်း သိပ်ရှက်နေမယ်ဆိုတာ မကြီး နားလည်ပါတယ်၊ မကြီးလည်း ရှက်တာပဲကွယ်၊ မကြီးတို့ တစ်သက်မှာ တစ်ခါမှ အခုလို အဖြစ်အပျက်မျိုး ကြုံဖူးခဲ့တာမှ မဟုတ်တာ၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ဖြစ်ပြီးခဲ့တာက ဖြစ်ပြီးခဲ့ပြီလေ၊ နောက်တစ်ခေါက် ထပ်မဖြစ်ဖို့သာ မကြီးတို့ ကြိုးစားကာကွယ်ရတော့မှာ၊ ကဲ . . . လာ ဆည်းလည်းက မကြီး စကားပြောနေတုန်း ဘေးကနေ တစ်ခွန်းမှ ဝင်မပြောနဲ့နော်၊ အသာလေး ငြိမ်ပြီးတော့ နားထောင် . . . ဟုတ်လား၊ ဂီတကို ဆူချင်ရင် အိမ်ရောက်တော့မှ ကြိုက်သလောက်ဆူ၊ အခုတော့ စားသောက်ဆိုင်ထဲမှာ ဘာမှ ထပ်မ



www.burmeseclassic.com

www.burmeseclassic.com



ပြောနဲ့တော့၊ ဆည်းလည်း စားချင်ကာ အေးအေးဆေး ဆေး မှာစားနော် . . . ဟုတ်ပြီလား၊ ကဲ . . . လာ"

စမ်းရေက ဦးဆောင်ပြီး ကော်ဖီဆိုင်ကလေးကဲ သို့ ဝင်လာခဲ့ကြသည်။ ဆည်းလည်း၏ မျက်နှာကလေးမှာ တင်းမာရိပ် လုံးဝ မလျော့ချေ။ ဂီတကိုလည်း တစ်ချက် ကလေးမှ လှည့်မကြည့်တော့ချေ။ စားပွဲတစ်ခုမှာ နေရာယူ ပြီးချိန်တွင် စမ်းရေက ဂီတနှင့် မျက်နှာချင်းဆိုင် ရင်ဆိုင် လိုက်၏။ ဂီတက စမ်းရေကို ရင်မဆိုင်ရဲသလို မျက်လွှာချလျက် ခေါင်းငုံ့ ငြိမ်သက်နေ၏။

"ဂီတ . . . မောင်လေး၊ မကြီးရဲ့ မျက်လုံးတွေထဲ တည့် တည့်ကြည့်စမ်း"

ဟု . . . ပြောလိုက်လျှင် ဂီတက မျက်လွှာက လေး တဖြည်းဖြည်း ပွင့်လာကာ စမ်းရေ၏ မျက်လုံးတွေထဲ သို့ ကြည့်လေသည်။ ထိုခဏမှာ စမ်းရေရင်ထဲ နာကျင်သွား ရလောက်အောင် ဂီတ၏ မျက်လုံးနက်နက်ရွှန်းရွှန်းကလေး





တွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလျှံကျလာခဲ့လေသည်။

"မကြီးကို ပြောစမ်းပါ၊ အမှန်အတိုင်း ပြောနော်၊ ဂီတ ဘာဖြစ်လို့ အဲဒီ နှုတ်ခမ်းနီကို ပိုက်ဆံမပေးဘဲ အလစ် သုတ်ခဲ့ရတာလဲ၊ ဂီတ ဘာလုပ်မလို့လဲ"

"ကျွန်တော် မကြီးရဲ့ မွေးနေ့အတွက် မကြီးကို မွေးနေ့ လက်ဆောင် ပေးချင်လို့ပါ"

ဂီတက အသံကလေး တိုးတိုးအက်အက်ဖြင့် ရုတ်တရက် ဖြေလိုက်လျှင် စမ်းရေ၏ နှလုံးသားကို ဆွဲခါ ချိုးလိမ်ပစ်လိုက်သလို စူးစူးရှရှကြီး နာကျင်သွားတော့၏။ အို . . . မောင်လေးရယ် ဖြစ်မှ ဖြစ်ရလေ။ စမ်းရေ ရင်ထဲမှာ ဆို့နစ်သွားကာ ဂီတ၏ လက်ကလေးတစ်ဖက်ကို ခပ်တင်း တင်း လှမ်းဆုပ်ကိုင်လိုက်မိစဉ် ဂီတထံမှ ရှိုက်သံကလေး တိုးတိုးတိတ်တိတ် ထွက်ပေါ်လာခဲ့လေသည်။ ထို့နောက် ရှိုက်သံများ စွက်လျက် . . .

"ကျွန်တော် မှားသွားပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မကြီး ကြိုက်သလို ကျွန်တော့်ကို အပြစ်ပေးပါ၊ မကြီးနဲ့ မလေးကို လူတွေကြားမှာ အရှက်ကွဲအောင် ကျွန်တော် လုပ်ခဲ့မိတယ်၊ ကျွန်တော် . . . နောက် ဘယ်တော့မှ အဲဒီလို မလုပ်တော့ပါဘူး၊ ကျွန်တော် တကယ် ကတိပေးပါတယ်၊ မကြီးကို မွေးနေ့လက် ဆောင် ပေးချင်လွန်းလို့ ကျွန်တော် လုပ်ခဲ့မိတာပါ၊ အဲဒီ နှုတ်ခမ်းနီကို ဝယ်ဖို့ ပိုက်ဆံလည်း ကျွန်တော့်မှာ မရှိလို့ပါ၊ ပိုက်ဆံရှိရင် ကျွန်တော် ပိုက်ဆံနဲ့ ဝယ်မှာပါ၊ တကယ်ပြောတာပါ၊ ကျွန်တော့်ကို ယုံပါ မကြီးရယ်၊ မလေးကိုလည်း ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ ကျွန်တော် ရောက်က တည်းက မကြီးကပဲ ကျွန်တော့်ကို ဝယ်ပေးနေရတာ၊ ကျွန်တော်က မကြီးကို ဘာမှ ပြန်မပေးနိုင်ဘူး၊ အဲဒါ ကြောင့် ကျွန်တော် တစ်ခုခု ပြန်ပေးချင်လို့ပါ"

'ဂီတရယ် . . . တော်ပါတော့၊ ဆက်မပြောပါနဲ့တော့၊





မကြီးရင်ထဲ ထိခိုက်လွန်းလို့ပါ၊ မောင်လေးရယ် . . . မင်းက အခုမှ ငယ်ငယ်လေး ရှိသေးတာ၊ မင်းဘက်က ဘာမှ ပြန်ပေးဖို့ မလိုပါဘူး၊ ဂီတဟာ မကြီးရဲ့ မောင် လေးပဲ၊ မကြီးကပဲ အားလုံး အစစ အရာရာ တာဝန်ယူ ရမှာပေါ့၊ အဲဒါ မကြီးရဲ့ တာဝန်ပဲ၊ မောင်လေးဘက်က ဘာမှ ပြန်ပေးဖို့ မလိုပါဘူး ဂီတရယ်၊ ဒါပေမယ့် အခု အချိန်ကစပြီး ဂီတ မကြီးနဲ့ မလေးကို တစ်ခုခု ပြန်ပေး ချင်တယ်ဆိုရင် ကတိတစ်ခုပဲပေးပါ၊ အဲဒီ ကတိကို ပေးတာဟာ မကြီးနဲ့မလေးကို ဂီတ တစ်ခုခု ပေးတာနဲ့ အတူတူပဲ"

"ဘာကတိလည်း မကြီး"

"ဒီနေ့ကစပြီး ပိုင်ရှင်မသိဘဲ သူများပစ္စည်းကို ဘယ် တော့မှ အလစ်မသုတ်ပါဘူးဆိုတဲ့ ကတိ"

ဂီတ၏ မျက်နှာကလေးမှာ သွေးရောင် လွှမ်း သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကတိပေးပါတယ် မကြီး၊ နောက် ကျွန်တော် ဘယ်တော့မှ သူများပစ္စည်း အလစ်မသုတ်တော့ပါဘူး"

ဟု . . . ခပ်သွက်သွက် ကတိပေးလေသည်။ စမ်းရေသည် သက်ပြင်းကလေး ရှိုက်မိကာ ဆည်းလည်းဆီသို့ လှည့်ကြည့်လိုက်မိရင်း ဆည်းလည်းကို မေးဆတ်ပြလိုက်၏။

"ကဲ . . . ဘယ်လိုလဲ ဆည်းလည်း၊ ဂီတက သူ နောက် ဘယ်တော့မှ အဲဒီလို မလစ်မသုတ်တော့ပါဘူးလို့ ကတိပေးနေပြီ၊ ဆည်းလည်း ကျေနပ်တယ် မဟုတ်လား၊ ကိုယ့်မောင်လေးပဲ ဆည်းလည်းရယ်၊ တစ်ခါတစ်လေ သူမှားမိတာ ခွင့်လွှတ်ပေးလိုက်ပါနော်၊ စိတ်ဆိုးမနေနဲ့တော့၊ သူမှားတဲ့ အမှားကလည်း မကြီးကို တစ်ခုခု ပေးချင်လို့ မှားမိတဲ့ စေတနာအမှားမျိုးပါ၊ မကြီးတို့ အရှက်ကွဲခဲ့တယ်ဆိုတာကလည်း ဒီတစ်ကြိမ် နောက်ဆုံး ဖြစ်မှာပါ၊ နောက်ဆို ဂီတက မကြီးတို့ကို ဘယ်တော့မှ အရှက်ရအောင် လုပ်တော့မှာ မဟုတ်ပါဘူး၊ သူ ကတိ





ပေးပြီးပြီလေ၊ ဆည်းလည်း ကျေနပ်လိုက်တော့နော်. . . ဟုတ်လား"

ဆည်းလည်းရဲ့ မျက်နှာကလေးပေါ်မှာ တင်းမာစူပုပ်ရိပ်ကလေး နည်းနည်းတော့ လျော့ပါးစ ပြုလာ၏။ ဂီတကို မျက်စောင်းတစ်ချက်ထိုးကာ . . .

"ဟင့်အင်း . . . ဆည်းလည်း သိပ်တော့ မကျေနပ်နိုင်သေးဘူး၊ သူ့ခေါင်းကို တစ်ချက် ထုရမှ ခွင့်လွှတ်နိုင်မယ်"

ဟု ပြောလျှင် ဂီတက နှုတ်ခမ်းကလေး စေ့ကာ ပြုံးရင်း ဆည်းလည်း၏ရှေ့သို့ သူ့ခေါင်းကလေး ထိုးပေးလေသည်။ ဆည်းလည်းက ပြုံးချင်ချင်ဖြစ်သွားသော နှုတ်ခမ်းကလေးကို သွားဖြင့် အသာအယာ ဖိကိုက်ရင်း ဂီတ၏ ခေါင်းကလေးကို လက်သီးဆုပ်ကလေးဖြင့် မနာအောင် ခပ်ဖွဖွ ထုပစ်လိုက်လေသည်။

စမ်းရေသည် အခုမှ ရင်ထဲမှာ ပေါ့ပါးသွားကာ



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်၍ ရယ်လိုက်မိသည်။ အဲဒီနောက်တော့ ဆည်းလည်းနှင့် ဂီတ၏ ရယ်သံကလေးတွေပါ လွင့်ထွက်လာခဲ့တော့သည်။

စမ်းရေက ကော်ဖီဆိုင်ကလေးထဲသို့ မျက်လုံးတစ်ချက် ဝေ့ဝဲကာ ကြည့်လိုက်မိလျှင် ခပ်လှမ်းလှမ်း စားပွဲဆီမှ ထိုင်လျက် စမ်းရေဆီသို့ စိမ်ပြေနပြေ စိုက်ငေးကြည့်နေသော စစ်အိမ်၏ မျက်ဝန်းတစ်စုံကို ရင်ဆိုင်လိုက်ရချိန်တွင် စမ်းရေ၏ နှလုံးသားတစ်ခုလုံး ပူနွေးလှိုက်ဖိုသွားလေသည်။

☎☎☎



တနင်္ဂနွေနေ့တွင် စစ်အိမ်များ ရောက်လာဦးမလားဟု စမ်းရေမှာ ရင်တထင့်ထင့်နှင့် ရှိသော်လည်း သူ ရောက်မလာခဲ့ပါ။ အိမ်မှာ စမ်းရေတို့ မောင်နှမသုံးယောက် မြီးရှည်လုပ်စားရင်း၊ ဗွီဒီယိုကြည့်ရင်းဖြင့် တနင်္ဂနွေ တစ်နေ့တာ ကုန်ဆုံးသွားခဲ့၏။

ဂီတက သူ လက်ဆောင်ရသော အသစ်ကျပ်ချွတ် ဂီတာကလေးကို လက်မှ မချဘဲ တယုတယ မြတ်မြတ်နိုးနိုး ကိုင်တွယ်လျက် တသသ ရှိလေသည်။ ဆည်းလည်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ ရသော ဒေါက်ဖိနပ်ကလေးကို အစမ်း ဝတ်ကြည့်ကာ ဧည့်ခန်းထဲမှာ တဒေါက်ဒေါက် အသံမြည်အောင် ကိုယ်ဟန်ပြ လျှောက်၍ မဆုံးတော့ချေ။ စမ်းရေသည် ညီမလေးနှင့် မောင်လေး၏ ပီတိဟို ငေးမောကာ ရင်ထဲမှာ တသိမ့်သိမ့် သာယာကြည်နူးကာ ချမ်းမြေ့ရလေသည်။ စမ်းရေအတွက် ဘာမှ မလိုအပ်ပါ။ ညီမလေးနှင့် မောင်လေး၏ စိတ်ချမ်းသာပျော်ရွှင်မှုကိုသာ အလိုရှိပါသည်။ သူတို့ ကလေးနှစ်ယောက် ပျော်ရွှင်ရယ်မောနေတာ မြင်ရလျှင်ပင် စမ်းရေ၏ အမောများ အားလုံး လွင့်ပြယ်ပျောက်ပျက်ရ၏။ ဒါဟာ အစ်မကြီးတစ်ယောက်ရဲ့ မေတ္တာတရား ထင်ပါရဲ့။

တနင်္လာနေ့သို့ ရောက်သောအခါ စမ်းရေသည် ဘာကြောင့်မှန်းမသိ တစ်ခုခုကို မျှော်လင့်စောင့်စားနေမိသည်။ စနေနေ့က အဖြစ်အပျက်အတွက် သူသည် စမ်းရေတို့ အပေါ်မှာ အသင်သေးသွားခဲ့ပြီ ထင်ပါရဲ့ . . . ဟူသော အတွေးက စမ်းရေကို အရှက်သည်းစေလေသည်။ ထိုမြင်ကွင်း





ကို ပြန်တွေးလိုက်တိုင်း စမ်းရေ၏ မျက်နှာတစ်ပြင်လုံး ဖြတ်အရိုက်ခံလိုက်ရသလို ပြုန်းခနဲ ပူနွေးသွားတတ်ပြီ။ အို . . . ငါ ဘာဖြစ်လို့ ဒီလူတစ်ယောက်ကို အခုမှ ဒီလောက် အလေးအနက်ကြီး ဂရုစိုက်နေရတာပါလိမ့်။ သူဘာသာသူ ဘာထင်ထင်ပေါ့။ အရေးစိုက်စရာ မရှိပါဘူး။ ဂီတရဲ့ လုပ်ရပ်ကြောင့် သူ စမ်းရေအပေါ် အထင်သေးသွားတယ်ဆိုရင်လည်း လဲသေလိုက်ပေါ့။ လုံးဝ ဂရုစိုက်စရာ မရှိဘူးဟု တစ်ကိုယ်တည်း စိတ်တိုသလို ခပ်ဆောင့်ဆောင့် တွေးမိလေသည်။ သို့သော် ကလေးနှစ်ယောက်ကို ညနေဘက် ကျောင်းပြန်ကြိုချိန်မှာတော့ စမ်းရေ၏ မျက်လုံးများက တစ်စုံတစ်ခုကို မသိမသာ ရှာဖွေမိလေသည်။ မြင်တွေ့နေကျ ခရမ်းပြာရောင် ပြိုင်ကားကလေးကို မတွေ့ရလျှင် စမ်းရေသည် ရင်ထဲမှာ ဟာသွားသလို နွမ်းလျ၍ သွားကာ ဘာကို စိတ်တိုမိမှန်းမသိ စိတ်လည်း တိုမိ၏။ ကလေးနှစ်ယောက်ကို ကားနောက်ခန်းမှာ တင်ပေးပြီးနောက် ကားကို ဆောင့်ကနဲ မောင်းထွက်ခဲ့လျှင် ကား



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းထဲရှိ Walky Talky ခရမ်းရောင်ကလေးဆီမှ ရုတ်တရက် အသံ ထွက်လာ၏။ ကလေးနှစ်ယောက်ဟာ အသံထွက်လာသော Walky Talky ကလေးကို နှစ်ယောက်သား လုလျက်ရှိသည်။ စမ်းရေက ကားကို ချက်ချင်း စက်ပြန်ရပ်လိုက်ကာ ကားနောက်ခန်းဆီသို့ တစ်ခေါက်ပြန်သွားပြီး ကလေးတွေလက်မှ Walky Talky ကလေးကို ပြန်၍ လုယူကာ နားတောင်လိုက်သည်။

"ဟဲလို . . . စမ်းရေ၊ တစ်ယောက်ယောက်ကိုများ ငေးရှာနေသလားလို့"

ဟူသော . . . စစ်အိမ်၏ နွေးထွေးချိုမြိန်သော အသံသြရှရှကို ကြားလိုက်ရချိန်မှာ စမ်းရေသည် ရှက်သွေးဖြာသွားလေသည်။ မျက်လုံးများက ဟိုဟိုဒီဒီသို့ လှည့်ပတ်ရှာဖွေလိုက်မိစဉ် ခရမ်းပြာရောင် ပြိုင်ကား မဟုတ်တော့ဘဲ ငွေမင်ရောင် ပြောင်လက်တောက်ပနေသော ကားအသစ်တစ်စင်းဘေးမှာ ရပ်လျက် စမ်းရေဆီသို့ ပြုံး၍ လက်လှမ်းပြ





နေသော စစ်အိမ်ကို မြင်ရ၏။ အံ့မယ် . . . ကြည့်စမ်း သူက ကားအသစ်တစ်မျိုး ပြောင်းလဲသွားပြန်ပြီ။ အဲဒါ ဘာကား အမျိုးအစားလဲဆိုတာတော့ စမ်းရေ မသိပါ။ စမ်းရေသည် ရှက်စနိုး ပြုံးလိုက်ရင်း . . .

"အလို . . . ကျွန်မက ဘယ်သူ့ကို ရှာရမှာတုန်း၊ ကိုယ်ထင်ရာ ဆွဲတွေးမနေစမ်းပါနဲ့"

ဟု . . . ဆောင့်အင့်အင့် လေသံကလေးဖြင့် ပြောလိုက်၏။ သူ့ရဲ့ ရယ်သံတိုးတိုးကို ကြားရပါသည်။

"ကျွန်တော် စမ်းရေဆီ လျှောက်လာလို့ ရမလား"

"လာပြီး . . . ဘာပြောမလို့လဲ"

"စနေနေ့က ကျွန်တော် စမ်းရေတို့အိမ်ကို လာလည်ခဲ့တယ်လေ၊ ဒါပေမယ့် စမ်းရေက လိမ္မာပါးနပ်စွာနဲ့ ရှောင်သွားခဲ့တယ်၊ ကျွန်တော် စမ်းရေတို့နောက်ကို တစ်ကောက်ကောက် လိုက်ခဲ့တာ စမ်းရေ သိတယ်မဟုတ်လား၊ စမ်းရေကို အနှောင့်အယှက် မပေးချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လာမနှုတ်ဆက်ခဲ့တာပါ၊ ကျွန်တော် လာလည်မှာကို မကြိုက်ဘူးဆိုရင်လည်း မကြိုက်ဘူးလို့ ပြောထားရှာပေါ့ စမ်းရေရယ်၊ အဲဒီလို ရှောင်သွားဖို့ မလိုပါဘူး"

သူ့အသံက နားလည်မှု အပြည့်နှင့် နွေးထွေးနေ၏။ စမ်းရေသည် စနေနေ့တုန်းက လုပ်ခဲ့မိသော အပြုအမူအတွက် သူ့ကို တိတ်တိတ်ကလေး ပြန်၍ အားနာသွားမိပါသည်။ ပြီးတော့ Super-Market မှာ စမ်းရေတို့ ရင်ဆိုင်ခဲ့ရသော အရှက်ကွဲစရာ အဖြစ်အပျက်ကို သူ အစအဆုံး မြင်ပါလျက်နှင့် ဘာကြောင့်များ ဖွင့်မပြောတာပါလိမ့်။ စမ်းရေရှက[illegible]်လို့များ ထင်နေလို့လား မသိချေ။

"စနေနေ့တုန်းက ရှင့်ကို ကျွန်မ ရှောင်ခဲ့မိတာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ညီမလေးနဲ့ မောင်လေး အကြောင်းကို ကျွန်မ အသိဆုံးမို့ပါ၊ သူတို့ ရှင့်ကို ကျွန်မရှေ့မှာ ပညာပြကြမှာကို ကျွန်မ ရင်မဆိုင်ချင်





ဘူးလေ"

"ခံရမဲ့သူက ကျွန်တော်ပါ စမ်းရေရယ်၊ ကျွန်တော် ခံနိုင်ရည် ရှိပါတယ်လို့ ပြောပြီးပြီပဲ၊ ကျွန်တော် စမ်းရေ့ဆီ ဒုတိယအကြိမ် လာလည်ချင်ပါတယ်၊ ခွင့်ပြုမလား စမ်းရေ၊ ဒီတစ်ခါတော့ ရှောင်ထွက်မသွားပါနဲ့နော်"

"ကောင်းပြီလေ . . . ၊ ရှင် . . . တကယ် သတ္တိရှိတယ်ဆိုရင် လာချင်လာခဲ့ပေါ့၊ ညီမလေးနဲ့ မောင်လေး အကွက်တော့ ကျွန်မ တကယ် အာမ မခံနိုင်ဘူး"

"အိုကေ . . . ရတယ်၊ ကျွန်တော် ဒီလောက်တော့ ခံနိုင်ပါတယ်၊ ဒါနဲ့ စကားမစပ် စနေနေ့က ဖြစ်သွားခဲ့တဲ့ ပြဿနာကို စမ်းရေ ကိုင်တွယ်ဖြေရှင်းသွားပုံက သိပ်လှတယ် စမ်းရေ၊ အဲဒီအတွက် ကျွန်တော် စမ်းရေကို လေးစားပါတယ်"

ဟု . . . သူက ပြောလိုက်စဉ် စမ်းရေသည် မျက်နှာကလေး နီမြန်းထူပူသွားလေသည်။ သူက ဘာကိုများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေးစားရတာပါလိမ့်။

"ကဲ . . . ဒါပဲမဟုတ်လား၊ ကျွန်မ သွားတော့မယ်"

"စနေနေ့ကျရင် ကျွန်တော် ဘယ်အချိန် လာရင် ကောင်းမလဲ စမ်းရေ"

"အင်း . . . ၁၀-နာရီနဲ့ ၁၁-နာရီကြားလောက် လာချင် လာခဲ့ပေါ့၊ ဒီတစ်ပတ် စနေနေ့တော့ ကျွန်မတို့ မောင်နှမတွေ အိမ်မှာ တစ်ခုခု လုပ်စားဖြစ်လိမ့်မယ် ထင်တယ်၊ ရှင့်ကိုလည်း ကျွေးရတာပေါ့"

"ကောင်းပြီ စမ်းရေ . . . ၊ ကျွန်တော် ၁၀-နာရီအတိ လာခဲ့မယ်၊ ဒါပဲနော် . . . ကားကို ဂရုစိုက်မောင်းနော်၊ ကျွန်တော် အနောက်ကနေ လိုက်လာခဲ့မယ်"

"ဒါနဲ့ နေပါဦး . . . ရှင့်မှာ ကားတွေ သိပ်ပေါနေသလားဟင်၊ ဟို ခရမ်းပြာရောင်ကားက ဘယ်ရောက်သွားပြီလဲ"

စမ်းရေက မနေနိုင် မထိုင်နိုင် လှတ်ခနဲ မေး





လိုက်မိ၏။

သူက ခပ်တိုးတိုးရယ်ကာ . . .

"ကျွန်တော်က ကားတွေ ဝယ်ပြီး သေသေချာချာ သ,ပြီး ပြန်ရောင်းတဲ့အလုပ် လုပ်တယ် စမ်းရေ၊ ကားဝယ်ရောင်းပေါ့၊ ခရမ်းပြာရောင်ကားက တနင်္ဂနွေနေ့ကပဲ ထွက်သွားပြီ၊ အခု ဒီကားအသစ် ကျွန်တော် ပြန်ဝယ်ထားတာ၊ အဲဒီ ကိစ္စတွေနဲ့ အလုပ်ရှုပ်နေလို့ တနင်္ဂနွေနေ့က စမ်းရေအိမ်ကို မလျှော့ဘဲ ထပ်လာလည်ဖို့ အစီအစဉ်ကို ဖျက်လိုက်ရတာ"

"ဩော် . . . ဩော် . . . ဒါဖြင့် အိုကေလေ၊ ကျွန်မ သွားတော့မယ်"

စမ်းရေက Walky Talky ကလေးကို ပိတ်ကာ ကားပေါ်သို့ လှမ်းတင်လိုက်ရင်း ကားမောင်းထွက်ခဲ့သည်။ စမ်းရေတို့နှစ်ယောက်ရဲ့ ဆက်သွယ်ရေးက အတော် ရယ်စရာကောင်းပါသည်။ တစ်ယောက်နှင့်တစ်ယောက် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ကွာဝေးတာလည်း မဟုတ်ဘဲနှင့် ခပ်လှမ်းလှမ်းကနေ Walky Talky နှင့် လှမ်းပြောနေခြင်းဖြစ်သည်။ အဲဒါ သူ တမင်သက်သက် အဆန်းထွင်ခြင်း ဖြစ်သည်။ စမ်းရေကို မျက်နှာချင်းဆိုင်လာစကားပြောလို့ ရလျက်သားနှင့် တမင် အဆန်းထွင်ခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ့လုပ်ရပ်က အောင်မြင်ပါသည်။ စမ်းရေသည် အဲဒီလို ကလေးဆန်ဆန် Walky Talky နှင့် စကားပြောရခြင်းကို တစ်နည်းအားဖြင့်လည်း ရယ်မောချင်လှစွာ နှစ်သက်နေပြန်သေး၏။

☎☎☎

BURMESE CLASSIC .com





အခန်း . . . ၅

စနေနေ့သို့ ရောက်လျှင် စမ်းရေမှာ ရင်တထိတ်ထိတ် ဖိုရလေသည်။ ဒီနေ့တော့ စမ်းရေ ရှောင်ထွက်၍ မကောင်းတော့ချေ။ ဆည်းလည်းနှင့် ဂီတကို . . .

"ဒီနေ့ မကြီးတို့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားကြရင် မကောင်းဘူးလား ဆည်းလည်းနဲ့ ဂီတ . . ."

ဟု . . . စကားစလိုက်လျှင် အငယ်နှစ်ယောက်က ဝမ်းသာအားရပင် သဘောတူ ထောက်ခံကြလေသည်။ အဲဒီနောက် မောင်နှမသုံးယောက်သား မီးဖိုခန်းထဲမှာ အုန်းနို့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲ ချက်ဖို့ ပြင်ဆင်ချက်ပြုတ်ကြတော့သည်။ စမ်းရေက နာရီကို မသိမသာ လှမ်းလှမ်းကြည့်မိရင်း ဆည်းလည်းနှင့် ဂီတကို အရိပ်အမြွက်ကလေးတော့ ကြိုပြောပြထားရင် ကောင်းမလားဟု . . . စဉ်းစားမိသေး၏။ သို့သော် ဘယ်လိုမှ ပါးစပ်က မထွက်နိုင်ချေ။ ကိုယ်က အစ်မကြီး အမိရာ ဖြစ်နေသောကြောင့် အိမ်ကို ယောက်ျားတစ်ယောက် ပထမဆုံး စတင်၍ လာရောက်မည့်ကိစ္စကို ညီမလေးနှင့် မောင်လေးထံမှာ ခွင့်တောင်းသလို ဖွင့်ပြောရမှာကိုလည်း ရှက်သလိုလို ဖြစ်နေမိသေး၏။ မထူးပါဘူးလေ . . . သူလာမှပဲ မီးစင်ကြည့်ကကြတာပေါ့ဟု . . . တွေးထားလိုက်သည်။ ၁၀-နာရီအတိမှာ အိမ်ရှေ့မှ ကားသံကို ကြားရလျှင် စမ်းရေ၏ ကိုယ်ခန္ဓာကလေးမှာ ဆတ်ခနဲ မတ်သွား၏။ အုန်းနို့ခေါက်ဆွဲကတော့ အားလုံးအဆင်သင့် ဖြစ်နေပြီ။ စမ်းရေသည် အိမ်နေရင်း ဂါဝန်ရှည်ကလေးနှင့်ပင် ဘာမှ ပြင်ဆင်ထားခြင်း မရှိဘဲ မျက်နှာကလေးပြောင်ဝင်းလျက် ဆံပင်တွေကို ထုံးစံအတိုင်း အနောက်သို့





အားလုံး ပင့်တင်၍ စုစည်းထားလေသည်။

အိမ်ရှေ့တံခါးဆီမှ ဘဲ(လ်)သံကို ကြားရလျှင် ဂီတက . . .

"ဟော . . . ဘယ်သူလဲ မသိဘူး၊ ကျွန်တော် သွားဖွင့်လိုက်မယ်"

ဟု . . . ပြောရင်း ခပ်သွက်သွက် ပြေးထွက်သွား၏။

စမ်းရေကတော့ ဣန္ဒြေရရဖြင့် မသိချင်ဟန်ဆောင်နေသည်။ ခဏနေတော့ အိမ်ရှေ့မှ စကားပြောသံအချို့ကို ကြားရကာ ဂီတက မီးဖိုခန်းထဲသို့ ပြန်ဝင်လာ၏။ မျက်နှာထားက ချက်ချင်းပင် ပြောင်းလဲသွားတာကို စမ်းရေက ရိပ်မိပါသည်။ မျက်နှာက စူပုပ်ပုပ် မှုန်ကုပ်ကုပ် မျက်နှာပေးနှင့် . . .

"မကြီးရဲ့ ညှော့သည်တဲ့၊ အိမ်ရှေ့မှာ အစ်ကိုကြီးတစ်ယောက် ရောက်နေတယ်၊ ကားကြီးကတော့ အပြံစားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်နေတာပဲ"

ဟု . . . ရှုတင်းတင်း လေသံဖြင့် ပြောလေသည်။ ဂီတရဲ့ စကားကြောင့် ဆည်းလည်းက မျက်ခုံးတွေ ပင့်သွားကာ စပ်စုလိုဟန်ဖြင့် . . .

"ဘယ်သူတုန်း . . . ငါ သွားကြည့်လိုက်မယ်"

ဟု . . . ဆိုကာ ဆတ်ခနဲ ထသွားပြန်သည်။ စမ်းရေက ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်။ ရင်ထဲမှာ တထိတ်ထိတ်။

ဧည့်ခန်းထဲသို့ရောက်လျှင် ဆည်းလည်းက စစ်အိမ်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်လျက် ရှိကာ . . .

"မကြီးနဲ့ ဘယ်တုန်းက သိတာလဲ၊ မကြီးက ဖိတ်ထားလို့လား၊ ဆည်းလည်းတို့ကိုတော့ ဘာမှ မပြောပေါင်"

ဟု . . . ဂျစ်ကန်ကန် မျက်နှာပေးဖြင့် တိုက်စစ် စတင်လျက်ရှိသည်။

စစ်အိမ်က သူယူလာသော လက်ဆောင်





အထုပ်အပိုးတွေကို စားပွဲပေါ်မှာ တင်လိုက်ရင်း ချိုမြမြ အပြုံးဖြင့် . . .

"စမ်းရေ ဖိတ်ထားလို့ ကိုယ် လာတာပါ၊ စမ်းရေက တစ်ခုခု လုပ်ကျွေးမယ်လို့ ပြောထားတယ်၊ ကြည့်ရတာ အုန်းနို့ခေါက်ဆွဲ ဖြစ်ရမယ်၊ အုန်းနို့ခေါက်ဆွဲ အနံ့တွေ မွှေးနေတာပဲ"

ဟု . . . တရင်းတနှီး ပြော၏။ စမ်းရေက . . .

"ဆည်းလည်းရေ . . . အဲဒါ မမရဲ့ သူငယ်ချင်းပါ၊ သူ့နာမည်က စစ်အိမ်တဲ့၊ စစ်အိမ် ဒါ စမ်းရေရဲ့ ညီမလေးလေ အိမ့်ဆည်းလည်းတဲ့၊ ခုနက မောင်လေး ပေါ့၊ ဂီတသံစဉ်တဲ့ . . . ၊ ဂီတလို့ပဲ ခေါ်ကြတယ်၊ မကြီး ခုနကတည်းက ပြောမလို့ ဆည်းလည်းရဲ့၊ စစ်အိမ်ကို အုန်းနို့ခေါက်ဆွဲ ကျွေးဖို့ မကြီး ဖိတ်ထားတာ"

ဟု . . . ဝင်ပြောလိုက်လျှင် ဆည်းလည်းက မကျေနပ်သော ဘုဆတ်ဆတ် အကြည့်မျိုးဖြင့် စမ်းရေကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေသည်။ အဲဒီနောက်တော့ ဘာမှ မပြောဘဲ မီးဖိုခန်းထဲသို့ ပြန်ဝင်သွား၏။ မီးဖိုခန်းထဲမှာ ဆည်းလည်းနှင့်ဂီတဘာတွေ ညှိနှိုင်းတိုင်ပင်ကြမည်မသိ။

စမ်းရေက စစ်အိမ်ကို ခပ်သဲ့သဲ့ကလေး ပြုံးပြလိုက်ကာ ပခုံးကလေးနှစ်ဖက် တွန့်ပြလိုက်၏။

"သူတို့က ကျွန်မကို သိပ် သဝန်တိုကြတာ၊ အခုလို ယောကျ်ားတစ်ယောက် အိမ်လာလည်တာမျိုးဆိုရင် အထူးသဖြင့် ဆည်းလည်းက အမျိုးမျိုး ပညာပြပြီးတော့ ပြန်လွှတ်တတ်တာ"

"ကျွန်တော် နားလည်ပါတယ် စမ်းရေ၊ ဒီလောက် ချစ်စရာကောင်းတဲ့ အစ်မကြီးကို သူတို့ ဘယ် အဆုံးရှုံးခံနိုင်မလဲ၊ အစ်မကြီးကို လာရစ်သမျှ ငနဲတိုင်းဟာ သူတို့ရဲ့ ရန်သူတွေပေါ့"

စစ်အိမ်က ရယ်ရယ်မောမော ပြောလေသည်။

"ဘာဖြစ်လို့ လက်ဆောင်တွေ ယူလာရတာလဲ၊ လက်





ဆောင်တွေ မလိုပါဘူး"

"ကျွန်တော် ချာတိတ်တွေကို လက်ဆောင် ပေးချင်လို့ပါ"

"ကလေးတွေကို လာဘ်ထိုးတာပေါ့လေ"

နှစ်ယောက်သား ခပ်တိုးတိုး ရယ်မိကြသည်။ ဆည်းလည်းနှင့် ဂီတမှာ ဧည့်ခန်းထဲသို့ လုံးဝ ပြန်ထွက်မလာတော့ချေ။

"စစ်အိမ် . . . ခဏနေဦးနော်၊ ကျွန်မ အုန်းနို့ခေါက်ဆွဲ သွားပြင်လိုက်ဦးမယ်"

ဟု . . . ပြောရင်း မီးဖိုခန်းထဲ ဝင်ဖို့ လှည့်ထွက်လိုက်စဉ် . . .

"စမ်းရေ . . . ဒီလိုပုံစံလေးနဲ့လည်း စမ်းရေက သိပ်လှတာပဲ"

ဟု . . . ခပ်တိုးတိုး လှမ်းပြောလေသည်။ စမ်းရေသည် ရင်ထဲမှာ လှိုက်ခနဲ ခုန်သွား၏။ ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တွေဆီက သိပ်လှတယ်ဆိုသော စကားကို အကြိမ်ပေါင်း မရေတွက်နိုင်လောက်အောင် ကြားခဲ့ဖူးသော်လည်း စစ်အိမ်က ပြောသော စကားလောက် ရင်ခုန်စိတ်လှုပ်ရှားဖွယ် မကောင်းခဲ့ချေ။

"အင်းပါ . . . အဲဒီလို မပြောလည်း အနည်းဆုံး အုန်းနို့ခေါက်ဆွဲတော့ စားရဖို့ သေချာပြီးသားပါ၊ ခဏလေးနော်"

စမ်းရေက မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။ မီးဖိုခန်းထဲမှာ ဆည်းလည်းနှင့်ဂီတသည် ထူးထူးဆန်းဆန်း မသင့်မြတ်စဖူး သင့်မြတ်နေပုံရကာ နှစ်ယောက်သား ခေါင်းချင်းဆိုင်လျက် တိုးတိုးတိုးတိုးဖြင့် ဘာတွေ တိုင်ပင်နေကြသည် မသိ။ စမ်းရေဝင်လာသည်နှင့် ချက်ချင်း ပြောလက်စ စကားကို ရပ်တန့်ပစ်လိုက်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေ၏။ စမ်းရေက မသိချင်ဟန်ဆောင်လိုက်ကာ . . .

"ဆည်းလည်းရေ . . . မကြီးတို့ အုန်းနို့ခေါက်ဆွဲ စား





ကြစို့၊ ပြင်လိုက်ကြရအောင်နော် . . ."

"နေပါဦး . . . မကြီးရဲ့၊ အဲဒီလူက ဘယ်ကဘယ်လို ပေါ်လာရတာလဲ၊ လှုပ်ပုံစံကတော့ အပျံစားပဲ၊ ကြော့မော့နေတာပဲ၊ အဲဒီလောက် အမိုက်စား ပုံစံမျိုးဆိုရင် မကြီး ပါသွားလောက်မှာပဲ၊ သေချာတယ် . . . မပြောမရှိနဲ့"

ဟု . . . မလိုတမာ လေသံကလေးဖြင့် ပြော၏။ စမ်းရေက ရှက်ပြုံးကလေး ပြုံးလိုက်ကာ . . .

"အဲဒါတွေ နောက်မှ ပြောကြတာပေါ့ ဆည်းလည်းရယ်၊ အခုလောလောဆယ် မကြီးတို့လေးယောက် အုန်းနို့ခေါက်ဆွဲ စားကြမယ်နော်၊ ငါးဖယ်ကြော်ကို သပ်သပ်၊ ဘဲဥပန်းကန်ကို သပ်သပ် ခွဲပြင်ပေးနော်၊ မကြီး ဟင်းရည်ခပ်လိုက်မယ်၊ ဂီတက ခေါက်ဆွဲဖတ်တွေ ပန်းကန်ထဲမှာ လိုက်ပြင်ပေး၊ ပြီးတော့ . . . မုန့်ကြွပ်ကြော်နဲ့ ကြက်သွန်ကလေးတွေ လိုက်ဖြူးပေး . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဂီတ၏ မျက်နှာကလည်း စစ်ပွဲဝင်တော့မည့် စစ်သူကြီးတစ်ယောက်လို မာမာထန်ထန် ရှိလှ၏။ စမ်းရေကိုတော့ ဘာမှမပြော။ သို့သော် . . . သူ အကြီးအကျယ် မနာလို သဝန်တိုလျက်ရှိကြောင်းကိုတော့ သူ့မျက်နှာပေါ်မှာ အထင်းသား မြင်နေရသည်။ နှစ်ယောက်စလုံး စမ်းရေပြောသည့် အတိုင်းတော့ လုပ်ပေးဖော် ရကြပါသည်။

ခဏနေတော့ စမ်းရေတို့ လေးယောက်သား စားပွဲမှာ စုံစုံညီညီ ထိုင်ကြလျက် အုန်းနို့ခေါက်ဆွဲ စားကြသည်။ စစ်အိမ်က ဆည်းလည်းနှင့် ဂီတဆီမှ ရင်းနှီးခင်မင်မှုကို ရအောင် မသိမသာ ဆွဲဆောင်စည်းရုံးလျက် ရှိသော်လည်း ဆည်းလည်းနှင့် ဂီတက သိသိသာသာပင် အေးစက်တင်းမာလျက် ရှိကြသည်။ ဆည်းလည်းက တမင်တကာပင် စစ်အိမ်၏ ပန်းကန်ထဲသို့ ငရုပ်သီးမှုန့်တွေ၊ ငံပြာရည်တွေ အများကြီး တမင်တကာ လောင်းထည့်၏။ ဂီတကလည်း ဟင်းရည်ပန်းကန်ထဲမှ ကြက်အရိုးဖတ်တွေကို တမင်တကာ ရှာဖွေပြီး





စစ်အိမ်၏ ပန်းကန်ထဲသို့ ထည့်ပေးလေသည်။ စစ်အိမ်ကတော့ ကလေးတွေရဲ့ အခြေအနေကို နားလည်သဘောပေါက်ကာ ခပ်ပြုံးပြုံးပင်။

စားသောက်ပြီးချိန်မှာ စမ်းရေက အချိုပွဲအဖြစ် သစ်သီးစုံ ကော့တေး(လ်)ပြင်ဆင်ပေးကာ ဧည့်ခန်းထဲမှာ နှစ်ယောက်ထိုင်ရင်း စကားပြောကြသည်။ စစ်အိမ်က သူ့ရဲ့ ကားအရောင်းအဝယ် လုပ်ငန်းအကြောင်း ပြောပြသလို၊ စမ်းရေကိုလည်း ကလေးနှစ်ယောက်ရဲ့ အခြေအနေတွေ မေးမြန်းရင်း စကားလက်ဆုံကြဖို့ ကြိုးစားလေသည်။ ဆည်းလည်းနှင့် ဂီတကတော့ ဧည့်ခန်းထဲသို့ ရောက်မလာကြချေ။ ဒါပေမယ့် တစ်နေရာရာကနေ ချောင်းမြောင်းရင်း အကဲခတ် ခပ်စုနေကြမှာတော့ သေချာပါသည်။

ခဏနေတော့ ဂီတက လက်ထဲမှာ အထုပ်တစ်ထုပ်ဖြင့် အိမ်အပြင်သို့ လှစ်ခနဲ ထွက်သွားတာကို စမ်းရေက မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂီတ ဘယ်သွားမလို့လဲ . . ."

ဟု . . . စမ်းရေက လှမ်းမေးလျှင် . . .

"ကျွန်တော် အိမ်ရှေ့မှာ ကစားမလို့ပါ . . ."

ဟု . . . ဂီတာက ခပ်တိုးတိုး ဖြေလေသည်။ စမ်းရေက ဘာမှ မပြောတော့။

တစ်နာရီကျော်ကျော်လောက် စကားတွေ အတော်လေး စုံစုံလင်လင် ပြောပြီးကြချိန်တွင် စစ်အိမ်က ပြန်ဖို့ ဟန်ပြင်လေသည်။

"ကျွန်တော် ပြန်မှထင်တယ် ခမ်းရေ၊ တော်ကြာ ချာတိတ်နှစ်ယောက်က သူတို့အစ်မကြီးကို သူတို့ ပိုင် . . . ဘဲ့အချိန်တွေထဲက ကျွန်တော်က လာဖွဲ့ထုတ်နေ တယ်လို့ ထင်ပြီး မကျေမနပ် ဖြစ်နေကြဦးမယ်၊ ပထမ ဆုံး အခြေအနေကတော့ မဆိုးဘူး ထင်ပါရဲ့နော်၊ ကျွန်တော့်ကို သူတို့ ဖော်ဖော်ရွေရွေ မရှိကြတာ လောက်ပဲ ရှိပါတယ်၊ နောက် တဖြည်းဖြည်း သူတို့နဲ့





ရင်းနှီးလာအောင် ကျွန်တော် ကြိုးစားပါ့မယ်၊ ကဲ . . . ကျွန်တော် ပြန်တော့မယ် . . . စမ်းရေ"

"ကောင်းပြီ . . ."

စမ်းရေက သူ့ကို အိမ်ရှေ့တံခါး ဖွင့်ပေးရင်း လိုက်ပို့သည်။ သူက စီးလာသော ဝေါ့ခ်ဂင်းရှူးကို ဖိနပ်ကြိုး ဖြည်နေစဉ် စမ်းရေက ဘာရယ်မဟုတ် အိမ်ရှေ့ရှိ သူ့ကား ရပ်ထားရာဆီသို့ ဖျတ်ခနဲ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိလျှင် စမ်းရေ၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရ၏။ ကြည့် စမ်း . . . ဂီတာတစ်ယောက် မှုန်တေတေ မျက်နှာထားဖြင့် စစ်အိမ်၏ ပြောင်လက်နေသော ငွေမှုင်ရောင် ကားကလေးဆီ သို့ လက်ထဲမှ ခရမ်းချဉ်သီးတွေဖြင့် တစ်လုံးပြီးတစ်လုံး ပယ် ပယ်နှယ်နှယ် ပစ်ပေါက်နေသည်မှာ ကားတစ်စင်းလုံး ရစရာ ပင် မရှိတော့ချေ။

"ဟဲ့ . . . ဂီတ ဘာလုပ်နေတာလဲ"

စမ်းရေက လှမ်းအော်ယိုက်ရင်း ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းသွားလိုက်သည်။ စစ်အိမ်ကလည်း သူ့ကားတစ်ခုလုံး ခရမ်းချဉ်သီးတွေ ရစရာမရှိအောင် ပေပွလျက်ရှိတာကို ကြည့်ရင်း မျက်စိမျက်နှာပျက်လျက် ပြူးကာ . . .

"ရပါတယ် . . . ရပါတယ် . . . ကိစ္စမရှိဘူး"

ဟုသာ . . . ပြောနေပေမယ့် သူ့မျက်နှာပေါ်မှာ ကားကလေးကို နှမြောတသ ဖြစ်နေပုံက အထင်းသား။ သူ့ကားတွေကို သူ ဘယ်လောက် အလေးအနက် တန်ဖိုးထားကာ မြတ်မြတ်နိုးနိုး ယုယုယယ ရှိတတ်လွန်းကြောင်း သူ့စကားတွေအရ စမ်းရေ သိခဲ့ပြီး ဖြစ်သည်။ ပြီးတော့ အဲဒီကားဟာ သူ ပြန်ရောင်းမည့်ကား ဖြစ်သည်။ ကားကို ဖုန်တစ်စက်မှ မရှိစေရအောင် ပေါလစ်ရှ်ဖြင့် ပြောင်လက်နေအောင် တိုက်ထားတတ်သည်မှာ မှန်ကြည့်၍ပင် ရသည်အထိ ဖြစ်သည်။ အဲဒီလောက် သူ ယုယုယယ သ,ထားသော ကားကလေးကို ဂီတက စိန်ပြေနပြေပင် ခရမ်းချဉ်သီးလုံးတွေဖြင့် တစ်လုံးပြီး တစ်လုံး ပယ်ပယ်နယ်နယ် ပစ်ပေါက်လျက် ရှိတာကို သူ့စိတ်ထဲ





မှာ အသည်းမယားဘဲ နေမည် မဟုတ်ချေ။

"ဂီတ ရပ်လိုက်စမ်း၊ ဘာလုပ်နေတာလဲလို့ မေးနေတယ်လေ၊ ဘာဖြစ်လို့ မကြီးရဲ့ ဧည့်သည်ကားကို အဲဒီလို လုပ်ရတာလဲ"

"ကျွန်တော် ချဉ်လို့ပေါ့ မကြီးရဲ့ . . ."

ဟု . . . ဂီတက ဂျစ်ကန်ကန် ဖြေလျှင် စမ်းရေသည် ထောင်းခနဲ စိတ်ဆိုးသွား၏။

"ဘာချဉ်တာလဲ . . .၊ ဘာစကားပြောတာလဲ ဂီတ၊ အခုချက်ချင်း ကိုစစ်အိမ်ကို ပြန်တောင်းပန်လိုက်စမ်း၊ ကိုယ့်အိမ်ကို လာတဲ့ ဧည့်သည်ကို အဲဒီလို ဆက်ဆံတာ ဘယ်လောက်ရိုင်းတဲ့ အပြုအမူလဲ၊ မကြီး လုံးဝ မကြိုက်ဘူး၊ ဂီတ မကျေနပ်ရင် မကျေနပ်တဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောလို့ရသားပဲ၊ ဘာဖြစ်လို့ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ လျှောက်လုပ်ရတာလဲ"

"မကျေနပ်တာကို ပွင့်ပွင့်လင်းလင်း ပြောလို့ရလား



www.burmeseclassic.com

www.burmeseclassic.com



မကြီး၊ အဲဒါဆို ကျွန်တော်ပြောမယ်၊ ကျွန်တော် လုံးဝ မကျေနပ်ဘူး၊ ကျွန်တော့်အစ်မကို ဘယ်ယောက်ျားကမှ လာပိုးတာ ကျွန်တော် မကြိုက်ဘူး၊ ပြီးတော့ . . . ကျွန်တော်တို့ ချက်ထားတဲ့ အုန်းနို့ခေါက်ဆွဲတွေကို ကျွန်တော့်အစ်မကို လာပိုးတဲ့သူက တစ်ဖြုန်စ်ဖြုန် စားသွားတာလည်း ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော်တို့ကို လက်ဆောင်ကလေးတွေနဲ့ မြှားပြီး ကျွန်တော့် အစ်မကြီးကို ကျွန်တော်တို့ဆီကနေ လုယူသွားဖို့ ကြိုးစားနေတာလည်း ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော် ရှင်းရှင်းပဲပြောမယ်၊ ဒီကမ္ဘာပေါ်မှာ မကြီးနဲ့တန်တဲ့ ယောက်ျားတစ်ယောက်မှ မရှိဘူးဗျ၊ ဘယ်ယောက်ျားနဲ့မှ ကျွန်တော့်ရဲ့ မကြီးကို သဘောမတူနိုင်ဘူး . . . ဒါဘဲ"

ဟု . . . ဂီတက အသက်မရှူစတမ်း တရစပ် ပြောသွားပြီး အိမ်ပေါ်သို့ တဝုန်းဝုန်း ပြေးတက်သွားလေသည်။

"ကဲ . . . မြင်ပြီမဟုတ်လား စစ်အိမ်၊ ဂီတရဲ့ လုပ်ရပ်





အတွက် ကျွန်မ တောင်းပန်ပါတယ်၊ ရှင့်ကားတစ်ခုလုံး ရစရာမရှိအောင် ပေပွကုန်ပြီ"

"ရတယ် . . . စမ်းရေ၊ ကိစ္စမရှိဘူး၊ ကျွန်တော် ဒါတွေ အားလုံး ပြန်ဆေးပစ်လိုက်လို့ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ အင်း . . . တိုက်စစ်ကတော့ တော်တော်ကလေး အပြင်းသား၊ မနေ့ကမှ ကျွန်တော် ဒီကားကို တစ်ကားလုံး ပေါလစ်(ရှ်)တွေ ပြောင်လက်နေအောင် တိုက်လာတာ၊ ဒီညတောင် ကားဝယ်သူနဲ့ ချိန်းထားသေးတယ်၊ ဘယ်တတ်နိုင်မလဲလေ၊ ကျွန်တော့် အခုချက်ချင်း ပြန်သွားရမှာပေါ့၊ အဲဒီလောက် ပညာပြတာကိုပဲ ကျေးဇူး တင်ရသေးတယ်၊ ကဲ ကဲ . . . ကျွန်တော်သွားပြီ စမ်းရေ . . . နောက်ထပ် တိုက်ပွဲတွေကို ရင်ဆိုင်ဖို့ ကျွန်တော် စမ်းရေဆီ လာခဲ့ပါဦးမယ်၊ စမ်းရေနဲ့ အေး အေးဆေးဆေး စကားပြောခွင့်ရတဲ့ အချိန်လေးတွေကို ကျွန်တော် သိပ်မက်မောတာပဲ၊ ဖြစ်နိုင်ရင်တော့ အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အေး အေးဆေးဆေး တွေ့ချင်တယ် စမ်းရေရယ်၊ စမ်းရေက တစ်နေ့လုံး မအားဘူးဆိုတော့ စနေ၊ တနင်္ဂနွေနေ့မျိုးမှာပဲ တွေ့နိုင်တာ၊ မနက်ဖြန်ကျရင် ကျွန်တော်နဲ့စမ်းရေ နှစ်ယောက်တည်း ကော်ဖီဆိုင် တစ်ခုမှာ တွေ့လို့ရမလားဟင်"

"အမလေး ...၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး စစ်အိမ်၊ စနေ တနင်္ဂနွေဆိုရင် ကျွန်မ အလုပ်အားမှန်း သူတို့နှစ်ယောက် သိပြီးသား၊ ကျွန်မကို သူတို့ မျက်ခြည်ပြတ်ခံတာ မဟုတ်ဘူး၊ ဘယ်လို အကြောင်းပြချက်နဲ့မှ ကျွန်မ လစ်ထွက်လို့ရမှာ မဟုတ်ဘူး၊ သူတို့နှစ်ယောက်က အနောက်ကနေ အမြီးတန်းလန်းလို ပါလာကြမှာ"

"ပါရင်လည်း ပါလာပါစေလေ၊ သူတို့နှစ်ယောက်ပါ ပါလာမယ်ဆိုရင် တစ်ဆိုင်ဆိုင်မှာ တစ်ခုခု စားကြတာပေါ့"

"ကျွန်မ သူတို့ကို မေးကြည့်ဦးမယ်လေ၊ သူတို့ကတော့





လက်ခံလိမ့်မယ် မထင်ဘူး"

"ညကျရင် ကျွန်တော် စမ်းရေကို ဖုန်းဆက်လို့ ရမလားဟင်"

"အင်း ... ဆက်ကြည့်လေ၊ ဖုန်းပြောတာကိုတော့ သူတို့ မနှောင့်ယှက်ကောင်းဘူး ထင်ပါရဲ့"

"ပြီးတော့ ... နောက်တစ်ခုက မနက် မနက်ဆို စမ်းရေ အလုပ်သွားရင် ဘတ်(စ်)ကားနဲ့ သွားတာလား"

"အင်းပေါ့ ... ဘတ်စ်ကားနဲ့ သွားရတာပေါ့၊ တစ်ခါတလေတော့ ညအပြန် မိုးချုပ်ရင် သူတို့က ကားပေးလိုက်ပါတယ်၊ အဲဒါဆိုရင်တော့ မနက်ဖက် ကားကလေးနဲ့ ပြန်မောင်းသွားရုံပဲပေါ့"

"ဘတ်စ်ကားတော့ မစီးစေချင်ဘူး စမ်းရေရယ်၊ သူတို့ကားမပေးလိုက်တဲ့ နေ့တွေကျရင် ကျွန်တော် စမ်းရေကို ကြိုပို့ လုပ်ပေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့ စစ်အိမ်ရယ်၊ သိပ် မလောပါနဲ့၊ လောလောဆယ် ကျွန်မရဲ့ ညီမလေးနဲ့ မောင်လေးကိုပဲ ရှင် စည်းရုံးကြည့်ပါဦး"

စမ်းရေက ပြုံးပြုံးကလေး ပြောလိုက်သည်။

"ခုကြီးရေ ဖုန်းလာနေတယ် ..."

ဆည်းလည်းက အိမ်ပေါက်ဝကနေ လှမ်းအော်နေသဖြင့် စမ်းရေက စကားကိုဖြတ်ကာ သူ့ကို နှစ်သိမ့်ရသည်။ ခရမ်းချဉ်သီးတွေ ပေပွနေသော ကားဖြင့် သူ ထွက်သွားလျှင် ... ဟု စမ်းရေက တွေးပြီး အိမ်ပေါ်သို့ ပြန်တက်လာကာ တယ်လီဖုန်း ရှိရာဆီသို့ လျှောက်သွား၏။ တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်စဉ် တစ်ဖက်မှ ဘာသံမှ မကြားရချေ ...။

"ဘာသံမှလည်း မကြားရပါလား ဆည်းလည်းရဲ့၊ ဘယ်သူဆက်တာတဲ့လဲ ..."

"ဘယ်သူမှဆက်တာ မဟုတ်ဘူး မကြီး၊ အဲဒီလူ စကား





ကြောရှည်နေလို့ တမင်သက်သက် မုန်းမုန်းနဲ့ လှမ်းဖြတ်လိုက်တာ၊ မကြီးနော် ဆည်းလည်း ကြိုပြောထားမယ်၊ မကြီးရဲ့ ဘဝမှာ ဆည်းလည်းပြီးရင် ဂီတပဲ ရှိရမယ်၊ တခြား သူစိမ်းယောကျ်ားတစ်ယောက် ဝင်မလာစေရဘူး၊ သူ့ကို ဆည်းလည်းတို့ထက် မကြီး ပိုချစ်သွားမှာကို လုံးဝ မခံနိုင်ဘူး၊ ဆည်းလည်းတို့ကတော့ မကျေနပ်တာကို ပြတ်ပြတ်သားသား တိုက်ပွဲဝင်ရမှာပဲ၊ အဲဒီလူပုံစံက မင်းသားကျနေတာပဲ၊ အကြော့အမော့သားနဲ့ အဲဒီလောက် ချောမောကြော့မော့နေတာကို ကြည့်လို့ မရပါဘူး၊ မကြီး သူ့ကို ကြိုက်နေပြီ မဟုတ်လား၊ မှန်မှန်ပြောနော် ..."

"ဆည်းလည်းရယ် ... မကြီး သူ့ကို မကြိုက်သေးပါဘူး"

"မကြိုက်သေးဘူးဆိုတာ တစ်နေ့နေ့ ကြိုက်တော့မှာပေါ့၊ သူ့ကို မကြီး ချစ်သွားရင် ဆည်းလည်းကို အရင်



www.burmeseclassic.com

www.burmeseclassic.com



ကလို ဂရုစိုက်နိုင်တော့မှာ မဟုတ်ဘူး၊ မကြီးကို သူက အပိုင်စီးသွားတော့မှာ၊ ဟင့်အင်း . . . လုံးဝ မရဘူး နော်၊ ဆည်းလည်း လုံးဝ သဘောမတူဘူး၊ ကြိုပြော ထားတယ်၊ အဲဒီလူကို မကြီးဘေးကနေ လွင့်သွားအောင် အမျိုးမျိုး ပညာပေးဖို့ ဆည်းလည်းနဲ့ဂီတ ညှိနှိုင်းထား ပြီးသား"

"ဆည်းလည်းရယ် ဘယ်လိုများ ဖြစ်နေတာလဲ၊ ဘာဖြစ် လို့ အဲဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေရတာ လဲ"

"ခါးသီးရမှာပဲ၊ ဆည်းလည်းတို့ရဲ့ ဘဝထဲကို တခြား ဘယ်သူမှ ဝင်မလာစေချင်ဘူး၊ ဂီတ ဝင်လာတယ်ဆို တာတောင် ဂီတက ကိုယ့်မောင်လေးမို့လို့ လက်ခံခဲ့ တာ၊ မကြီးကို ဘယ်သူနဲ့မှ ခွဲဝေပြီး မချစ်နိုင်ဘူး၊ မကြီးရဲ့ အချစ်တွေအားလုံးကို ဆည်းလည်းတစ် ယောက်တည်းပဲ အပိုင်လိုချင်တာ၊ ဆည်းလည်းကိုပဲ





မကြီး ချစ်ရမယ်၊ ဆည်းလည်းကိုပဲ မကြီး အလိုလိုက် ရမယ်၊ မကြီးရဲ့စိတ်တွေ အားလုံး ဆည်းလည်းဆီမှာပဲ ရှိရမယ်၊ တခြား ဘယ်သူ့ကိုမှ ဆည်းလည်းထက် ပို မချစ်ရဘူး"

ဆည်းလည်းက ကလေးလေးတစ်ယောက်လို ဖွတ်တရွတ်ပြောရင်း မျက်ရည်တွေပင် ဝိုင်းလာ၏။

စမ်းရေသည် ရင်ထဲတွင် နင့်ခနဲဖြစ်ကာ ဆည်း လည်း၏ ဦးခေါင်းကလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းယူလိုက် သည်။

"ဆည်းလည်းရယ် . . . ညီမလေးကို မကြီး အချစ်ဆုံး ပါ၊ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူး၊ ဘယ်သူ့ကိုမှ လည်း ငါ့ညီမလေးထက် ပိုပြီး မချစ်နိုင်ပါဘူး၊ ဆည်း လည်းကို မကြီး တစ်သက်လုံး အလိုလိုက်သွားမှာပါ၊ အဲဒါအတွက်တော့ ဘာမှ မပူနဲ့၊ အမလေး . . . ကြည့် စမ်းပါဦး၊ ဒါလား . . . မနက်ဖြန် သန်ဘက်ခါ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်တော့မှ ဆေးကျောင်းသူတဲ့၊ ကလေးလေး ကျနေတာပဲ၊ တော်ပါပြီ . . . စိတ်ကောက်မနေစမ်းပါနဲ့၊ ဂီတရော မကြီးနားကို လာစမ်းပါဦး၊ မကြီးရဲ့ မောင်လေးနဲ့ ညီမလေးကို ခွဲပြီး တခြား ဘယ်ရင်ခွင်ကိုမှ မကြီး မခိုလှုံချင်ပါဘူးကွယ်၊ ဒီ ညီမလေးနဲ့ မောင်လေးအတွက် မကြီးရဲ့ ရင်ခွင်ကသာ အလုံခြုံဆုံး အအေးမြဆုံး ဖြစ်စေရပါမယ်၊ အဲဒါကို မကြီး ကတိပေးပါတယ်"

"ကျွန်တော် အဲဒီလူကြီးကို သိပ် အမြင်ကတ်တာပဲ သိလား မကြီး၊ ကျွန်တော်နဲ့ ရွယ်တူသာဆို ကျွန်တော် တကယ် ဆွဲထိုးပစ်တယ်၊ ကျွန်တော့်အစ်မကိုများ သူက လာပိုးနေသေးတယ်၊ ဘယ်တော့မှ မရစေရဘူးမှတ်၊ ကျွန်တော့်အကြောင်း ကောင်းကောင်းသိသွားစေရမယ်"

ဟု . . . ဂီတက အံကလေး ခဲလျက် ပြောလေ





သည်။

စမ်းရေသည် ဂီတရဲ့ ခေါင်းကလေးကို ချစ်စနိုး ပုတ်လိုက်ရင်း သဘောကျစွာ ရယ်မောမိ၏။ သူတို့လေးတွေသည် စမ်းရေကို အဖက်ဖက် ကာရံထားမည့် တံတိုင်းများ ဖြစ်သည်။ အဲဒီတံတိုင်းတွေကို စစ်အိမ် ဘယ်လိုစွမ်းအင်မျိုးနှင့် ကျော်ဖြတ်လာနိုင်မည်နည်း။ စမ်းရေဆီသို့ ရောက်ဖို့ သူ အများကြီး စွန့်စားရလိမ့်ဦးမည်။

☎☎☎

www.burmeseclassic.com

www.burmeseclassic.com



စစ်အိမ်သည် သူနည်းသူဟန်နှင့် စမ်းရေဆီသို့ ရောက်ဖို့ ဆည်းလည်းနှင့် ဂီတဆိုသော တံတိုင်းတွေကို လှပသေသပ်သော ခြေလှမ်းများဖြင့် စတင်၍ ဖြတ်ကျော်လာခဲ့သည်။ စမ်းရေ ဘယ်လောက်ပဲ တားမြစ်ငြင်းဆန်နေသည့်ကြိုကြားမှပင် စစ်အိမ်က စမ်းရေကို အလုပ် အသွားအပြန် ကြိုပို့ရေးတာဝန်ကို ဖွတ်အတင်း ယူခဲ့၏။ မနက်ဆိုလျှင် စမ်းရေအိမ်မှ မထွက်ခင် ခပ်စောစောကတည်းက စစ်အိမ်၏ကားက စမ်းရေတို့အိမ်ကလေးရှေ့မှာ အဆင်သင့် ရောက်နေလေပြီ။





စမ်းရေက မသိကျိုးကျွန် ပြုလို့လည်း မရ။ ငြင်းဆန်လို့လည်း မရသည့်အဆုံးတွင် သူ့ကားဖြင့်ပင် လိုက်ပါရလေသည်။ အဲဒါကို ဆည်းလည်းနှင့်ဂီတက လုံးဝ မကျေနပ်ချေ။ ညနေဆိုလျှင်လည်း စမ်းရေ အိမ်ပြန်တော့မည်ဆိုလျှင် ခြံဝမှာ စစ်အိမ်ရဲ့ကားက အဆင်သင့်။ များသောအားဖြင့် စမ်းရေ အိမ်ပြန်ရချိန်မှာ နောက်ကျသောကြောင့် ထိုအချိန်မျိုးမှာ စမ်းရေက ဘတ်စ်ကား မစီးချင်။ Taxi ငှားဖို့ကျပြန်တော့လည်း နေ့တိုင်းဆိုလျှင် ဘတ်ဂျက်ထိခိုက်မည်ဆိုးသောကြောင့် Taxi စီးတဲ့အကျင့်ကို မလုပ်ချင်။ အဲဒီတော့ နောက်ဆုံးမှာ စမ်းရေက စစ်အိမ်၏ကားပေါ် သို့ပင် မျက်နှာပူပူ အားနာပါးနာဖြင့် လိုက်ပါရတော့သည်။ စမ်းရေအပြန်ကို စစ်အိမ်က လိုက်ပို့ကြောင်း ဆည်းလည်းနှင့် ဂီတကသိလျှင် သူတို့ မကျေနပ်ကြောင်းကို သိသိသာသာပင် ဆန္ဒပြကြလေသည်။ ဥပမာ. . . စမ်းရေ ပြန်အလာကို ထွက်မကြိုတာမျိုး၊ မျက်နှာထားတွေ ရှုတင်းစူပုပ်လျက် စမ်းရေကို ရှောင်ဖယ်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြတာမျိုး၊ ညစာ ထမင်းစားပွဲမှာ စကားတစ်ခွန်းမှ မပြောဘဲ အသံတိတ် ဆန္ဒပြနေကြတာမျိုး ဖြစ်သည်။ စမ်းရေက အဲဒါတွေ အားလုံးကို မသိချင်ဟန်ဆောင်ထားကာ လျစ်လျူရှုထားလိုက်သည်။ တစ်ခါတစ်ရံတော့လည်း စမ်းရေသည် ကိုယ့်စိတ်ကို အလိုလိုက်ချင်မိလေသည်။ ပြီးတော့ . . . စမ်းရေသည် မဟုတ်တာ မလုပ်ဟု ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသည်။ ဆည်းလည်းနှင့် ဂီတကို ထိုကိစ္စနှင့် ပတ်သက်ပြီး တတ်နိုင်သမျှ ထိပ်တိုက်ရင်မဆိုင်ဘဲ မသိချင်ဟန် ဆောင်ထားသော နည်းဖြင့်သာ တုံ့ပြန်လေသည်။

ညကျပြန်တော့လည်း စစ်အိမ်က စမ်းရေနှင့် စကားပြောဖို့ ဖုန်းခေါ်လေ့ရှိသည်။ အဲဒီဖုန်းကို စမ်းရေကသာ ဦးအောင် မကိုင်မိလျှင် ဆည်းလည်းနှင့်ဂီတ တစ်ယောက်ယောက်နှင့်ပြောကာ အသံအကျယ်ကြီးတွေနှင့် အော်ဟစ်ပြီး ဖုန်းချပစ်တတ်ကြသည်။ သို့သော် . . . အဲဒါကိုလည်း စစ်အိမ်က ဖွဲ့မလျှော့ချေ။ စမ်းရေ မကိုင်မချင်း မရရအောင် တစ်နည်း





မဟုတ် တစ်နည်းနည်းဖြင့် ဖုန်းကို ပြန်ခေါ်တတ်သည်။ ဥပမာ . . . မိန်းကလေးတစ်ယောက်ယောက်ကို ဆက်ခိုင်းတာမျိုး ဆိုပါတော့။ စမ်းရေက စစ်အိမ် ဉာဏ်များကာ ပညာသား ပါလှတာကို တဖြည်းဖြည်း သိမြင်ခဲ့ပြီမို့ ထူး၍ အံ့သြမနေတော့ချေ။

ပြီးတော့ စစ်အိမ်က စနေ၊နေ့တိုင်း စမ်းရေ၏ အိမ်သို့ ပုံမှန်လာလည်တတ်သည်။ စနေနေ့ဆိုလျှင် များသောအားဖြင့် စမ်းရေတို့က အိမ်မှာ မုန့်တစ်မျိုးမျိုး လုပ်စားလေ့ရှိသော ဓလေ့ကလေးကို စစ်အိမ်က သိခဲ့ပြီ ဖြစ်သောကြောင့် ဖြစ်သည်။ စစ်အိမ် အိမ်သို့ လာလည်တိုင်း စမ်းရေနှင့် ဂီတကလည်း တစ်မျိုးမဟုတ် တစ်မျိုး အမျိုးမျိုး လှည့်ပတ်၍ ပြဿနာပြလေ့ရှိသော်လည်း စစ်အိမ်က မမှုချေ။ စမ်းရေကတော့ စစ်အိမ်နှင့် ဆည်းလည်း၊ ဂီတတို့ရဲ့ ကြားက စစ်ပွဲကို ဘေးက နေ ပွဲကြည့်ပရိသတ်သာ လုပ်နေလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ စမ်းရေသည် ကိုယ့်ကိုယ်ကို သိသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေသည် ညီမလေးနှင့် မောင်လေးကို ငဲ့ညှာပြီး စစ်အိမ်ကို ပြတ်ပြတ်သားသား အဆက်အသွယ် ဖြတ်လိုက်ဖို့လည်း စိတ်မကူးချင်။ စစ်အိမ်အပေါ်မှာ တွေ့စကတည်းက ထူးထူးခြားခြား စိတ်ဝင်စားမှုတစ်မျိုး စမ်းရေဆီမှာ စိမ့်ဝင်နေခဲ့သည်။ တစ်စုံတစ်ခုသော အင်အားတစ်မျိုးက စမ်းရေကို သူ့ရဲ့ ညို့စက်ကွင်း အတွင်းမှာ အငိုက်မိနေစေသလို ခံစားရသည်။ ကိုယ့်ကို သူ စိတ်ဝင်စားနေတာကိုလည်း သိသည်။ ကိုယ်ကလည်း သူ့ကို စိတ်ဝင်စားပါလျက်နှင့် ဘာမှ အဓိပ္ပာယ်မရှိသော အကြောင်းပြချက်ဖြင့် သူနှင့် စမ်းရေကြားက ဆက်သွယ်ရင်းနှီးမှုကို ဖြတ်တောက်မပစ်ချင်။ အဲဒီလိုပဲ ညီမလေးနှင့် [illegible]းတို့ရဲ့ အပြင်းအထန် ခါးခါးသီးသီး နှမြောတွန့်တို မနာလိုဝန်တိုမှု အပေါ်မှာလည်း စမ်းရေက အစ်မကြီးတစ်ယောက် ပီပီ ကောင်းစွာ နားလည်ခံစား ကိုယ်ချင်းစာမိကာ သူတို့ကလေးတွေကိုလည်း အပြစ်မတင်ရက်ပြန်။ အဲဒီတော့ ထိုနှစ်ဖက်ကြားမှာ စမ်းရေက အသာအယာပင် ရပ်တည်ရုံ





ပေါ့။ တစ်ချိန်ချိန်မှာ တစ်ဖက်ဖက်က အနိုင်ရသွားမည်ဆိုတာတော့ သိသည်။ အဲဒါသည် ဘယ်ဘက်လည်းဆိုတာ စမ်းရေ အခုအချိန်မှာ သေချာ မပြောနိုင်ပေ။ စမ်းရေကိုယ်တိုင်လည်း စိတ်ချမ်းသာချင်သည်။ စစ်အိမ်နှင့် ရင်းနှီးပတ်သက်ရသော အချိန်ကာလကလေးတွေမှာ စမ်းရေသည် ထူးထူးခြားခြားပင် ကြည်နူးသာယာနေမိတတ်ကြောင်း ကိုယ့်ကိုယ်ကို ကောင်းစွာ ရိပ်မိသိမြင်၏။ ဘာကြောင့်များ အကြောင့်မဲ့သက်သက် စိတ်ဆင်းရဲ ခံရမလဲ။ စမ်းရေဘဝတွင် နှလုံးသားရဲ့ အလိုဆန္ဒကို မေ့လျော့ဥပေက္ခာ ပြုထားခဲ့သည်မှာ ဘယ်လောက် ကြာပြီနည်း။ အခုမှ စမ်းရေရဲ့ နှလုံးသားကလေး ပထမဆုံး ရှင်သန်နိုးကြားလာခဲ့ခြင်းဖြစ်သည်။ ထိုနှလုံးသားကလေးကို နာကျင်အောင် မနှိပ်စက်ချင်ပါ။

တစ်ရက်မှာတော့ ဆည်းလည်းက သူမရဲ့ မကျေနပ်မှုကို အစွမ်းကုန် ပြင်းထန်သော လက်စားချေမှုဖြင့် စခဲ့လေသည်။ အဲဒီနေ့က ထုံးစံအတိုင်း စနေနေ့ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်အိမ်က စမ်းရေအိမ်မှာ ကော်ရည်ခေါက်ဆွဲ လာစားခြင်း ဖြစ်သည်။ ထုံးစံအတိုင်း ဆည်းလည်းနှင့်ဂီတက မှုန်ပေပေ မျက်နှာပေးကိုယ်စီဖြင့် အေးတိအေးစက် ဆက်ဆံကြသည်။ စစ်အိမ်ကတော့ ဘူတာဝန်သူ ကျေပွန်စွာပင် အိမ်သို့လာတိုင်း ဆည်းလည်းနှင့် ဂီတအတွက် ထူးထူးခြားခြား လက်ဆောင်က လေးတွေ ပါလာတတ်မြဲပင်။ ရယ်စရာကောင်းသည်မှာ စမ်းရေ၏ ချစ်လှစွာသော ညီမလေးနှင့် မောင်လေးက စစ်အိမ် ရှိလျှင် သူပေးသော လက်ဆောင်တွေကို လုံးဝ အရေးမစိုက် သလို ဥပေက္ခာပြုထားတတ်သလောက် စစ်အိမ်ပြန်သွားပြီဆို တာနှင့် နှစ်ယောက်သား ကျိတ်ကျိတ်ဖြင့် လက်ဆောင်ထုပ်တွေ ကို ဖြည်ကြည့်တတ်ကြမြဲ ဖြစ်သည်။ ပြီးလျှင် ဧည့်ခန်းစားပွဲ ပေါ်ရှိ ထိုလက်ဆောင်ထုပ်များသည် အလျှိုလျှိုပင် ညင်သာစွာ ပျောက်သွားတတ်ကြသည်ကို စမ်းရေက ရယ်မောချင်လှစွာ တိတ်တခိုး ပြုံးရင်း မသိချင်ဟန် ဆောင်ထားရတတ်သည်။ သူတို့ ရှက်သွားမှာ စိုးသောကြောင့် ဖြစ်သည်။





အဲဒီနေ့က စမ်းရေက အိမ်က TV ကာလာ မကောင်းတော့သဖြင့် စစ်အိမ်ကို ပြင်တတ်လျှင် ပြင်ပေးဖို့ ကြည့်ခိုင်းနေခဲ့ချိန်ဖြစ်သည်။ စမ်းရေနှင့် စစ်အိမ် TV တစ်လုံး နှင့် အလုပ်ရှုပ်နေချိန်မှာ ဆည်းလည်းနှင့် ဂီတ ဘယ်အချိန် ဘယ်လို အိမ်မှ လစ်ထွက်သွားမှန်း မသိလိုက်ချေ။

စစ်အိမ်က TV ပြင်ပေးပြီး ပြန်တော့မယ် ပြင်ချိန်ကျမှ ဧည့်ခန်းစားပွဲပေါ်မှာ တင်ထားသော သူ့ကားသော့ မရှိတော့တာကို သတိထားမိသွားသည်။

"ကိုယ့်ကားသော့ ဘယ်ရောက်သွားပါလိမ့်၊ ကိုယ် ဒီ အပေါ်မှာ သေသေချာချာ တင်ထားတာ"

ဟု . . . စစ်အိမ်က မျက်ခုံးရှုံ့ကာ ပြောရင်း ဟိုဟိုဒီဒီ ရှာဖွေလျက်ရှိ၏။

စမ်းရေက တစ်ခုခုကို ဖျတ်ခနဲ ရိပ်မိသွားသလို အိမ်ရှေ့သို့ ကမန်းကတန်း ထွက်ကြည့်လိုက်မိသည်။ ထင် သည့်အတိုင်းပင်။ အိမ်ရှေ့မှာ စစ်အိမ်၏ ကားကို မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ချေ။

"စစ်အိမ်ရေ . . . ပြဿနာတော့ တက်ပြီ၊ စစ်အိမ်ကား အိမ်ရှေ့မှာ မရှိတော့ဘူး၊ ဟိုနှစ်ကောင်ရဲ့ လက်ချက်ပဲ ဖြစ်မယ်၊ ဆည်းလည်းက သူ့သူငယ်ချင်းတွေနဲ့ ကားမောင်းသင်တန်း တက်ဖူးတယ်၊ ကားကို မတောက်တခေါက် မောင်းတတ်တာ ဒုက္ခပါပဲ၊ ဘယ်ကိုများ မောင်းထွက်သွားပြီလဲ မသိဘူး"

စစ်အိမ်က မျက်နှာ ပျက်သွားသည်။ ကားက အကောင်းစားကြီး ဖြစ်သည်။ တစ်ခုခု ဖြစ်သွားလျှင် မလွယ်။ ပြီးတော့ အဲဒီကားက ပြန်ရောင်းမည့်ကား ဖြစ်သည်။ စမ်းရေနှင့်စစ်အိမ် နှစ်ယောက်သား အိမ်မှ ကမန်းကတန်း ထွက်လာခဲ့ကြကာ ဆည်းလည်းတို့ကို စိုးရိမ်တကြီး လိုက်ရှာကြရ၏။ လမ်းထိပ်သို့ မရောက်ခင်မှာပင် စစ်အိမ်၏ကားကို ပြန်တွေ့ရပါသည်။ သို့သော် စိတ်မကောင်းဖွယ် အဖြစ်ဆိုးတစ်ခုအား ကြုံဆိုလျက်ရှိသည်။ ကားပေါ်မှာ ဆည်းလည်းနှင့်ဂီတ နှစ်





ယောက်သား မျက်စိမျက်နှာ အပျက်ပျက်ဖြင့် ထိုင်နေကြ၏။ ကားရဲ့ ရှေ့ပိုင်းတစ်ခြမ်းက သူများရဲ့ ခြံစည်းရိုးအုတ်တံတိုင်းကို ဝင်ဆောင့်ထားသောကြောင့် မီးလုံးကွဲကာ ပိန်ရှုံ့အိုင်ဝင်လျက် ရှိသည်။

"အား . . . သွားပါပြီကွာ"

စစ်အိမ်ထံမှ နာကျင်ထိခိုက်စွာ ညည်းညူလိုက်သံနှင့်အတူ စစ်အိမ်က မျက်လုံးတွေ စုံမှိတ်ကာ သူ့ကားကို မကြည့်ရဲသလို မျက်နှာကို အပေါ်သို့ မော့လှန်ထားလေသည်။

စမ်းရေလည်း ရင်ထဲ ဒိန်းခနဲဖြစ်ကာ မူးမိုက်ပြာဝေသွားလေသည်။ ဆည်းလည်းနှင့်ဂီတက မျက်နှာငယ်ကလေးတွေကိုယ်စီနှင့် စမ်းရေကို လှမ်းကြည့်နေကြသည်။

"ကြည့်စမ်းပါဦး၊ ဘာဖြစ်လို့ အဲဒီလောက်တောင် မိုက်မဲရတာလဲ ဆည်းလည်းရယ်၊ သူများကားကို ဘာလို့ အဲဒီလို ခွင့်ပြုချက်မရဘဲ တက်မောင်းရတာလဲ၊ ပြီးတော့ ကားကြီးက အကောင်းစားကြီး၊ အခု ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ၊ ဘယ်လို လျော်ကြမလဲ"

စမ်းရေက ဆည်းလည်းကို ကားပေါ်မှ ဆွဲထုတ်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် ဒေါသတကြီး အော်မိလျှင် ဆည်းလည်းက မျက်လုံးအဝိုင်းသားကလေးတွင် မျက်ရည်တွေ ချက်ချင်း ပြည့်လာကာ . . .

"ဆည်းလည်း ဘမင်လုပ်တာမှ မဟုတ်တာ၊ ဂီတက ဆည်းလည်း ကားမောင်းတတ်တယ်ဆိုတာကို မယုံဘူးလို့ ပြောလို့ ဂီတကို ကားလိုက်မောင်းပြရင်း ဖြစ်သွားတာ၊ ဆည်းလည်း ဘယ်လိုမှ မတတ်နိုင်ဘူး၊ အဲဒါ တမင်လုပ်တာ မဟုတ်ဘူး"

ဟု . . . အသံ တုန်တုန်အက်အက်ကလေးဖြင့် ငိုတော့မလို ရှိုက်သံစွက်ရင်း ပြောလေသည်။

စစ်အိမ်ထံမှ ကျယ်လောင်သော သက်ပြင်းချသံကြီးကို ကြားရ၏။ သူ . . . ဒီကားကို တသသနှင့် ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ စမ်းရေ အသိဆုံး ဖြစ်သည်။





ထို့ကြောင့် ပို၍ စိတ်မကောင်းချေ။ စစ်အိမ်၏ မျက်နှာတစ်ခုလုံး နီမြန်းလျက် ရှိသည်။

"ဘယ်တတ်နိုင်မလဲကွာ . . . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ဆည်းလည်းကို အပြစ်တင်မနေပါနဲ့ စမ်းရေ၊ ကိုယ် ကြည့်လုပ်လိုက်ပါ့မယ်၊ ကားက ခေါင်းထိသွားတာဆိုတော့ ရှုံးတော့မှာတော့ သေချာတယ်၊ မှုံးတာထက် ကိုယ့်ကားကလေးကို ဒီပုံစံနဲ့ မြင်ရတာ တကယ် အသည်းကွဲတာပဲ၊ ဆည်းလည်းကို ကိုယ် တစ်ခုပြောမယ်၊ ဆည်းလည်း ကားမောင်းသင်ချင်တယ်ဆို ကိုယ် စီစဉ်ပေးမှာပေါ့"

"ဆည်းလည်း သူငယ်ချင်းတွေနဲ့ ကားမောင်းသင်တန်းတက်နေသားပဲ၊ အခုဟာက မတော်တဆ ဖြစ်သွားတာ၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ရှင့်စိတ်ထဲမှာ သိပ်နှမြောနေတယ် မဟုတ်လား ကိုစစ်အိမ်၊ ရှင့်မျက်နှာကြီးက ဟန်ဆောင်ထားပေမယ့် စိတ်ထဲကနေ ဆည်း



www.burmeseclassic.com

www.burmeseclassic.com



လည်းကို ဘယ်လောက်တောင် အမှန့်ချေပစ်ချင်လောက်အောင် စိတ်ဆိုးနေမလဲဆိုတာ ဆည်းလည်းသိသားပဲ၊ အဲဒီလောက်မှ အဲဆုံးအရှုံးမခံနိုင်ရင် ဆည်းလည်းရဲ့ မကြီးကိုလည်း လာမပတ်သက်နဲ့ပေါ့၊ နောက်ဆို . . . ရှင် ဒီထက်မက ပိုဆုံးရှုံးဖို့ပဲ ရှိတယ် သိလား . . ."

ဆည်းလည်းက စစ်အိမ်ကို မမာမခန့် ကြွပ်ဆတ်ဆတ်ပြောကာ ပြေးထွက်သွားလေသည်။ ဂီတကလည်း ကားပေါ်မှ ဝုန်းခနဲ တံခါးဖွင့်ကာ ဆင်းလိုက်သည်။ ဂီတဖွင့်လိုက်သော ကားတံခါးက ကားလမ်းပလက်ဖောင်းနှင့် ဒုန်းခနဲ တိုက်မိလေသည်။ ဂီတက "ဆောရီး" ဟု . . . တစ်ခွန်းသာပြောလျက် တစ်ချိုးတည်း လစ်လေသည်။

စမ်းရေသည် ဆည်းလည်းနှင့် ဂီတ၏ လုပ်ပုံကြောင့် စစ်အိမ်ကို မျက်နှာပူ အားနာကာ ဘာပြောရမှန်းမသိလောက်အောင် စိတ်မကောင်းဖြစ်လျက်ရှိသည်။





"စစ်အိမ်ရယ် . . . ကျွန်မ တောင်းပန်ပါတယ်၊ ရှင် ဒီကားကလေးကို ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ ကျွန်မ သိတယ်၊ ဆည်းလည်းတို့ကြောင့် ကားကလေးမှာ ဒဏ်ရာတွေ ဗရပွဖြစ်ကုန်ပြီ၊ ရှင့်ရင်ထဲမှာ ဘယ်လောက် ဆတ်ဆတ်ခါအောင် နာနေမလဲဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မ အားလုံးအတွက် အလျော်ပြန်ပေးပါရစေ စစ်အိမ်"

"အလျော် ပြန်ပေးစရာ မလိုပါဘူး စမ်းရေ၊ ဘယ်တတ်နိုင်မလဲကွာ၊ ပစ္စည်းသခါရ လူသခါရပဲပေါ့၊ ဆည်းလည်းနဲ့ ဂီတက ကိုယ့်ကို ကောင်းကောင်း ပညာပေးသွားခဲ့တာ၊ ဘယ်အရာကိုမှ အမြဲတမ်း အကောင်းပကတိအတိုင်း လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ထားလို့ မရဘူးဆိုတာကိုလေ . . . ဟား . . . ဟား"

စစ်အိမ်က မထိတရိ အသံကလေးဖြင့် ရယ်မောကြိုးစားလေသည်။ သို့သော် သူ့ကားကလေးကို သူ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် နှမြောမဆုံး ဖြစ်နေသလဲဆိုတာ စမ်းရေက အသိဆုံး ဖြစ်သည်။

"စစ်အိမ်ရယ် . . . .ကျွန်မပြောခဲ့တယ် မဟုတ်လား၊ စမ်းရေရဲ့ မောင်နဲ့ ညီမက အဲဒီလောက် ဆိုးပါတယ်လို့၊ စစ်အိမ်ကို ဆက်ပြီး ဒုက္ခမခံစေချင်ဘူး၊ ဖြစ်နိုင်ရင် ကျွန်မကိုပါ စိတ်ဆိုးနာကြည်းပစ်လိုက်စမ်းပါ၊ ကျွန်မဆီ ဘယ်တော့မှ မလာတော့ဘူးဆိုရင်လည်း ကျွန်မ နားလည်ပါတယ်"

"ဟာ . . . ဘာတွေလျှောက်ပြောနေတာလဲ စမ်းရေရယ်၊ ဒီကားကလေး ထိရုံနဲ့ စမ်းရေအပေါ် ကိုယ့်စိတ်တွေ ဘာမှ ပြောင်းလဲသွားစရာ အကြောင်း မရှိပါဘူး၊ ကားကို နှမြောတာက နှမြောတာ တစ်ကဏ္ဍသက်သက်ပဲ . . . ဘာဆိုင်လို့လဲ"

စစ်အိမ်က မမျှော်လင့်ဘဲ လွှတ်ခနဲ ထွက်သွားပြီး သူ့စကားသူ ချက်ချင်း ပြန်သတိထားမိသွားကာ ရုတ်တ





ရက် ကြောင်အမ်းသွားသော မျက်နှာပေးဖြင့် ငြိမ်သက်သွားလေသည်။

စမ်းရေကလည်း မျှော်လင့်မထားသော အချိန်နှင့် အခြေအနေမှာ သူ့ဆီမှ အမှတ်တမဲ့ လွှတ်ခနဲ ထွက်လာခဲ့သော ထိုစကားလေးအပေါ် ယစ်မူးရင်ခုန်ရတော့မလိုလို၊ ရယ်မောလိုက်ရတော့မလိုလိုဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးခနဲ ငြိမ်သက်သွားကြသည်မှာ ဆယ်မိနစ်လောက် ကြာမြင့်၏။ စမ်းရေက ပထမဆုံး သတိဝင်ကာ ထူထူပူပူဖြင့် . . .

"ဒါဖြင့်လည်း စမ်းရေ သွားတော့မယ်"

ဟု . . . ရှက်ကိုးရှက်ကန်း ပြောပစ်ခဲ့ပြီး ကမူးရှူးထိုးဖြင့် ထွက်လာခဲ့မိလေသည်။ သူ ဘယ်လိုပုံစံနှင့် ကျန်ရစ်ခဲ့သည် မသိတော့ချေ။ စမ်းရေရင်ထဲ တလှပ်လှပ် ခုန်နေခဲ့ကာ တိမ်တိုက်တွေဆီ လွင့်ပြယ်နေရသလို လူက တရှိန်းရှိန်း



www.burmeseclassic.com

www.burmeseclassic.com



တမြမြဖြင့် ဖိုလှိုက်၍ နေလေသည်။ ဘုရားရေ . . . စမ်းရေ လည်း သူ့ကို ချစ်များ ချစ်နေမိပြီလား။





အခန်း . . . ၆

ဆည်းလည်းတို့ ဆေးကျောင်း စ၍ တက်ရတော့မည်။ ဆည်းလည်း ဆေးကျောင်းသို့ မတက်ရသေးခင် အချိန်ကလေးမှာ စမ်းရေ လုံးဝ ကြိုတင်မျှော်လင့်ထားခြင်း မရှိသော မုန်တိုင်း တစ်ခု စမ်းရေတို့ ကမ္ဘာကလေးအတွင်းသို့ မမျှော်လင့်ဘဲ ချဉ်းကပ်လာခဲ့ခြင်း ဖြစ်သည်။ မုန်တိုင်းတို့ရဲ့ သဘာဝအတိုင်း မုန်တိုင်းမလာခင်မှာ အင်မတန် နူးညံ့ညင်သာသော လေပြေ လေညင်းကလေး စတင်၍ တိုက်ခတ်တတ်မြဲဖြစ်သည်။ ထိုပြဿနာ၏ အစမှာ ဒေါ်သံသာချို ဖြစ်၏။ ဒေါ်သံသာချိုက စတင်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"စမ်းရေ . . . မမတို့ တစ်မိသားစုလုံး ချောင်းသာကို တစ်ပတ်လောက် အပန်းဖြေခရီး ထွက်ကြမလို့၊ အဲဒါ သားနှစ်ယောက်အတွက် စမ်းရေကိုပါ ခေါ်သွားချင်တယ်၊ လိုက်ခဲ့ပေးလို့ ရမလားဟင်၊ အဲဒီအတွက် မမက အပိုလခအဖြစ် ဘောက်ဆူး ထပ်ပေးမှာပါ၊ သားနှစ်ယောက်က စမ်းရေမှ စမ်းရေ ဖြစ်နေပြီ၊ စမ်းရေ မပါလို့ ရမှာ မဟုတ်ဘူး"

ဟု . . . ဆိုလာစဉ် စမ်းရေသည် ဘယ်လိုမှ မဖြစ်နိုင်ကြောင်း ခါးခါးသီးသီးပင် ငြင်းရ၏။

"အဲဒါတော့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ မမရယ်၊ စမ်းရေ တစ်ယောက်တည်း လိုက်လာရင် အိမ်မှာ ညီမလေးနဲ့ မောင်လေးပဲ ကျန်ခဲ့ကြမှာ၊ သူတို့နှစ်ယောက်ကို ညအိပ် ညနေ ခွဲပြီး ထားပစ်ခဲ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ ကျွန်မ သူတို့ကို စိတ်လည်း မချဘူး၊ တစ်ခါမှလည်း မခွဲဖူးဘူး၊ အဲဒီ တစ်ပတ်ငှတော့ ဘယ်လိုမှ ချောင်းသာကို





မလိုက်နိုင်ဘူး မမရယ် . . ."

"စမ်းရေကလည်းကွယ် . . . အဲဒါများ ခက်တာလိုက်လို့၊ စမ်းရေရဲ့ ညီမလေးနဲ့ မောင်လေးကိုပါ တစ်ခါတည်း ခေါ်လာခဲ့ပေါ့၊ သူတို့လည်း ချောင်းသာကို အပျော်ခရီး လိုက်ဖြစ်သွားတာပေါ့၊ မမတို့က Mini Bus ကြီးနဲ့ သွားမှာ၊ လူနှစ်ယောက်ပိုလို့ ဘာမှမဖြစ်ဘူး၊ အဲဒီလိုဆိုရင်ကော ဖြစ်မလား"

အဲဒီလိုဆိုရင်တော့ မဖြစ်နိုင်စရာ အကြောင်း မရှိပါ။ စမ်းရေက ဆည်းလည်းနှင့် ဂီတကိုလည်း ချောင်းသာသို့ ရောက်ဖူးစေချင်သေးသည်။ သူတို့နှစ်ယောက် သိပ်ပျော်မှာကို မြင်ယောင်ပြီးသား။

"သူတို့နှစ်ယောက်ကိုပါ တစ်ပါတည်း ခေါ်မယ်ဆိုရင်တော့ ဖြစ်ပါတယ် မမရယ်"

"အဲဒါဆိုရင် ခေါ်ခဲ့ . . . ခေါ်ခဲ့၊ အခု လာမဲ့ သောကြာနေ့ကစပြီး ထွက်မှာ၊ တစ်ပတ်လောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြာမယ်၊ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် မမ"

စမ်းရေသည် စိတ်ထဲမှာ ပျော်သလိုလိုလေးတော့ ခံစားရသည်။ အဲဒီနေ့က အိမ်ပြန်ရောက်ရောက်ချင်း ဆည်းလည်းနဲ့ ဂီတကို . . .

"ဆည်းလည်း . . . ဂီတ . . .၊ ဆည်းလည်းတို့ ချောင်းသာများ မသွားချင်ဘူးလား"

ဟု . . . ခပ်တည်တည် မေးလိုက်လျှင် နှစ်ယောက်စလုံး မျက်နှာကလေးတွေ ဖြိုးပြက်ဝင်းထိန်သွားကာ. . .

"ဟာ . . . သိပ်သွားချင်တာပေါ့၊ ချောင်းသာ တစ်ခါမှ မရောက်ဖူးဘူး"

ဟု . . . ပြိုင်တူနီးပါး အဖြေပေးကြလေသည်။ စမ်းရေက အားပါးတရကလေး ပြုံးလိုက်ကာ . . .

"ဒါဆိုရင် လာမဲ့ သောကြာနေ့ ချောင်းသာကို အပျော်





ခရီး ထွက်ကြမယ်၊ အဲဒီအတွက် ဆည်းလည်းရော ဂီတပါ အားလုံး ပြင်ဆင်ထား . . . ဟုတ်ပြီလား"

ဟု . . . ဆိုလိုက်လျှင် နှစ်ယောက်သား ဟေးခနဲ အော်ဟစ်ကာ လက်သီးလက်မောင်းတန်းလျက် ခုန်ပေါက်ပျော်ရွှင်နေကြတော့လေသည်။

စမ်းရေက သူတို့နှစ်ယောက် ပျော်ရွှင်ရင်ခုန်နေပုံကို ကြည့်ကာ စမ်းရေပါ အလိုလို ပျော်ရွှင်လာမိသည်။ အဲဒီအချိန်တုန်းကတော့ အဲဒါကို မုန်တိုင်းမလာခင် ရောက်လာသည့် လေပြေလေညင်းကလေးမှန်း မသိခဲ့ချေ။

☎ ☎ ☎

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာသို့ သွားမည့်နေ့မှာ ဆည်းလည်းနှင့် ဂီတတို့ကို ခေါ်ကာ ဒေါ်သံသာချိုတို့အိမ်သို့ လာခဲ့သည်။ ထိုနေ့က ဆည်းလည်းကို ဒေါ်သံသာချို ပထမဆုံး စတွေ့ခဲ့သော နေ့လည်းဖြစ်သည်။ ဆည်းလည်းကို မြင်မြင်ချင်းပင် ဒေါ်သံသာချို၏ မျက်နှာပေါ်မှာ ထူးခြားတောက်ပသော အလင်းရောင်တချို့ ဖြာထွက်သွားသလို မျက်လုံးများပင် တလက်လက် ဖြာလက်တောက်ပသွားခဲ့၏။

"ဒါ ... စမ်းရေရဲ့ ညီမလေး အိမ့်ဆည်းလည်းပါ





မမ၊ ဒါလေးက မောင်လေးပေါ့ ... ဂီတသံစဉ်တဲ့၊ ဂီတလို့ပဲ ခေါ်ကြတယ်"

ဒေါ်သံသာချိုက ဂီတကို ဒီလောက် စိတ်မဝင်စားချေ။ ဆည်းလည်းကိုသာ ပြုံး၍ တောက်ပနေသော မျက်ဝန်းများဖြင့် မက်မက်မောမော ငေးစိုက်ကြည့်နေကာ ...

"ကြည့်စမ်း ... စမ်းရေရဲ့ ညီမလေးက ချောလိုက်တာ၊ ချစ်စရာကလေး ...၊ သမီးအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ် ပြည့်ပြီးပါပြီ အန်တီ၊ မကြာခင် ဆေးကျောင်းတက်ရတော့မှာပါ"

ဆည်းလည်းက ပါးချိုင့်ကလေးပေါ်အောင် ချိုချိုကြည်ကြည်ကလေးပြုံး၍ သွက်သွက်လက်လက် ဖြေလိုက်လျှင် ဒေါ်သံသာချိုက အူလှိုက်သည်းလှိုက် အပြုံးမျိုးဖြင့် ပြုံးလိုက်ကာ ...

"ဟယ် ... ကြည့်စမ်း သမီးက သိပ်တော်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးကလည်း အချောစား အပျံစားကလေး၊ ပညာကလည်း အတော်စားပါလား၊ ကြည့်စမ်း . . . စမ်းရေမှာ ဒီလောက်ချောပြီး သိပ်တော်တဲ့ ညီမလေး ရှိမှန်း မမ စောစောကတည်းက သိခဲ့ရင် ကောင်းမှာ၊ စမ်းရေကို မမ ပြောခဲ့ဖူးတယ်မဟုတ်လား၊ မမရဲ့ သမီးကလေးသာ ရှိခဲ့ရင် အခုလောက်ဆို ဆည်းလည်း အရွယ်ရောက်နေပြီပေါ့၊ အမလေး အိမ့်ဆည်းလည်း ရယ်၊ အန်တီရဲ့ သမီးကလေးသာ ဖြစ်လိုက်စမ်းပါ တော့၊ လာပါဦး . . . အန်တီ့ဆီကို"

ဒေါ်သံသာချိုက လက်နှစ်ဖက်ကို ဆန့်တန်းကာ ရင်ဖွင့်၍ ကြိုဆိုနေလျှင် ဆည်းလည်းက သွက်သွက်လက်လက် ပင် ဒေါ်သံသာချိုဆီသို့ တိုးဝင်သွား၏။ စမ်းရေက ညီမလေး အပေါ် ဒေါ်သံသာချို လှိုက်လှိုက်လှဲလှဲ ရှိလှသည်ကို ကျေနပ် ကြည်နူးသော မျက်လုံးများဖြင့် ငေးကြည့်နေခဲ့မိ၏။

ဒေါ်သံသာချိုက ဆည်းလည်းကလေးကို ဆံပင်





ဖျားကမနေ ခြေဖျားကလေးတွေအထိ အစအဆုံး အလွတ်ရ မတတ် အပြန်အပြန် အလှန်လှန် စိုက်ကြည့်လျက်ရှိကာ သဘောကျ၍ မဆုံးတော့ချေ။ ဆည်းလည်းဆိုသော အလည် အတတ် မိန်းကလေးလေးကလည်း သူမကို ဒေါ်သံသာချို မြင်မြင်ချင်း ချစ်ခင်သဘောကျလျက် ရှိပြီဆိုတာကို ကောင်း စွာ နားလည်ရိပ်မိပုံရ၏။ စမ်းရေဘက်သို့ မသိမသာ လှည့် ကြည့်ကာ မျက်လုံးကလေး ဖျတ်ခနဲ မှိတ်ပြလေသည်။

"အန်တီက သမီးရူး ရူးနေတာ ဆည်းလည်းရဲ့၊ သမီး လေးတစ်ယောက် သိပ်လိုချင်တာပဲ၊ အန်တီ့မှာ ရှိသမျှ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ၊ ရတနာတွေ မှန်သမျှ အန်တီ့သမီးကလေးကို သိပ် ဆင်ပေးချင်ခဲ့ တာ၊ အန်တီ့သမီးကလေးသာရှိရင် ဆည်းလည်းလို ပုံစံကလေးမျိုးပဲ ဖြစ်မှာ"

ဟု . . . တဖွဖွ ပြော၍မဆုံးချေ။ ဆည်းလည်း ကလည်း သွက်လက်ချက်ချာသူကလေးမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆည်းလည်းကိုလည်း သမီးတစ်ယောက်လို သဘောထားနိုင်ပါတယ် အန်တီ၊ အခုလို ဆည်းလည်းတို့ မောင်နှမတွေကို ချောင်းသာကို အပျော်ခရီး ခေါ်ခဲ့ပေးတဲ့အတွက် ဆည်းလည်း အရမ်း ကျေးဇူးတင်ပါတယ်၊ ဆည်းလည်းက ချောင်းသာကို ရောက်ဖူးချင်နေတာ၊ တစ်ခါမှ မရောက်ဖူးဘူး"

ဟု . . . အပြုံး ချိုမြမြကလေးဖြင့် ပြန်ပြော၏။ ဒေါ်သံသာချိုက ဆည်းလည်း၏ မျက်နှာကလေးကို ပြုံးတမြမြဖြင့် ငေးမောကာ ဆည်းလည်းပြောသမျှ၊ ဆည်းလည်း လှုပ်ရှားပြုမူသမျှကို စူးစူးစိုက်စိုက်ပင် ငေးမောကာ သဘောကျ၍ မဆုံးချေ။

ခရီးစတင်ချိန်တွင် ဒေါ်သံသာချိုက ဆည်းလည်းကို သူမဘေးသို့ ခေါ်၍ ထိုင်ခိုင်းလေသည်။ စမ်းရေကလည်း ကလေးနှစ်ယောက်ကို ထိန်းနေရတာနှင့် မအားချေ။ ဂီတကလေးမှာ တစ်ယောက်တည်း အဲဒေဖော်မဲ့လျက်ရှိသည်။





ဒေါ်သံသာချို၏ ယောက်ျား ဒေါက်တာချမ်းမြေ့က ကားမောင်းလေသည်။ တစ်လမ်းလုံး ဒေါ်သံသာချိုက ဆည်းလည်းကို ဘာတွေပြောနေမှန်းမသိ စကားတွေ တတွတ်တွတ် ပြောလျက်ရှိသည်။ ထမင်းစားကြတော့လည်း ဒေါ်သံသာချိုက ဆည်းလည်းကို သူမနားမှာပင် ထိုင်ခိုင်းကာ စား၏။ ဆည်းလည်းကလည်း ဒေါ်သံသာချိုနှင့် ကောင်းစွာ အဖွဲ့ကျလျက်ရှိသည်။ နှစ်ယောက်စလုံးက အလှအပကို ခုံမင်ကိုးကွယ်သူတွေမို့ ဆည်းလည်းကလည်း ဒေါ်သံသာချို၏ ခေတ်ရှေ့ပြေးကာ ချောမောကြော့မော့နေသော ပုံစံကို သဘောအကျကြီးကျလျက်ရှိသည်။ ခဏအတွင်းမှာပင် သူတို့နှစ်ယောက် အပေးအယူ တည့်ကာ တပူးပူးတတွဲတွဲ ဖြစ်နေတော့သည်။ ဒေါ်သံသာချိုအတွက် အကောင်းဆုံး အဖော်ရသွားခြင်းလည်း ဖြစ်သည်။

ချောင်းသာသို့ ရောက်လျှင် ဒေါ်သံသာချိုက စမ်းရေတို့ မောင်နှမသုံးယောက်အတွက် ဘန်ဂလိုတစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးကာ သူမတို့ မိသားစုက ဘန်ဂလိုတစ်ခန်း ဖြစ်သည်။ ပင်လယ်နှင့် တွေ့ပြီဆိုကတည်းက ဆည်းလည်းနှင့် ဂီတကို ဘယ်လိုမှ ထိန်းသိမ်း၍ မနိုင်တော့ချေ။ မျောက်ရှုံးအောင် ဆော့လေ့ရှိသော ကလေးနှစ်ယောက်ကတော့ ပြောမနေပါနှင့်တော့။ စမ်းရေမှာ ကလေးနှစ်ယောက်နောက်သို့ တကောက်ကောက်လိုက်ကာ ထိန်းနေရသည်နှင့် ဆည်းလည်းနှင့် ဂီတကို ဂရုမစိုက်နိုင်အားချေ။ ဆည်းလည်းက ဒေါ်သံသာချို့ အနားမှာ တစ်ဖဝါးမှ မခွာတော့ချေ။ ဒေါ်သံသာချိုက သူမ သုံးသော skin care တွေ၊ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ရေမွှေးတွေထဲက ကြိုက်တာယူသုံးခွင့် ဆည်းလည်းကို ပေးထား၏။ အဲဒါအပြင် ဆည်းလည်းဝတ်ဖို့ ရေကူးဝတ်စုံကို သူမရဲ့ ရေကူးဝတ်စုံတွေထဲက အသေးဆုံး ရှာဖွေ၍ ပေးလေသည်။ ဆည်းလည်းက သဘောကျ၍ မဆုံး။ ချောင်းသာသို့ ရောက်သည်နှင့် ဆည်းလည်း၏ ပုံစံမှာ တစ်မုဟုတ်ချင်း ပြောင်းလဲသွားတော့သည်။ မျက်နှာပေါ်မှာ မိတ်ကပ်တွေ၊





အိုင်းရှဲဒိုးတွေ၊ မျက်တောင်ဆိုးဆေးတွေ၊ နှုတ်ခမ်းနီတွေနှင့် ကြွေရုပ်ကလေးတစ်ရုပ် အသက်ဝင်လာသလို ချက်ချင်း တောက်တောက်ပပ ဖြစ်သွားလေသည်။

စမ်းရေက ဆည်းလည်းကို တအံ့တသြ ငေးကြည့်မိရုံကလွဲပြီး ဘာမှ မပြောဖြစ်ချေ။ ဆည်းလည်း ပျော်နေတာကို ကြည့်ပြီး စမ်းရေပါ အလိုလို ပျော်နေခဲ့သည်။ ချောင်းသာသို့ ရောက်ပြီးချိန်ကတည်းကစပြီး ဆည်းလည်းကို ဖမ်း၍ မမိတော့ချေ။ တစ်ချိန်လုံး ဒေါ်သံသာချိုအနားမှာ ရောက်နေကာ ရေဆင်းကူးတော့လည်း အတူတူ၊ ပင်လယ်ထဲက ပြန်တက်လာတော့လည်း အတူတူ၊ စားတော့သောက်တော့လည်း အတူတူနှင့် တကယ့်ကို ခွဲခွါမရအောင် တပူးတွဲတွဲ ဖြစ်နေတော့သည်။ စမ်းရေမှာလည်း ကလေးနှစ်ယောက်နှင့် ဘယ်လိုမှ မအားနိုင်သောကြောင့် ဆည်းလည်း ဒေါ်သံသာချိုနှင့် အဖွဲ့ကျနေတာကိုပင် သဘောကျသလိုလို ဖြစ်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂီတကတော့ ယောက်ျားကလေးတို့ရဲ့ ထုံးစံအတိုင်း ရောက်လေရာမှာ အပေါင်းအသင်းတွေ့ကာ ထိုအပေါင်းအသင်းတွေနှင့် ဘောလုံးကန်လိုက်၊ ပြေးလိုက်လွှားလိုက်ဖြင့် စမ်းရေနှင့်သို့ ယောင်၍ပင် မကပ်ချေ။ ဒီခရီးမှာ စစ်အိမ်သာ ပါလာခဲ့ရင် ဘယ်လောက် ရင်ခုန်ပျော်ရွှင်ဖို့ ကောင်းလိုက်မလဲဟု . . . စမ်းရေ တွေးမိကာ စစ်အိမ်ကိုပင် လွမ်းမိသလိုလိုပင်။ စမ်းရေနှင့် တစ်ပတ်လုံးလုံး ခွဲရမည့်အရေးကို စစ်အိမ်မှာ တဖျစ်ဖျစ်ဖြင့် ညည်းကွား၍ မဆုံးခဲ့။ သူ့ပါ နောက်ကနေ ကားတစ်စီးသက်သက် လိုက်ခဲ့ပါမည် တကဲကဲ လုပ်နေတာမို့ မနည်းပင် ခြိမ်းခြောက်တားမြစ်ခဲ့ရခြင်း ဖြစ်သည်။ စမ်းရေရဲ့ ဂုဏ်သိက္ခာကို အဲဒီနည်းနဲ့တော့ ထိခိုက်အောင် မလုပ်ပါနဲ့ ဟူသော စကားတစ်ခွန်းဖြင့် သူ့ကို မလိုက်ဖြစ်အောင် တားမြစ်ချန်ရစ်သားခဲ့ခြင်း ဖြစ်သည်။ အခုတော့ စမ်းရေမှာ အမေ်မဲ့လျက်ရှိသည်။ ဆည်းလည်းကသည်း သူမအဖော်နှင့် သူမ၊ ဂီတကလည်. သူ့ဘာသာသူ





ပျော်လို့ ရွှင်လို့။ စမ်းရေမှာသာ ကလေးနှစ်ယောက်အမေလုံးလုံးဖြစ် ကာ ချောင်းသာ၏ အရသာကို တစ်စက်ကလေးမှ မခံစားလိုက်ရချေ။ တစ်ချိန်လုံး ကလေးနှစ်ယောက်ကို တဟဲ့ဟဲ့ တဟိတ်ဟိတ်နှင့် အော်ဟစ်ထိန်းသိမ်းနေရတာနှင့်ပင် အချိန်ကုန်လေသည်။ လူတွေကတော့ ဆည်းလည်းကို ကလေးနှစ်ယောက်အမေဟု ထင်မှာ မလွဲ။ ဒေါ်သံသာချိုကတော့ သားနှစ်ယောက်ကို ယောင်၍ပင် လှည့်မကြည့်ဘဲ အပျိုကလေးတစ်ယောက်လို ကြော့ကြော့မော့မော့နှင့် မြူးထူးပျော်ရွှင် မဆုံးခဲ့ချေ။ ဒေါ်သံသာချိုက အဲဒီလို အပြည့်အဝ ပျော်ရွှင်ချင်လို့လည်း စမ်းရေတို့ကို သူမရဲ့ အခြွေအရံတွေအဖြစ် ခေါ်လာခဲ့ခြင်းဖြစ်သည်။

ကြာတော့ စမ်းရေသည် ဘာကို စိတ်တိုမိမှန်းမသိ စိတ်တိုသလိုလို ဖြစ်လာကာ ဆည်းလည်းကို ညဘက်အိပ်ချိန်ကျမှ နှစ်ယောက်သား တီးတိုးစကား ပြောကြရင်း. . .

"ဆည်းလည်းရယ် မကြီးအနားမှာလည်း နေစမ်းပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်ထဲ . . . ချောင်းဘာရောက်ကတည်းက သူ့ကို ဖမ်းလို့ကို မမိတော့ဘူး၊ အလှတွေကလည်း ပြင်လိုက်တာ ပြောမနေပါနဲ့တော့၊ အခုမှ ဆည်းလည်းက ငယ်ငယ်လေး ရှိသေးတာ၊ ဘာဖြစ်လို့ အဲဒီလောက်တောင် မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ခြယ်နေရတာလဲ၊ ပြီးတော့ . . . ဒေါ်သံသာချိုနားမှာ တစ်ချိန်လုံး သွားကပ်မနေနဲ့လေ၊ ဟိုက ကြိုက်မှန်းမသိ . . . မကြိုက်မှန်းမသိ၊ သူ့ယောကျ်ားနဲ့သူ အတူတူ နေပါစေပေါ့၊ ဆည်းလည်းက ဘာဖြစ်လို့ ဒေါ်သံသာချိုနဲ့ အဲဒီလောက်တောင် တပူးပူးတတွဲတွဲ ဖြစ်နေရတာလဲ"

ဟု . . . ခပ်တိုးတိုး ဆူမိလျှင် ဆည်းလည်းက ရှင်ရှင်မြူးမြူးကလေး ပြုံးကာ . . .

"အို . . . မကြီးက ဘာသိလို့လဲ၊ အန်တီသံသာက ဆည်းလည်းကို မြင်မြင်ချင်းပဲ အရမ်းချစ်သွားတာတဲ့၊ သူ့ သမီးလေးလို စိတ်ထဲမှာ သဘောထားတယ်တဲ့၊





ဆည်းလည်းကို အရမ်းချစ်တာ မကြီးရဲ့၊ ပြီးတော့ အန်တီ သံသာတို့က အရမ်း ချမ်းသာတာပဲနော်၊ ဆည်းလည်းလေ အဲဒီလို ချမ်းချမ်းသာသာကြီး နေချင်လိုက်တာ၊ အန်တီသံသာမှာဆို skin care တွေ၊ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ရေမွှေးတွေဆိုတာ တကယ့် အကောင်းဆုံး Brand တွေချည်းပဲ၊ Estee Lauder တို့၊ Shiseido တို့၊ Clinique တို့ . . . အများကြီးပဲ၊ ရေမွှေးတွေဆိုရင်လည်း Gucci တို့၊ Chanel Five တို့ . . . တခြား ဆည်းလည်း မသိတဲ့ Brand တွေ အများကြီးပဲ၊ ဖိနပ်တွေဆိုရင်လည်း Vincci တို့၊ Beserce တို့ တကယ့် အကောင်းစားတွေ မကြီးရဲ့၊ အန်တီသံသာဝတ်တဲ့ အင်္ကျီတွေ၊ စကတ်တွေဆိုရင် ဒီမှာတောင် မမြင်ဖူးဘူး၊ အန်တီသံသာက စင်္ကာပူတို့၊ ထိုင်ဝမ်တို့အထိ ထွက်ဝယ်တာတဲ့၊ ပြီးတော့ America က အန်တီသံသာရဲ့ ခဲစ်မ တွေ၊ ညီမတွေက အမြဲတမ်း ပို့ပေးတာတဲ့၊ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေမှ အကောင်းစားတွေကြီးပဲ၊ အများကြီးပဲ မကြီး ရယ်၊ ဆည်းလည်း သိပ်သဘောကျတာပဲ၊ အန်တီသံသာ က ဆည်းလည်းကို သူနဲ့မတော်တဲ့ အဝတ်အစားတွေ ရှာပေးမယ်တဲ့၊ တချို့ဆို သူ ဝတ်တောင် မဝတ်ရသေး ဘူးတဲ့၊ အသစ်ကျပ်ချွတ်တွေတဲ့ မကြီးရဲ့"

ဟု . . . နက်ရှိုင်းတောက်ပနေသော မျက်ဝန်း ကလေးများ တလက်လက်ဖြင့် တက်ကြွထက်သန်စွာ ဆိုလေ သည်။ စမ်းရေမှာ ဆည်းလည်းရဲ့ မက်မောယစ်မူးမှုတွေ အပေါ် စိုးရိမ်စိတ်ကလေး ဝင်မိသည်။

"ညီမလေးရယ် . . . ဘာဖြစ်လို့ သူများပစ္စည်းတွေ အဲဒီလောက် မက်မောလိုချင်နေမလဲ၊ မကြီးလည်း ဆည်းလည်းကို ဆည်းလည်းလိုချင်တာတွေ မှန်သမျှ ဝယ်ပေးနေတာပဲ၊ ဆည်းလည်းမှာ သည်း အဝတ်အစား တွေ၊ ဖိနပ်တွေ၊ အသုံးအဆောင်တွေ ဗီရိုနဲ့တောင် မဆံ့တော့ဘူး၊ ဘာဖြစ်လို့ သူများပေးတာတွေ ထပ်လို





ချင်ရတာလဲ"

"အို . . . မကြီးကလည်း အန်တီသံသာရဲ့ ပစ္စည်းတွေ က အကောင်းစားတွေလေ မကြီးရဲ့၊ ဆွဲကြိုးတွေ၊ နားကပ်တွေ၊ လက်ကောက်တွေ၊ နာရီတွေလည်း ပေးဦး မယ်တဲ့၊ သူမှာ အများကြီးပဲတဲ့၊ ဆည်းလည်းတော့ ယူမှာ ပဲနော်၊ ဆည်းလည်း အရမ်းလိုချင်တာ၊ ပြီးတော့ . . . ဆည်းလည်းက ဆေးကျောင်းတက်ရတော့မှာဆိုတော့ ကျောင်းမှာ သူများတွေထက် ထူးထူးခြားခြား ဝတ်စား ဆင်ယင်နိုင်မှ Queen ရမှာ မကြီးရဲ့"

ဆည်းလည်းက လိုချင်မက်မောမှုတွေကို ဘာနဲ့မှ တားဆီးဖြေသိမ့်၍ မရနိုင်တော့သလို အာဆာလောင်လောင် ပုံစံကလေးဖြင့် ပြောလေသည်။ ဆည်းလည်း၏ တစ်ကိုယ်လုံး မှာ လိုချင်မက်မောမှုတွေဖြင့် တောက်ပထက်သန်လျက် ရှိ တာကို စမ်းရေ သတိထားမိသွား၏။ စမ်းရေသည် သက်ပြင်း မောကိုသာ အသာအယာ ချမိလေသည်။ ဆည်းလည်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမျှား သူမ လိုချင်တာ ဖြစ်ချင်တာရှိလျှင် ကား ဖြစ်ပိတ်ပင်လို့ ရဖူးလို့လည်း။ ဆည်းလည်းသည် အင်မတန် တဇွတ်ထိုး ဆန်သူကလေး ဖြစ်သည်။ ပြောမရတဲ့အဆုံးမှာ စမ်းရေသည် စိတ်မကောင်းစွာဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ အလျှော့ပေးလိုက်ရသည်။ ဆည်းလည်း၏ အခြေအနေကို ဘေးကနေ အကဲခတ် စောင့်ကြည့်ရုံမှတပါး စမ်းရေ ဘာမှ မတတ်နိုင်ပါ။

☎☎☎



ချောင်းသာမှ ပြန်လာချိန်ကစပြီး ဆည်းလည်းနှင့် ဒေါ်သံသာချိုမှာ ရှေးရေစက်ဖြင့် ပြန်ဆုံကြရသော သားအမိတွေပမာ တစ်ပူးတွဲတွဲ ခွဲ၍မရအောင် ချစ်သွားလေသည်။ ဒေါ်သံသာချိုက ဆည်းလည်းကို သဘောအကျကြီး ကျလျက်ရှိကာ ဘယ်သွားသွား ဆည်းလည်းကိုပင် အဖော်ခေါ်၍ သွားတတ်သည်။ ဆည်းလည်းအတွက် အဝတ်အစား၊ အသုံးအဆောင်၊ အလှပြင်ပစ္စည်းတွေကအစ ဖိနပ်တွေအဆုံး ခေတ်မီပေ့၊ ဆန်းသစ်ပေ့ ဆိုသော အကောင်းစား Brand တွေ တနင့်



www.burmeseclassic.com

www.burmeseclassic.com



တပိုး ဝယ်ပေးလေသည်။ ဆည်းလည်း၏ပုံစံကလေးမှာ ချောင်းသာမှ ပြန်လာပြီးကတည်းက ဒေါ်သံသာချိုနှင့် ပုလဲ နံ့ပ သင့်ချင်တိုင်း သင့်နေကာ တစ်နေ့တစ်နေ့ အိမ်မှာတောင် မကပ်တော့ဘဲ ဒေါ်သံသာချိုနှင့်သာ တစ်တွဲတွဲ ပါသွားတတ်လာသည်။ ဒေါ်သံသာချိုက ဆည်းလည်းကို နေ့တိုင်း အိမ်မှာ ဝင်ခေါ်တတ်လာ၏။ ပြီးလျှင် သူမ သွားလေရာနောက်သို့ ဆည်းလည်းကို တပူးတွဲတွဲ အဖော်ခေါ်သွားတတ်သည်။ ဆည်းလည်း၏ ဆံပင်နက်နက်တွေကို မှင်းဂွတ်သီး အနွံ့ အရောင်ဟု ခေါ်သော အရောင်တစ်မျိုး ပြောင်းလဲဆိုးပေးသောနေ့က စမ်းရေသည် မျက်လုံးများပင် ပြာဝေ၍ သွားလေသည်။

"ဆည်းလည်းရယ် ဘာဖြစ်လို့ အဲဒီအရောင်တွေ ဆံပင်ကို ဆိုးပစ်ရတာလဲ၊ အရောင်က ဘိုဆန်လိုက်တာ၊ ကိုယ်က ဘိုမှ မဟုတ်တဲ ဆည်းလည်းရယ်၊ ဆေးကျောင်းလည်း တက်ရတော့မယ့် ဥစ္စာ၊ ဒီဆံပင် အရောင်ကြီးနဲ့





ဆေးကျောင်းတက်မလို့လား၊ အရင်က ဆံပင်နက်နက်ကလေးတွေပဲ ကောင်းပါတယ် ဆည်းလည်းရယ်၊ ဆံပင်အရောင် ပြန်ပြောင်းပစ်လိုက်စမ်းပါ"

ဟု . . . စမ်းရေက ဆိုလျှင် ဆည်းလည်းက ခေါင်းမာစွာပင် ငြင်းပယ်၏။

"အို . . . မကြီး ဘာသိလို့လဲ၊ ဒီအရောင်က အခု အရမ်း ခေတ်စားနေတဲ့ အရောင်လေ၊ အရမ်း ဈေးကြီးတာ မကြီးရဲ့၊ ဒီနေ့ အန်တီသံသာ မျက်နှာပေါင်းတော့ ဆည်းလည်းကိုလည်း မျက်နှာပေါင်းပေးတယ်၊ ပြီးတော့ အန်တီသံသာက Sedona မှာ Gym သွားကစားရင် ဆည်းလည်းကိုလည်း ခေါ်သွားမယ်တဲ့၊ ဆည်းလည်းအတွက် Member Card လုပ်ထားပေးပြီးပြီ၊ နောက်ဆို ဆည်းလည်း အန်တီသံသာနဲ့ Gym သွားကစားမှာနော် မကြီး"

ဟု . . . ဆိုလေသည်။ အချိန်တိုတိုကလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ဆည်းလည်း၏ ပုံစံ လုံးဝ ပြောင်းလဲသွားခဲ့တာကို စမ်းရေမှာ ယုံလည်း မယုံနိုင်သလို စိတ်လည်း ထိခိုက်မိသည်။ ဆည်းလည်းကို ဘယ်လို စိတ်ကူးမျိုးဖြင့် ဒေါ်သံသာချို စည်းရုံး သိမ်းသွင်းနေသလဲဆိုတာ စဉ်းစား၍ မရချေ။ ဖြစ်နိုင်တာကတော့ ဒေါ်သံသာချိုသည် သူမ၏ ဆုံးရှုံးသွားခဲ့သော သမီးကလေးနေရာမှာ ဆည်းလည်းကို အစားထိုးကာ သူမ လိုချင်သည့် ပုံစံအတိုင်း ပုံသွင်းဖို့ ကြိုးစားနေခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဆည်းလည်းသည် အိမ်မှာပင် မကပ်တော့ချေ။ တစ်နေ့တစ်နေ့ ဒေါ်သံသာချိုနှင့် ပါသွားတတ်မြဲ ဖြစ်လာသည်။ အိမ်မှာ ဂီတတစ်ယောက်တည်းသာ အိမ်စောင့် ကျန်ရစ်တတ်ခဲ့မြဲ။

စမ်းရေသည် အစကတော့ ပေါ့ပေါ့ကလေးတွေးခဲ့ပေမယ့် တဖြည်းဖြည်းနှင့် အလေးအနက် တွေးလာရသည်။ ဒီပုံအတိုင်းဆိုရင် ဆည်းလည်းနှင့် စမ်းရေကြားမှာ စိတ်ဝမ်းကွဲစရာတွေ ဖြစ်လာတော့မည်။ ဆည်းယည်းသည် အထက်





တန်းလွှာတို့ရဲ့ စည်းစိမ်အဆောင်အယောင်တွေကို အထင်ကြီးခုံမင်တတ်ခဲ့သည်မှာ အခုမှ မဟုတ်။ ဟိုး . . . ငယ်ငယ်ကလေးထဲက ဖြစ်သည်ဆိုတာ စမ်းရေက အသိဆုံးပင်။ ဆည်းလည်းက သူဌေးသမီးကလေးတစ်ယောက်လို ကြော့မော့နေအောင် နေချင်သူကလေးဖြစ်သည်။ အခု ထိုအခြေအနေကို ဒေါ်သံသာချိုက ဖန်တီးပြောင်းလဲပေးခဲ့ပြီ။ ဆည်းလည်း၏ စိတ်ထဲမှာ ဘာတွေ ဘယ်လောက်ထိအောင် ပြောင်းလဲနေခဲ့ပြီမသိ။ ဆည်းလည်းကို ဒေါ်သံသာချို့အိမ်မှာ စမ်းရေနှင့် ညီအစ်မနှစ်ယောက် မကြာခဏ ဆုံမိတတ်လာသည်။ ပြီးတော့ ဆည်းလည်းသည် ဒေါ်သံသာချို သွားလေရာနောက်သို့ တကောက်ကောက် လိုက်ပါတတ်မြဲ။ စမ်းရေက ထိုအခြေအနေကို တဖြည်းဖြည်းနှင့် စိုးရိမ်လာခဲ့မိသည်။ ဆည်းလည်းနှင့် စမ်းရေကြားမှာ ဟိုး . . . အရင်ကလို တိုးယိုပေါက်တစ်သားတည်း ဖြစ်မနေတော့ဘဲ အလွှာကလေးတစ်ခု၊ နံရံတစ်ခု ဝင်ရောက်လာခဲ့သလို ခံစားရလေသည်။ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာတင် ဆည်းလည်းပြောင်းလဲသွားခဲ့သည်ကို ယုံနိုင်စရာပင် မရှိ။ ဆည်းလည်းသည် ဒေါ်သံသာချို ဆွဲဆောင်ဖြားယောင်းခဲ့သော အဆောင်အယောင်၊ အဆင့်အတန်းတွေဆီမှာ ယစ်မူးခုံမင်လျက်ရှိလေသည်။ စမ်းရေတို့ ညီအစ်မနှစ်ယောက် တဖြည်းဖြည်းနှင့် ဝေးသွားတော့မလို ခံစားရသည်။ ဟင့်အင်း . . . စမ်းရေ ညီမလေးကို အဆုံးအရှုံးမခံနိုင်ပါ။ စမ်းရေ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အချိန်တန်လာခဲ့ပြီထင်သည်။

☎☎☎



အချိန်ကာလ သိပ်မကြာခင်ကလေးမှာပင် ဆည်းလည်းနှင့် စမ်းရေကြားမှာ အယူအဆတစ်ခု ကွဲလွဲစပြုလာခဲ့သည်။ ဆည်းလည်းက ဒေါ်သံသာချို၏ အချစ်ကိုခံရကာ ဒေါ်သံသာချို၏ အချစ်တော်ကလေး ဖြစ်ခွင့်ရခဲ့ခြင်းအပေါ် အခွင့်အရေးတစ်ရပ်အဖြစ် မြင်လာခဲ့ချိန်တွင် စမ်းရေက အဲဒါကို အခွင့်အရေးတစ်ခုလို့ မမြင်နိုင်ချေ။ စမ်းရေ၏ ရင်ခွင်ရိပ်အောက်မှ ဆည်းလည်းကို ဒေါ်သံသာချိုက အလွန်ခမ်းနားလှပသော စည်းရုံးဆွဲဆောင်မှုတွေဖြင့် ဆွဲထုတ်ခေါ်ငင်ယူဖို့ ကြိုးစားလျက်ရှိသည်ဟု ယူဆလာမိသည်။

တစ်ညမှာ စမ်းရေ အလုပ်မှ ပြန်လာချိန်တွင် ဆည်းလည်းက အနက်ရောင်ဂါဝန်ရှည်ကလေးနှင့် ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



လည်ကပ်အနက်ရောင်ကလေးကို လည်ပင်းမှာ ဆွဲထားကာ မျက်နှာမှာလည်း ပွဲလမ်းတစ်ခုခုသို့ သွားမည့်ဟန် ပြင်ဆင်ခြယ်သထား၏။ စမ်းရေက ဆည်းလည်းကို တအံ့တသြ ငေးကြည့်ရင်း . . .

"ဒါက ဘယ်သွားမလို့လဲ ဆည်းလည်း၊ ဘယ်တုန်းက များ မကြီး,မပါဘဲ ညထွက်ဖူးလို့လဲ"

ဟု . . . မေးလိုက်လျှင် ဆည်းလည်းက အနက်ရောင်ကြိုးသိုင်း ရှူးဖိနပ်ကလေးကို ခြေထောက်မှာ ကြိုးသိုင်းချည်နေရင်း . . .

"ခဏနေရင် အန်တီသံသာ လာခေါ်လိမ့်မယ် မကြီး၊ ဒီနေ့ည အန်တီသံသာ Dinner တစ်ခု ရှိလို့တဲ့၊ အဲဒါ ဆည်းလည်းကို ခေါ်သွားမလို့တဲ့၊ မကြီးကို အန်တီသံသာ မပြောပြဘူးလား"

ဟု ဘာမှ မထူးခြားလေဟန် မျက်နှာပေးကလေးဖြင့် အဖြေပေး၏။ စမ်းရေစိတ်ထဲ ထောင်းခနဲ စိတ်တို





သွားပါသည်။

"ဟင့်အင်း . . . သူ မကြီးကို ဘာမှ မပြောဘူး၊ အခုမှ သူ ပြန်လာလို့ မကြီး သူတို့အိမ်ကနေ ပြန်လာတာ၊ မကြီးနဲ့ သူ တွေ့သေးပဲ၊ ဆည်းလည်းကို Dinner ခေါ်သွားမယ်လို့ မကြီးကို ပြောတောင် မပြောပါလား"

"ဒါဖြင့် ဆည်းလည်းကို အိမ်မှာ လာခေါ်တော့မှပဲ မကြီးကို ခွင့်တောင်းမလို့နဲ့တူတယ်"

ဆည်းလည်းက ပေါ့ပေါ့ကလေးပင် ပြောနေလေသည်။ စမ်းရေက မျက်မှောင်ကလေး တွန့်ကာ ဆည်းလည်းကို စူးစူးရှရှ စိုက်ကြည့်နေလိုက်သည်။

"ဆည်းလည်းပုံစံက ဘာဖြစ်လို့ အဲဒီလောက်တောင် ပြောင်းလဲသွားရတာလဲ၊ မကြီးတောင် လိုက်မမီနိုင်တော့ဘူး၊ ဆည်းလည်း ဘာဖြစ်နေတာလဲ၊ ဒေါ်သံသာ မျိုတို့ရဲ့ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းကို သိပ်အထင်တွေ ကြီးနေတယ်ပေါ့လေ၊ ဒီလို-ဝတ်စားဆင်



www.burmeseclassic.com

www.burmeseclassic.com



ယင်ပြီး ပါတီတက်ရတာကို ဂုဏ်ရှိတယ်လို့ ဆည်းလည်း ထင်နေသလား၊ ဒေါ်သံသာချို ဆွဲဆောင်သိမ်းသွင်းသမျှကို သိပ် သာယာယစ်မူးနေတယ်ပေါ့လေ၊ ဆည်းလည်းကို မကြီး အကဲခတ်နေတာ ကြာပြီနော်၊ ဘာမှ မပြောဖြစ်ပေမဲ့ မကြီးရင်ထဲမှာ ဘာတွေ ဘယ်လောက် စိုးရိမ်နေရသလဲ၊ ခံစားနေရသလဲဆိုတာ ဆည်းလည်း ဘာမှ မသိဘူးမှတ်လား"

"အို . . . မကြီးကလည်းလေ၊ ဘာတွေကို စိုးရိမ်စရာရှိလို့လဲ၊ ဆည်းလည်းအတွက် အန်တီသံသာက အကောင်းဆုံး အခွင့်အရေးတစ်ခုပဲဥစ္စာ၊ ဆည်းလည်း လိုချင်သမျှ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ၊ ဖိနပ်တွေ ဆည်းလည်းတောင် မပူဆာရဘဲ သူ အကုန်ဝယ်ပေးတာ၊ အဲဒီတော့ မကြီး ဆည်းလည်းကို ဝယ်ပေးရတာ သက်သာတာပေါ့၊ ပြီးတော့ . . . အန်တီသံသာက ဆည်းလည်းကို မုန့်ဖိုးပေည်း အမြဲတမ်းပေး





တယ်၊ တစ်ခါတစ်ခါပေးရင် ငါးထောင်၊ တစ်သောင်း၊ အဲဒါတွေအားလုံး ဆည်းလည်း စုထားတယ်၊ ပြီးတော့ မကြီးကို ပြောရဦးမယ်၊ အန်တီသံသာက ဆည်းလည်း ဆေးကျောင်းတက်ရင် လိုအပ်သမျှ ကျောင်းစရိတ်အားလုံး သူ တာဝန်ယူပေးမယ်တဲ့၊ ဆည်းလည်း ဆရာဝန်ဖြစ်တဲ့အထိ သူ ကျောင်းထားပေးမယ်လို့ ပြောတယ်၊ အဲဒါ မကြီးကို မပြောရသေးဘူးနော်"

"ဘာ . . ."

ဆည်းလည်း၏ စကားက စမ်းရေ၏ နှလုံးသားကို ဓါးထက်ထက်ဖြင့် ဟက်တက်ကြီး ခွဲချခံလိုက်ရသလို ထိခိုက်နာကျင်သွား၏။ စမ်းရေသည် ခံပြင်းလွန်းသဖြင့် ခပ်ဆောင့်ဆောင့်ပင် အော်ပစ်လိုက်မိသည်။ ဆည်းလည်းက တစ်ချက်ကလေးမှ မျက်နှာမပျက်ချေ။

"အန်တီသံသာက ဆည်းလည်းကို ဆေးကျောင်းထားပေးမယ်လို့ ပြောတာလေ မကြီးရဲ့၊ မကြီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထုပ် ဝန်ပိုး လျှော့သွားတာပေါ့၊ အဲဒါ ဘယ်လောက်ကောင်း လိုက်သလဲ"

"တော်တော့ ဆည်းလည်း၊ နှင့်ပါးစပ် ပိတ်ထားစမ်း၊ ငါ့ညီမလေးကို ဆေးကျောင်းထားပေးဖို့ ငါ တတ်နိုင်ပါသေးတယ်ဟဲ့၊ ဆည်းလည်းကို ဆေးကျောင်းထားဖို့ မကြီး အမြဲတမ်း ဂုဏ်ယူနေခဲ့တာ မသိဘူးလား၊ အဲဒါကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ ငါ ဘယ်တုန်းကမှ မခံယူခဲ့ဖူးဘူး၊ နင် ဘယ်လိုစကားမျိုး ပြောလိုက်တာလည်း ဆည်းလည်း၊ ဒေါ်သံသာချိုကရော ဘာဖြစ်လို့ အဲဒီလို မြှောက်ထိုးပင့်ကော်လုပ်တဲ့ စကားမျိုး၊ ငါတို့ ညီအစ်မကြားမှာ သွေးကွဲစေမဲ့ သွေးခွဲစကားမျိုး ပြောခဲ့ရတာလဲဆိုတာ ငါဖြင့် နားမလည်နိုင်လောက်အောင်ပဲ၊ သူက ဘာဖြစ်လို့ ဆည်းလည်းကို ဆေးကျောင်း ထားပေးရမှာလဲ၊ ငါ မထားနိုင်တာမှ မဟုတ်တာ၊ ငါ အဲဒီလောက်အထိ ဆင်းရဲစုတ်ပြတ်မနေသေးပါဘူး ဆည်းလည်းရဲ့"





စမ်းရေသည် ရှုတ်ခြည်းပင် ဒေါသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာကာ မအော်စဖူး အော်ဟစ်လိုက်မိ၏။

ဆည်းလည်းက ပထမတော့ စမ်းရေကို ဂရုမစိုက်မိဘဲ စမ်းရေ၏ အက်ကွဲသော အော်သံကြောင့် ရှုင် ဘာရက် ငြိမ်သွားကာ စမ်းရေကို မျက်လုံးအဝိုင်းသားဖြင့် ငေးကြောင်၍ ကြည့်နေသည်။

"မကြီး ဘာဖြစ်လို့ အဲဒီလောက် ဆတ်ဆတ်ခါ နာသွားရတာလဲ၊ ဆည်းလည်းပြောတဲ့အထဲမှာ ဘာအမှားပါသွားလို့လဲ၊ ပြီးတော့ အန်တီသံသာကလည်း ဆည်းလည်းတို့ ညီအစ်မကို စိတ်ဝမ်းကွဲအောင် သွေးခွဲတာမှ မဟုတ်တာ၊ အန်တီသံသာက ဆည်းလည်းကို သူ့သမီးလေးတစ်ယောက်လို သိပ်ချစ်လို့ ဆေးကျောင်း ထားပေးမယ်လို့ ပြောတာလေ၊ အဲဒါ ဘာနာစရာရှိသလဲ၊ သူ့ကို ကျေးဇူးတင်ဖို့တောင် ကောင်းသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေသည် ပါးပြင်ပေါ်သို့ ဒေါသတကြီး လိမ့်ဆင်းလာသော မျက်ရည်တွေကို ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်ပစ်လိုက်ကာ . . .

"မလိုဘူး ဆည်းလည်း၊ အဲဒါ ကျေးဇူးတင်ဖို့ မလိုဘူး၊ အဲဒါကို အစော်ကားခံရတယ်လို့ပဲ မကြီး နားလည်တယ်၊ မကြီးမှာ ဒီညီမလေးနဲ့ ဒီမောင်လေးပဲရှိတာ၊ ဒါ မကြီးရဲ့ မိသားစုပဲ၊ မကြီးရဲ့ မိသားစုတာဝန်ကို မကြီးကိုယ်တိုင်ကလွဲပြီး ဘယ်သူမှ တာဝန်ယူစရာ မလိုဘူး၊ ဆည်းလည်းကို မကြီး ဆေးကျောင်းထားပေးနိုင်တယ်၊ အဲဒါကို ဒေါ်သံသာချိုသိအောင် မကြီး ပြောကို ပြောရဦးမယ်"

"မကြီးကလည်း ဘာဖြစ်လို့ အဲဒီလောက်တောင် တလွဲမာနတွေ ကြီးနေရတာလဲ၊ ဘာပဲဖြစ်ဖြစ် ဆည်းလည်းတို့အတွက် အစစ အရာရာ မပူမပင် မကြောင့်မကျ နေခွင့်ရတော့မယ့်ဥစ္စာ၊ အန်တီသံသာရဲ့ စေတနာကို





မကြီး မငြင်းပါနဲ့၊ ငြင်းလို့ မကောင်းဘူး၊ အဲဒါကမှ သူ့စေတနာကို စော်ကားရာရောက်မှာ"

"ဘာစေတနာလဲ . . . ၊ ငါတို့မိသားစုကလေးကို ဖြိုခွင်းပစ်မဲ့ စေတနာလား၊ ဒေါ်သံသာချိုအကြောင်း နင် ဘယ်လောက်သိလို့လဲ ဆည်းလည်းရဲ့၊ သူက သမီးရူးနေတာ၊ ဆည်းလည်းကို သူ့သမီးအဖြစ် အစားထိုးဖို့ စည်းရုံးသိမ်းသွင်းနေတာ မဟုတ်ဘူးလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ၊ တစ်ချိန်ချိန်မှာ ဆည်းလည်းကို မကြီးရဲ့ ရင်ခွင်ထဲကနေ ဆွဲထုတ်မသွားဘူးလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ"

"မကြီး ဘာဖြစ်လို့ အဲဒီလောက်တောင် စိုးရိမ် ပူပန်နေရတာလဲ၊ ဘာဖြစ်လဲ မကြီးရယ်၊ အန်တီသံသာက စမ်းရေကို သူ့သမီးအဖြစ် မွေးစားမယ်ဆိုရင်လည်း ဆည်းလည်းက ပျော်ပျော်ကြီး ခံယူလိုက်မှာပေါ့၊ သူဌေး သမီးဖြစ်ဖို့ အခွင့်အရေးရတာ တော်ရုံတန်ရုံ လွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့"

ဟု . . . မျက်ခုံးကလေးချီကာ ခပ်ပေါ့ပေါ့ကလေး ပြောလိုက်လျှင် စမ်းရေသည် မျက်လုံးများပင် ပြာဝေသွားကာ ခေါင်းထဲ မိုက်ခနဲ ဖြစ်သွား၏။ နှလုံးအခုန်ပင် ရပ်သွားသလို ခံစားလိုက်ရသည်။

"ဆည်းလည်း နင် ဘာစကား ပြောလိုက်တာလဲ၊ နင့်ကို ပေါ်သံသာချိုက သမီးအဖြစ် မွေးစားမယ်ဆိုရင် နင် လက်ခံမယ် ဟုတ်လား၊ မကြီးတို့ကို စွန့်ပစ်ပြီးတော့လေ၊ အဲဒီအငွေးမျိုး နင် တွေးထားရက်တယ် ဟုတ်လား ဆည်းလည်း၊ ဘယ်လောက် မယုံနိုင်စရာကောင်းလိုက်သလဲ၊ မကြီးတို့က ဆည်းလည်းရဲ့ မိသားစုတစ်ခု မဟုတ်ဘူးလား၊ မကြီးတို့ကို ဆည်းလည်း အချိန်မရွေး စွန့်ပစ်သွားနိုင်တယ်ပေါ့၊ ဟုတ်လား . . .၊ နင့်ခေါင်းထဲ ဘယ်လိုအတွေးအခေါ်တွေ ရောက်နေတာလဲဟင် ဆည်းလည်း၊ ပြောစမ်း . . .၊ နင့်ရင်ထဲမှာ နှလုံးသား





မှ ရှိသေးရဲ့လား၊ နင် သိပ်ကို ချမ်းသာချင်နေတယ်ပေါ့လေ . . . ဟုတ်လား ဆည်းလည်း"

စမ်းရေသည် ဒေါသတကြီး အသံတုန်တုန်ယင်ယင်ဖြင့် အော်ဟစ်လိုက်မိသည်။ ဆည်းလည်း၏ မျက်နှာလှလှကလေးပေါ်မှာ အဓိပ္ပာယ်တစ်မျိုးကို စမ်းရေ မြင်ရ၏။ ထိုအဓိပ္ပာယ်ဟာ ဘာလဲဆိုတာတော့ စမ်းရေ မဖော်တတ်ပါ။ ဆည်းလည်းက ဘာမှ ပြန်မပြောဘဲ ပခုံးကလေးသာ တွန့်လျက် လမ်းမဆီသို့ လှမ်းမျှော်၍ ကြည့်နေလေသည်။ မျက်မှောင်ကလေးတွေ တွန့်ထားပြီး နှုတ်ခမ်းကနေလေးကို ခပ်တင်းတင်း စေ့ထား၏။ စမ်းရေကို ဘာမှ ပြန်မပြောတော့ဘူးဆိုသော သဘော၊ စမ်းရေသည် မခံချိ မခံသာဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။

ထိုအချိန်မှာ အိမ်ရှေ့ဆီမှ ညင်သာသော ကားသံတစ်ခု ကြားလိုက်ရသည်။ ဆည်းလည်း၏မျက်နှာက ဖျတ်ခနဲ ဝင်းပသွားကာ ဝှေ့ခနဲ ခုန်ထလိုက်ပြီး . . .၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . အန်တီသံသာလာပြီ"

ဟု . . . ခပ်တိုးတိုးကလေး ပြောလိုက်၏။ စမ်းရေက မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ကာ ဒေါ်သကို မျိုသိပ်ထိန်းချုပ်ပစ်လိုက်ရသည်။ ခဏနေတော့ ဆည်းလည်း သွားဖွင့်ပေးသော တံခါးဆီမှ ဒေါ်သံသာချိုသည် လှပကြော့မော့နေသော ခြေလှမ်းများဖြင့် တစ်ကိုယ်လုံး မွှေးပျံ့သင်းထုံစွာ ဝင်လာခဲ့သည်။

"အံမယ် . . . ကြည့်စမ်း၊ သမီးက သိပ်ကို လှနေပါလား၊ အဲဒီ ဂါဝန်အနက်ကလေးနဲ့ တော်တော်လိုက်တယ်ဆရာ၊ အန်တီ နောက်ထပ် ဝယ်ပေးဦးမယ်သိလား၊ လှတယ် . . . လှတယ်၊ စမ်းရေ ခုနက စမ်းရေကို မမ ပြောဖို့ မေ့သွားတယ်၊ ဆည်းလည်းကလေးကို မမ dinner တစ်ခု ခေါ်သွားမယ်လို့၊ ကိုချမ်းမြေ့က ကလေးတွေထိန်းရင်း ကျန်ခဲ့တယ်၊ ခါတိုင်းတော့ အဖော်မပါဘဲ တစ်ယောက်တည်း သွားနေရတာ သိပ်





ပျင်းဖို့ကောင်းတာပဲ၊ အခုတော့ ဆည်းလည်းကို အဖော်ရလိုက်တာ မမအတွက် သိပ်ကံကောင်းတာပဲ၊ သိလား စမ်းရေ၊ ဆည်းလည်းက မမလိုချင်တဲ့ အဖော်တစ်ယောက်ရဲ့ စံတွေ အပြည့်အဝရှိတယ် . . . သိလား၊ ဆည်းလည်းကို ခေါ်သွားရင် ဘယ်နေရာရောက်ရောက် မျက်နှာကို ပွင့်နေတာပဲ၊ သူ့ကို လူတိုင်းက စိတ်ဝင်စားကြတယ်လေ၊ မကြာခင် ဆေးကျောင်းတက်ရတော့မယ်ဆိုတော့ ပိုလို့တောင် စိတ်ဝင်စားကြသေးတယ်၊ ဟင်း . . . ဟင်း . . . ဟင်း . . ."

ဟု . . . သူမ၏ ဟန်ပန်အတိုင်း ရွှင်မြူးမြူးအသံကလေးဖြင့် ပြောလျက် ဆည်းလည်း၏ လက်ကလေးတစ်ဖက်ကို လှမ်းဆွဲထားလေသည်။

စမ်းရေက ထိုလက်တွဲလျက်သားကလေးဆီ ခပ်စိုက်စိုက် ငေးကြည့်နေမိကာ . . .

"ဆောရီးပဲ မမရယ်၊ ဆည်းလည်းကို ညဘက် စမ်းရေ



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ တစ်ခါမှ အပြင် မလွှတ်ဖူးလို့ပါ၊ မမတစ်ယောက်လုံး ပါနေတယ် ဆိုပေမယ့် စမ်းရေ သူ့ကို စိတ်မချဘူး၊ ဆည်းလည်းက အခုမှ အပျိုသင်ကာစ အရွယ်ကလေး ဆိုတော့ သူ့ကို စမ်းရေရဲ့ မျက်စိအောက်မှာ မဟုတ်ရင် ဘယ်နေရာမှာမှ စိတ်မချနိုင်ဘူး . . . ''

စမ်းရေက ခပ်တည်တည် မျက်နှာထားဖြင့် ပြောလိုက်လျှင် ဒေါ်သံသာချို၏ မျက်နှာမှာ ချက်ချင်း ပျက်သွားလေသည်။

''အို . . . စမ်းရေကလည်း မမတစ်ယောက်လုံး ပါနေတဲ့ဥစ္စာ ဘာများ စိတ်မချစရာ ရှိသလဲ၊ စိတ်ချပါ စမ်းရေရဲ့၊ ဆည်းလည်းကို မမရဲ့ သမီးကလေးတစ်ယောက်လို မမက ဂရုစိုက်တာပါ၊ အခုသွားမဲ့ dinner ပါတီကလည်း အားလုံး လူကြီးလူကောင်းတွေချည်း လာကြမှာ၊ ဆည်းလည်းအတွက် ဘာမှ စိတ်မချစရာ မရှိဘူး၊ သိပ်လည်း မိုးမချုပ်ပါဘူး၊ ဆယ်နာရီလောက်





ဆို ပြန်ရောက်မှာပါ၊ မမကိုယ်တိုင် လာပြန်ပို့ပေးမယ် ဟုတ်ပြီလား . . . ''

''ဟင့်အင်း . . . မမ၊ မဖြစ်နိုင်လို့ပါ၊ ဆည်းလည်းကို စည်းကမ်း မပျက်စေချင်ဘူး၊ ညဘက် အပြင်ထွက်တတ်တဲ့ အကျင့် သူ့ကို မရစေချင်လို့ပါ''

စမ်းရေက ဒေါ်သံသာချိုကို အားမနာနိုင်ဘဲ မှန်းမှန်းနှင့်ပင် ခေါင်းမာမာဖြင့် မလျှော့တမ်း ဆက်ပြောနေ၏။

ဆည်းလည်း၏ မျက်နှာကလေးမှာ မယုံကြည်နိုင်မှုဖြင့် ညိုမှောင်ပုပ်သိုးလျက်ရှိကာ ငိုတော့မလို မျက်နှာကလေး ပျက်ယွင်းနေသည်။ စမ်းရေ အခုလို ငြင်းဆန်လိမ့်မည်ဟု ဆည်းလည်း ထင်ထားပုံ မရချေ။ အဲဒီလိုပဲ ဒေါ်သံသာချိုလည်း ထင်ထားပုံမရခဲ့။

''စမ်းရေကလည်း ခေါင်းမာနေလိုက်တာ၊ မမနဲ့သွားတာ ဆည်းလည်းအတွက် ဘာများ ထိခိုက်မှာ မို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ . . . ယင်ဖိုတစ်ကောင်မှ မသန်းစေရဘူး၊ ဆည်းလည်းကို မမ ဘယ်လောက်ချစ်သလဲဆိုတာ ဆည်းလည်း အသိဆုံး၊ ဘာဖြစ်လို့ ခွင့်မပြုနိုင်ရတာလဲ"

"စမ်းရေ ပြောခဲ့ပြီးပါပြီ၊ သူ့ကို ညဘက် အပြင်ထွက်တတ်တဲ့ အကျင့် မဖြစ်စေချင်လို့ပါ၊ ပြီးတော့ နောက်တစ်ခု ဆည်းလည်းကို သူ မမျှော်မှန်းသင့်တဲ့ အဆင့်အတန်း အသိုင်းအဝိုင်းတစ်ခုဆီ စိတ်ကူးနဲ့ မျှော်မှန်းပြီး သွေးနှားထင် မရောက်စေချင်လို့ပါ၊ ဆည်းလည်းကို အယောင်ဆောင် ဘဝတစ်ခုထဲ ရောယောင်ပြီး ယစ်မူးနစ်မျောမသွားစေချင်လို့ပါ မမ"

"စမ်းရေကလည်းကွယ် . . . ဘာလို့ အဲဒီလောက်တောင် အတွေးခေါင်နေရတာလဲ၊ ကဲပါ . . . ခုချိန်မှာ စမ်းရေက ဆည်းလည်းရဲ့ အစ်မကြီးပဲ၊ စမ်းရေ သဘောမတူရင် ဆည်းလည်းကို မမ ခေါ်မသွားတော့ပါဘူး၊ ကဲ . . . သမီးရေ အန်တီတစ်ယောက်တည်းပဲ





သွားလိုက်တော့မယ်၊ သမီးကို ခေါ်သွားခွင့်မရတဲ့အတွက် အန်တီ စိတ်မကောင်းပါဘူး၊ မနက်ဖြန်ကျမှပဲ တွေ့ကြမယ်နော်၊ အန်တီ သွားလိုက်ဦးမယ်"

ဒေါ်သံသာချိုက မျက်စိမျက်နှာ အပျက်ပျက်ဖြင့် ခပ်ဆောင့်ဆောင့် ပြန်သွားလေသည်။ စမ်းရေသည် ဒေါ်သံသာချိုကို တစ်ခုခု ပြန်ပြီး လက်စားချေလိုက်ရသလို ရင်ထဲမှာ ကျေနပ်သွား၏။ ဆည်းလည်းက ဒေါ်သံသာချို ပြန်သွားသည်နှင့် ရုတ်တရက် ပေါက်ကွဲတော့လေသည်။

"မကြီး မတရားဘူး၊ မကြီး လုံးဝ မတရားဘူး၊ အန်တီသံသာက မကြီးရဲ့ အလုပ်ရှင်ပဲ၊ မကြီး ဘာဖြစ်လို့ အဲဒီလို ငြင်းပစ်လိုက်ရတာလဲ၊ လုံးဝ အဓိပ္ပာယ် မရှိဘူး၊ မကြီး တမင်သက်သက် ဆည်းလည်းကို မနာလိုဝန်တို ဖြစ်နေတာ၊ ဆည်းလည်းက ဘာဖြစ်သွားမှာမို့လဲ၊ အန်တီသံသာတို့ အသိုင်းအဝိုင်းမှာ ဆည်းလည်း ပျော်နေတာ ဘာဖြစ်သလဲ၊ အဲဒါ ဆည်းလည်း နေချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘဝပဲ၊ သူတို့အားလုံး ချမ်းသာတယ်၊ ပြည့်စုံတယ်၊ ဂုဏ်ရှိတယ်၊ အဆင့်အတန်း မြင့်တယ်၊ အဲဒါ ဆည်းလည်း မက်မောတဲ့ ဘဝတစ်ခုပဲ၊ ဆည်းလည်းက ဘာဖြစ်လို့ အဲဒီ အသိုင်းအဝိုင်းထဲ ဝင်မဆံ့နိုင်ရမှာလဲ၊ မကြီး ဆည်းလည်းကို တမင်သက်သက် နှိပ်ကွပ်တာ၊ မကြီးတုန်းကလည်း ကိုစစ်အိမ်နဲ့ တွဲချင်တိုင်း တွဲခဲ့တာ ဆည်းလည်းတို့ တားလို့ ရခဲ့လို့လား၊ မကြီးကျတော့ လုပ်ချင်တာ လုပ်ပြီး . . . ဆည်းလည်းကိုကျတော့ ချုပ်ချယ်ပိတ်ပင်လို့ ရမလား၊ အနိတ်သံသာကို ဘယ်လောက် အားနာဖို့ ကောင်းလိုက်သလဲ၊ မကြီး လုပ်တာ လုံးဝ မယဉ်ကျေးဘူး"

ဟု . . . ဆွေ့ဆွေ့ခုန်စွာ အော်ဟစ်လျက် ရှိလေသည်။

စမ်းရေသည် ဆည်းလည်း တစ်ခါမှ ကိုယ့်ကို အဲဒီလို ဆာဆာလောင်လောင် ပြန်ခံပြောဖူးတာမျိုး မကြုံဖူး





သောကြောင့် ရုတ်တရက် စိတ်လည်းဆိုးကာ ရင်ထဲမှာလည်း ထိခိုက်သွား၏။

"တော်တော့ ဆည်းလည်း၊ နောက်ထပ် စကားတစ်ခွန်းမှ မပြောနဲ့တော့၊ ဒီအိမ်မှာ ငါ အစ်မကြီးပဲ၊ ငါ့စကား တစ်ခွန်းဟာ အမိန့်ပဲ ဖြစ်ရမယ်၊ ငါ ခွင့်မပြုရင် နင် မသွားရဘူးပေါ့၊ ငါ့ကို ဒီလို မျက်နှာပေး၊ ဒီလို အသံမျိုးနဲ့ ဘယ်တော့မှ ပြန်မအော်နဲ့၊ ဒါ နောက်ဆုံး ဖြစ်ပါစေ၊ နောက်တစ်ကြိမ် လုံးဝ ခွင့်မလွှတ်ဘူး၊ ကြားလား . . . သွား အခန်းထဲပြန်၊ အကျီ ချက်ချင်းပြန်လဲ၊ မျက်နှာပေါ်က အရောင်စုံတွေကို အခုချက်ချင်း ဖျက်ပစ်စမ်း၊ ငါ လုံးဝ မမြင်ချင်ဘူး၊ နင့်ကိုယ်နင် ဘာထင်နေသလဲ ဆည်းလည်း၊ ဟင် . . . ငါ မပြောချင်လို့ တစ်ခွန်းမှ မပြောဘဲ ငြိမ်ငြိမ်သက်သက် အကဲခတ်နေတာကို နင်က ဟုတ်လှပြီလို့ ထင်နေတယ်ပေါ့လေ . . . ဒေါ်သံသာချိုက နင့်ရဲ့ သူရဲကောင်းလား၊ သူ မြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတိုင်း မြောက်ချင့်တိုင်း မြောက်မနေနဲ့ ဆည်းလည်း၊ ငါတို့ရဲ့ ဘဝတွေဟာ အထက်တန်းလွှာ အသိုင်းအဝိုင်း ထဲမှာ မဟုတ်ဘူး၊ သာမန် နေနိုင်စားနိုင်ရုံ ဘဝတွေပဲ၊ အဲဒီ ကိုယ့်ဘဝကိုယ် ဘယ်တော့မှ မမေ့နဲ့ ဆည်းလည်း၊ ဘဝမေ့ပြီး အမြင့်ကို ခုန်တက်ချင်ရင် တစ်နေ့မှာ ဖောက်ထိုးမိုးမျှော် ပြန်ပြုတ်ကျလိမ့်မယ် . . . နား လည်လား၊ သွားတော့ . . . သွား"

ဟု . . . ခက်ထန်တင်းမာသော အသံဖြင့် အော် ပစ်လိုက်လျှင် ဆည်းလည်းသည် မှုကျေမနပ် ငြူစူသော မျက်နှာထားဖြင့် ဝုန်းဒိုင်းကြဲကာ ဆောင့်အောင့်၍ အခန်းထဲသို့ ပြေးဝင်သွားလေသည်။ ဆည်းလည်း ဘယ်လိုမှ မကျေနပ်နိုင် မှန်း စမ်းရေ သိပါသည်။ သို့သော် အခုလိုမှ မဖြေရှင်းလျှင် တစ်ချိန်မှာ ထိုပြဿနာကို စမ်းရေ ဘယ်လိုမှ ကိုင်တွယ်၍ တတ်နိုင်တော့မှာ မဟုတ်။

အဖြစ်အပျက် အစအဆုံးကို ငြိမ်ငြိမ်သက်သက်





စောင့်ကြည့်နေခဲ့သော ဂီတက စမ်းရေနားသို့ ချဉ်းကပ်လာ ကာ စမ်းရေ၏မျက်နှာကို ကိုယ်ချင်းစာ နားလည်သော မျက် ဝန်းကလေးများဖြင့် လှမ်းကြည့်ရင်း . . .

"ကျွန်တော်လည်း မပြောချင်လို့ ကြည့်နေတာ မကြီးရဲ့၊ အဲဒီ မလေးတစ်ယောက်ဟာ အခုတလော တော်တော် ပြောင်းလဲနေတယ်၊ သူ့ကိုယ်သူ ဆေးကျောင်းတက်ရ တော့မယ်ဆိုပြီး ဘဝင်မြင့်ပြီး ဂုဏ်မောက်နေတာလေ၊ မကြီး အဲဒီလို ပြောပစ်လိုက်တာ သိပ်ကောင်းတယ် သိလား၊ နို့မို့ဆို အဲဒီမလေးကို ထိန်းဖို့ မလွယ်ဘူး၊ တစ်နေ့တစ်နေ့ အဲဒီအန်တီ လာခေါ်တိုင်း ပါပါသွား တာ၊ အိမ်မှာ ကပ်တယ်လို့ကို မရှိဘူး၊ အဝတ်အစား တွေ ဖိနပ်တွေကလည်း တစ်ခါတစ်ခါ ပြန်လာရင် အထုပ်အပိုးတွေနဲ့ အများကြီးပဲ ပါလာတတ်တာ၊ မကြီး က မသိလို့ . . . ကြာရင် မလေး ပျက်စီးသွားလိမ့်မယ်"

ဟု . . . ခပ်တိုးတိုး ပြောဖော်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေက ဂီတ၏ ဆံပင်လေးတွေကို အသာအယာ ပွတ်သပ်ပေးရင်း . . .

"မကြီးလည်း ဆည်းလည်းကို အခုလို တစ်ခါမှ မဆူဖူးဘူး ဂီတရယ်၊ ရင်ထဲမှာ မကောင်းဘူး၊ ကိုယ့်ညီမလေးကို ဘယ်သူက ဒီလောက် ပြင်းပြင်းထန်ထန် ပြောချင်မှာလဲ၊ ဒါပေမယ့် အဲဒီလိုမှ မပြောရင် တစ်နေ့နေ့မှာ ဆည်းလည်းကို မကြီးတို့ ဆုံးရှုံးလိုက်ရလိမ့်မယ်၊ မကြီး သူ့ကို အဲဆုံးရှုံး မခံနိုင်ဘူး"

ဟု . . . လေသံကလေးဖြင့် ခပ်တိုးတိုး ပြန်ပြောမိလေသည်။ ထိုနေ့ကစပြီး ဆည်းလည်းက စမ်းရေကို စိတ်ကောက်ကာ စကားလုံးဝ မပြောတော့ချေ။ မျက်နှာချင်းမဆိုင်ရအောင် ရှောင်ဖယ်နေလေသည်။ စမ်းရေက မုန်တိုင်းတစ်ခု စမ်းရေတို့ ကမ္ဘာကလေးအတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု ခံစားမိလေသည်။

☎☎☎





**အခန်း . . . ၇**

မုန်တိုင်းက စမ်းရေ မယုံကြည်နိုင်လောက်အောင်ပင် ရုတ်တရက်ကြီး ပြင်းထန်လာခဲ့၏။ ဆည်းလည်းနှင့် စမ်းရေတို့ကြားတွင် အခြေအနေက အေးစက်တင်းမာလျက် ရှိသည်။ ဂီတကို ကြားခံလုပ်၍ ပြောစရာရှိတာကို ပြောကြသည်။ အခုလို အခြေအနေ အဖြစ်အပျက်မျိုး စမ်းရေတို့ ညီအစ်မတစ်သက်မှာ တစ်ခါမှ မဖြစ်ခဲ့ဖူးတာမို့ စမ်းရေသည် ရင်ထဲမှာလည်း နာကျင်ကာ ဘယ်သူ့ကို စိတ်ဆိုးအပြစ်ဖို့ရမှန်းမသိအပြစ်လည်း တင်ချင်မိ၏။ စမ်းရေ၏ ရင်ဖွင့်ရာသည် စစ်အိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ စမ်းရေက အခြေအနေအားလုံးကို စစ်အိမ်ကို ဖွင့်ပြောပြထားမိသည်။ သူ့အပေါ် ဘာကြောင့် အခုလောက် ယုံကြည်စိတ်ချသွားမိမှန်းလည်း စမ်းရေကိုယ်တိုင် မသိချေ။ သေချာတာကတော့ စစ်အိမ်သည် စမ်းရေနှင့်အတူ နားလည်စွာ မျှဝေခံစားပေးနိုင်စွမ်းရှိသော အဖော်ကောင်းတစ်ယောက် ဖြစ်သည်ဆိုတာပဲ ဖြစ်သည်။ ထိုရက်ပိုင်းအတွင်း စမ်းရေနှင့် စစ်အိမ်သည် ပို၍ ရင်းနှီးနီးကပ်လာသလို ခံစားရသည်။ သူ့အပေါ်မှာလည်း စမ်းရေက ငြိတွယ်မိခဲ့လေသည်။

စမ်းရေသည် မုန်တိုင်းအလာကို ဘယ်လိုမှ ကြိုတင်မျှော်လင့်မထားခဲ့သောကြောင့် ဘာမှ ပြင်ဆင်ထားခဲ့ခြင်းလည်း မရှိချေ။ ထို့ကြောင့် ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။ အဲဒီနေ့က ထူးထူးခြားခြားပင် ဒေါ်သံသာချိုက စမ်းရေကို ...

"စမ်းရေရေ ... ဒီနေ့ စမ်းရေကို မမ ပြောစရာရှိတယ်၊ ဆည်းလည်းနဲ့ ပတ်သက်နေတာမို့ ဆည်းလည်း





ရှေ့မှာပဲ ပြောကြတာပေါ့"

ဟု ... ဆိုခဲ့သည်။

စမ်းရေက ဒေါ်သံသာချို ဘာပြောမယ်ဆိုတာကို မခန့်မှန်းနိုင်ခဲ့။ ကလေးတွေ ကျောင်းပို့ပြီးချိန်မှာ ဒေါ်သံသာချိုက ဆည်းလည်းကို အိမ်မှာ သွားကြိုလာခဲ့ကာ ဒေါ်သံသာချို၏ အိမ်မှနေ၍ အဆင်သင့် စောင့်နေခဲ့သည်။ ဒီနေ့ ပို၍ ထူးခြားသည်မှာ ဒေါ်သံသာချိုက ရတနာဆိုင်သို့ပင် မသွားချေ။ စမ်းရေက ကလေးတွေကို ကျောင်းပို့ပြီး ဒေါ်သံသာချို အိမ်ဆီသို့ပင် ပြန်လာခဲ့သည်။ အိမ်မှာပဲ အေးအေးဆေးဆေး ပြောကြရအောင်ဟု ... ဒေါ်သံသာချိုက ချိန်းထားခဲ့သောကြောင့် ဖြစ်သည်။ စမ်းရေသည် စိတ်ထဲမှာ တထင့်ထင့်တော့ ဖြစ်နေခဲ့သည်။ တစ်ခုခုတော့ ဖြစ်လိမ့်မည် ဆိုတာကို စိတ်ထဲက အလိုလို ခံစားသိနေသလိုပင်။ သို့သော် ဘာဖြစ်မည် ဆိုတာကိုသာ မမှန်းဆနိုင်ခြင်း ဖြစ်သည်။

ဒေါ်သံသာချို၏ ဧည့်ခန်းထဲမှာ ဒေါ်သံသာချို



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ စမ်းရေနှင့် ဆည်းလည်းတို့ သုံးယောက်သား မျက်နှာချင်းဆိုင်မိကြချိန်တွင် ဒေါ်သံသာချိုက စမ်းရေ လုံး၀ မထင်မှတ်သော စကားတစ်ခွန်းဖြင့် စတင်လိုက်လေသည်။

"စမ်းရေ စိတ်ထဲမှာ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ မမ အမှန်အတိုင်း ဝန်ခံရရင် ဆည်လည်းကလေးကို ပထမဆုံး စပြီး မြင်လိုက်ရတဲ့ အချိန်ကတည်းက ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့မိတယ်၊ မမရဲ့ သမီးကလေးသာ ဖြစ်လိုက်ပါတော့လို့လည်း တောင့်တမိတယ်၊ မမ ဆည်းလည်းကို မြင်မြင်ချင်းပဲ သိပ်ချစ်သွားမိတယ် စမ်းရေ၊ ပြီးတော့ . . . အရိုးသားဆုံး ဝန်ခံရရင် ဆည်းလည်းကို မမ သမီးလေးတစ်ယောက်လို အပိုင်လိုချင်စိတ် သိပ်ပြင်းပြသွားခဲ့မိတယ်၊ ဆည်းလည်းဆီမှာ မမလိုချင်တောင့်တတဲ့ မေရဲ့ သမီးလေးပုံစံ 'စံ' အချက်အလက်တွေ အပြည့်အ၀ ရှိနေတယ်၊ သူ့မှာ မြေတောင်မြှောက်ပေးရင် မြှောက်ပေးသလို အမြင့်ဆုံး





ကို ရောက်နိုင်တဲ့ အရည်အသွေးတွေ အများကြီးပဲ ရှိနေတယ်ဆိုတာ မမ ခန့်မှန်းမိတယ် စမ်းရေ၊ အဲဒါကြောင့် ခပ်တိုတို ပြောရရင် မမ ဆည်းလည်းကလေးရဲ့ ဘ၀ကို သူဖြစ်ချင်တဲ့ အတိုင်းအတာထိ ရောက်အောင် မြှင့်တင်ပေးချင်တယ်၊ ပြုစုပျိုးထောင်ပေးချင်တယ် . . . ဆိုလိုတာက ဆည်းလည်းကလေးကို မမက မွေးစားသမီးအဖြစ် တရားဝင် စာချုပ်စာတမ်းတွေနဲ့ အပြီးအပိုင် မွေးစားချင်တယ်၊ အဲဒါကို ဆည်းလည်းကလည်း သဘောတူတယ် စမ်းရေ၊ စမ်းရေရဲ့ ဆန္ဒကို မမ သိချင်တယ်၊ စမ်းရေကသာ သဘောတူ ကြည်ဖြူမယ်ဆိုရင် မမ ဒီနေ့ပဲ ရှေ့နေနဲ့ စီစဉ်လိုက်ချင်တယ်၊ အဲဒါ ပြောချင်လို့၊ စမ်းရေ ဘယ်လိုသဘောရသလဲဟင်"

စမ်းရေသည် အံကလေးကို ခပ်တင်းတင်း ကြိတ်ထားမိသည်။ ရင်ထဲမှာ မခံမရပ်နိုင်လောက်အောင် လှိုက်ဖိုလှိုင်းထန်လျက် ရှိသည်။ ဒေါသထွက်လွန်းသဖြင့် လူတစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ထူပူကာ တုန်ရီနေ၏။ စမ်းရေသည် ဒေါ်သံသာချို၏ မျက်နှာကို စူးစူးရှရှပင် စိုက်ကြည့်နေခဲ့မိသည်။ သူမ ဘာကြောင့်များ ဒီလောက် ရက်စက်ပြီး လူမဆန်တဲ့ စကားမျိုးကို ပြောထွက်ခဲ့တာပါလိမ့်။ ဆည်းလည်းဆီ လှမ်းကြည့်မိတော့ ဆည်းလည်းက စမ်းရေကို ရင်မဆိုင်ဘဲ မျက်လွှာချကာ ငြိမ်သက်နေ၏။ သို့သော် . . . ဆည်းလည်း၏မျက်နှာကလေးကို စမ်းရေက အစ်မကြီးပီပီ ပြဋ္ဌာန်းစာအုပ် တစ်အုပ်လို အလွတ်ရခဲ့ပြီ ဖြစ်သောကြောင့် ဆည်းလည်းရဲ့ ရင်ထဲမှာ ဒေါ်သံသာချို၏ မွေးစားသမီး ဖြစ်လိုစိတ်တွေ ဘယ်လောက်အထိ ပြင်းပြထက်သန်လျက် ရှိမှန်း မျက်နှာကလေးကို ကြည့်ရုံဖြင့်ပင် ခန့်မှန်းနိုင်လေသည်။ ဆည်းလည်း၏ မျက်နှာကလေးမှာ မျှော်လင့်ချက်တို့ဖြင့် အနီရောင်ပင် သန်းနေ၏။ အခန်းထဲမှာ တစ်ခဲနက် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။ ဒေါ်သံသာချိုက စမ်းရေထံမှ အဖြေကို မျှော်လင့်စောင့်စားဟန်ဖြင့် ဘာမှထပ်မပြောဘဲ စမ်းရေဆီသို့သာ ခပ်စူးစူး စိုက်





ကြည့်နေ၏။ စမ်းရေသည် ဆည်းလည်း၏ဆန္ဒကို လုံးဝ မမေးရဲပေ။ မေးလိုစိတ်လည်း မရှိ။ ဆည်းလည်း၏အဖြေကို ကြားလည်း မကြားရဲ။ ထို့ကြောင့် ဆည်းလည်း၏ ဆန္ဒကို မေးစရာမလိုဟု ဆုံးဖြတ်လိုက်သည်။ ဆည်းလည်းဟာ စမ်းရေတစ်သက်လုံး ညီမလေးလိုရော၊ သမီးလေးလိုပါ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော စမ်းရေ၏ ဘဝတစ်ခု ဖြစ်သည်။ အဲဒါကို ဆည်းလည်း သိလိမ့်မည်။ ဒေါ်သံသာချိုက မသိနိုင်။ ဒေါ်သံသာချိုက သူမ လိုချင်တာကိုပဲ သိသူဖြစ်လေသည်။

စမ်းရေက ပင့်သက်တစ်ချက် ရှိုက်လိုက်ကာ. . .

"ဆောရီးပဲ မမရယ် . . . လုံးဝ မဖြစ်နိုင်ပါဘူး၊ ဆည်းလည်းဟာ ကျွန်မရဲ့ ညီမလေးပါ၊ ကျွန်မရဲ့ ဘဝအမိပ္ပာယ် တစ်ခုလည်း ဖြစ်တယ်၊ ဆည်းလည်း ဘယ်လောက်တော်သလဲဆိုတာ မမထက် ကျွန်မက အသိဆုံးပေါ့၊ သူ ဘာဖြစ်ချင်သလဲဆိုတာကိုလည်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သိပြီးသားပါ၊ သူ ရောက်ချင်တဲ့ အမြင့်ဆုံး ဘ၀တစ်ခုကို ရောက်ဖို့အတွက် ပြုစုပျိုးထောင်ပေးဖို့ သူ့အတွက် မွေးစားအမေတစ်ယောက် မလိုအပ်ပါဘူး မမရယ်၊ ကျွန်မတစ်ယောက်လုံး ရှိပါတယ်၊ ကျွန်မက ဆည်းလည်းရဲ့ အစ်မကြီးပါ၊ ဆည်းလည်းနဲ့ ပတ်သက်သမျှ တာ၀န်အားလုံးကို ကျွန်မသာလျှင် ယူနိုင်ပါတယ်၊ ဘယ်သူ့ကိုမှ မျှ၀ေပေးစရာ မလိုပါဘူး၊ မမရဲ့ စေတနာကို ကျေးဇူးအများကြီး တင်ပါတယ်၊ ကျွန်မဘ၀မှာ ကျွန်မ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ကျွန်မ ညီမလေးနဲ့မောင်လေးကို ဘယ်သူ့ရဲ့ မွေးစားသမီး၊ မွေးစားသားမှ မဖြစ်စေရပါဘူး၊ ကျွန်မ တတ်နိုင်သမျှ ကြိုးစားရုန်းကန်ပြီး ဒီကလေးနှစ်ယောက်ရဲ့ ဘ၀ရှေ့ ရေးအတွက် တာ၀န် အပြည့်အ၀ ယူသွားမှာပါ၊ ဆည်းလည်းက ပညာ သိပ်တော်သလို ပညာတွေလည်း သိပ်တတ်ချင်တယ်၊ ပြီးတော့ သိပ်ချမ်းသာချင်တယ်၊





အကောင်းဆုံး အမြင့်ဆုံး အဆင့်အတန်း တစ်ခုကို သူလိုချင်တယ်ဆိုတာ ကျွန်မ သိပါတယ်၊ သူ လိုချင်သလောက် ကျွန်မ မပေးနိုင်ပေမဲ့ သူ လိုအပ်တာထက် မလျော့အောင်တော့ ကျွန်မ ကြိုးစားဖြည့်ဆည်းပေးနိုင်မှာပါ၊ အခုလို ကမ်းလှမ်းတဲ့အတွက် မမကို ကျေးဇူးအများကြီး တင်ပါတယ်၊ ကျွန်မရဲ့ ညီမလေးကို ဘယ်သူ့လက်ထဲကိုမှ မပေးလိုက်နိုင်ပါဘူး၊ အဲဒါ ကျွန်မရဲ့ သစ္စာပဲ၊ ပြီးတော့ မမကို တစ်ခါတည်း မေတ္တာရပ်ခံချင်ပါတယ်၊ ဒီနေ့ကစပြီး ဆည်းလည်းကို မမ ဆွဲဆောင်ဖြားယောင်းနေတာတွေ အားလုံး ရပ်တန်းက ရပ်ပစ်လိုက်ပါ၊ ဆည်းလည်းကို ဘယ်တော့မှ လာ မပတ်သက်ပါနဲ့တော့၊ မမဆီကလည်း ကျွန်မ တစ်ခါတည်း အလုပ်ထွက်ခဲ့ပါတယ်၊ အခုအချိန်ကစပြီး ကျွန်မတို့ကြားမှာ ဘာအဆက်အသွယ် ဆက်ဆံရေးမှ ရှိစရာ မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေက အပြတ်သားဆုံး လေသံဖြင့် တစ်ခွန်းချင်း ရှင်းလင်းပြတ်သားစွာ ပြောလိုက်ပြီးချိန်တွင် ရင်ထဲမှာ ပေါ့ပါးသွားလေသည်။

ဒေါ်သံသာချိုက စမ်းရေ၏ ပြတ်သားလွန်းသော စကားတွေကြောင့် မယုံနိုင်လောက်အောင် အံ့အားသင့်နေသော မျက်နှာထားဖြင့် စမ်းရေကို ငေးကြည့်နေရင်း . . .

"စမ်းရေ . . . ဘာဖြစ်လို့ အဲဒီလောက်တောင် မာနကြီးနေရတာလဲ၊ ခေါင်းမာချင်ရတာလဲကွယ်၊ သေသေချာချာ ပြန်ပြီးတော့ စဉ်းစားပါဦး မမရဲ့ ကမ်းလှမ်းချက်ဟာ ဆည်းလည်းရဲ့ ဘဝတစ်ခုလုံးကို အကြီးအကျယ် ပြောင်းလဲသွားစေမှာနော်၊ စမ်းရေအတွက်လည်း ဘယ်လိုမှ ထိခိုက်နစ်နာစရာ အကြောင်းမရှိပါဘူး၊ အဲဒါကို သေသေချာချာ စဉ်းစားပါ၊ စမ်းရေရဲ့ မာန၊ စမ်းရေရဲ့ အတ္တသက်သက်ကြောင့် ဆည်းလည်းရဲ့ ဘဝတက်လမ်းတွေကို တားမြစ်ပိတ်ပင်လိုက်သလို





မဖြစ်ပါစေနဲ့၊ အဲဒါတော့ မမ သတိပေးချင်တယ်၊ အခုအချိန် စမ်းရေ စိတ်လှုပ်ရှားနေမယ်၊ သွေးပူနေမယ်ဆိုတာ မမ သိပါတယ်၊ အခုချက်ချင်းကြီး မဆုံးဖြတ်လိုက်ပါနဲ့ဦး၊ အချိန်ယူပြီး စဉ်းစားပါ၊ မမကတော့ လိုချင်တာရှိရင် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး မရ,ရအောင် ယူတတ်တယ်၊ ကိုယ့် ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ပြန်မပြင်တတ်ဘူး"

စမ်းရေက လိုင်နှေးရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ. . .

"ကျွန်မကလည်း ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ ပြန်မပြင်စတမ်းပါပဲ မမ သံသာချို၊ ကျွန်မရဲ့ ညီမလေးကို ဘယ်သူ့ကိုမှ မွေးစားဖို့ မပေးနိုင်ဘူးလို့ ကျွန်မ ပြတ်ပြတ်သားသား ပြောခဲ့ပြီးပြီ၊ အဲဒီစကား ကျွန်မ တစ်သက်လုံး သေတဲ့အထိ မပြင်တော့ဘူး၊ မမရဲ့ဘဝမှာ လိုချင်တာကို မရ,ရအောင် ယူတတ်တယ်ဆိုတာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ ဒါပေမယ့် မံမ မရ,ရအောင် ယူရမယ့် အရာဝတ္ထုတွေထဲမှာ ကျွန်မရဲ့ ညီမလေး ဘယ်တော့မှ မပါ စေရဘူး၊ ကဲ . . . ဆည်းလည်း မကြီးတို့ ပြန်ကြရအောင် . . . လာ"

စမ်းရေက ဆည်းလည်း၏ လက်ကလေးတစ်ဖက်ကို ဆောင့်ဆွဲခေါ်လိုက်သည်။ ဆည်းလည်းက စမ်းရေထံမှ သူမ၏ လက်ကလေးကို အပြင်းအထန် ဆောင့်ရုန်းပစ်လိုက်ကာ . . .

"မကြီး သိပ် တရားလွန်နေပြီ၊ ဆည်းလည်းအပေါ်မှာ မကြီး လုံးဝ မတရားဘူး၊ မကြီး သိပ် အတ္တကြီးတယ်၊ သိပ် တစ်ကိုယ်ကောင်းဆန်တာပဲ၊ ဆည်းလည်းရဲ့ဘဝကို မကြီး ဖျက်ဆီးပစ်လိုက်တာ၊ အဲဒါကို သိရဲ့လား၊ မကြီးလက်ထဲမှာ ဆည်းလည်း ဘာဖြစ်လာနိုင်မှာလဲ၊ ဘယ်လောက်အထိ မြင့်မားလာနိုင်မှာလဲ၊ ဆည်းလည်း ဘယ်လောက် ရည်မှန်းချက်ကြီးတယ်ဆိုတာ မကြီး





အသိဆုံး၊ သိရဲ့သားနဲ့ မကြီး ဆည်းလည်းရဲ့ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်တာပဲ၊ မကြီးရဲ့ အတ္တနဲ့ ဆည်းလည်းရဲ့ ဘဝကို ဖျက်ဆီးပစ်လိုက်တာ"

ဟု . . . ဆည်းလည်းက ပေါက်ကွဲစွာ အော်ဟစ်လိုက်လေသည်။

စမ်းရေသည် မယုံနိုင်လောက်အောင် နာကျင်သွားမှုဖြင့် ဆည်းလည်း၏ မျက်နှာကလေးဆီသို့ ဒေါသဟာကြီး ရိုက်ပစ်လိုက်မိလေသည်။ အသားချင်း ထိခတ်သွားသံနှင့်အတူ ဆည်းလည်း၏ မျက်လုံးတွေဆီမှ စူးစူးရှရှ မီးပွင့်တွေ လက်လက် ဖြာသွားသလို မြင်တွေ့လိုက်ရသည်။ သွားပြီ . . . စမ်းရေ သိပ်မှားသွားခဲ့ပြီ။ တစ်သက်လုံး လက်ဖျားကလေးနှင့် ထိဖို့ပင် မပြောနှင့် မျက်နှာထား တင်းတင်းဖြင့်တောင် ဆူပူအော်ဟစ်ခဲ့ဖူးခြင်း မရှိခဲ့သော ညီမလေးကို စမ်းရေသည် သူစိမ်းတစ်ယောက်ရဲ့ရှေ့မှာ ရက်ရက်စက်စက် ရိုက်ခဲ့မိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်းက စမ်းရေကို နာနာကြည်းကြည်း စိုက်ကြည့်လိုက်ပြီး အိမ်ထဲမှ သွေးရူးသွေးတန်း ပြေးထွက်သွားလေသည်။ စမ်းရေက ဆည်းလည်းနောက် ကမူးရှူးထိုး ပြေးလိုက်လာခဲ့မိသည်။

"ဆည်းလည်း . . . ဆည်းလည်းရေ မကြီး တောင်းပန်ပါတယ်၊ မကြီး အရမ်းမှားသွားတယ်။ မကြီးကို ခွင့်လွှတ်ပါ၊ မကြီးကို မနာကြည်းလိုက်ပါနဲ့ . . . မကြီးပြောတာ နားထောင်ဦး"

စမ်းရေက တတွတ်တွတ် အော်ဟစ်ရင်း ဆည်းလည်းနောက်မှ မီအောင် မနည်း ပြေးလိုက်နေရသည်။ ဆည်းလည်းက စမ်းရေထက် ပို၍ အပြေးသန်သူမို့ ဘယ်လိုမှ လိုက်၍ မမီချေ။ ထို့နောက် ဆည်းလည်းက Taxi တစ်စင်းကို ကမန်းကတန်း ဖမ်းတားကာ Taxi ပေါ်သို့ ပြေးတက်လွတ်မြောက်သွားလေသည်။ စမ်းရေသည် တစ်ကိုယ်လုံး ထူပူကာ ဆွေ့ဆွေ့ခုန်လျက်ရှိပြီး နောက်ထပ် Taxi တစ်စီးကို အသည်းအသန်





ရှာဖွေရ၏။ သို့သော် ကံဆိုးလှစွာပင် Taxi တစ်စီးမှ ထပ်မတွေ့ချေ။ စမ်းရေသည် ဆည်းလည်းပါသွားသော Taxi နောက်မှ သွေးရူးသွေးတန်း ပြေးလိုက်ခဲ့မိသေးသည်။ ဘယ်လိုမှ မမီနိုင်မှန်းသိလျက်နှင့် အရူးတစ်ယောက်လို ဖြစ်နေသည်။ စမ်းရေ Taxi တစ်စီး ရချိန်တွင် ဆည်းလည်းပါသွားသော Taxi ၏ အရိပ်အယောင်ကိုပင် မမြင်ရတော့ချေ။ စမ်းရေသည် ကားနောက်ခန်းပေါ်မှာ ခွေခေါက်လျက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။ ဘုရားရေ . . . ညီမလေးကို စမ်းရေ ဘယ်တော့မှ မဆုံးရှုံးပါရစေနဲ့ . . .။

☎☎☎

www.burmeseclassic.com

www.burmeseclassic.com



စမ်းရေသည် ဆည်းလည်း အိမ်သို့သာ ပြန်သွားလိမ့်မည်ဟု ယူဆကာ အိမ်သို့ ပြန်လာခဲ့သည်။ သို့သော် စမ်းရေ ရောက်ချိန်အထိ ဆည်းလည်းပြန်မရောက်သေး။

"ဂီတ မလေး ပြန်လာသလား . . ."

ဟု . . . စိုးရိမ်တကြီး မေးမိလျှင် ဂီတက အေးအေးဆေးဆေးပင် ခေါင်းခါပြလေသည်။ စမ်းရေသည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိစွာ ကယောင်ကတမ်း ဖြစ်နေသည်။ အခုလို ပြဿနာမျိုး တစ်ခါမှ မကြုံခဲ့ဖူးသဖြင့် ဘယ်လို





ရင်ဆိုင်ဖြေရှင်းရမည်မှန်းလည်း မသိချေ။ တစ်ခေါင်းလုံး ထူပူလျက် ချာချာလည်နေကာ စမ်းရေသည် ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ် ပုံကျသွား၏။

ဂီတက စမ်းရေ၏ မျက်နှာကိုကြည့်ပြီး စမ်းရေတို့ တစ်ခုခု ဖြစ်ခဲ့ပြီဆိုတာကို ရိပ်မိကာ စမ်းရေနားသို့ စိုးရိမ်ပူပန်စွာ ရောက်လာပြီး . . .

"မကြီး . . . ဘာဖြစ်လာလို့လဲဟင်၊ မလေးနဲ့ ဘာဖြစ်ကြလို့လဲ၊ မလေးကို ဟိုအန်တီ လာခေါ်သွားတယ်လေ"

စမ်းရေက ဂီတ၏ ပခုံးကလေးနှစ်ဖက်ကို အားကိုးတကြီး ဖက်တွယ်လိုက်မိကာ . . .

"မကြီးတို့ ဆုံးပြီးပြီ ဂီတရဲ့၊ အဲဒီ အန်တီရဲ့ အိမ်မှာပဲ မကြီးတို့သုံးယောက် ဆုံကြတာ၊ ဆည်းလည်းကို အဲဒီ အန်တီက မွေးစားသမီးအဖြစ် တရားဝင် စာချုပ်စာတမ်းနဲ့ မွေးစားချင်တယ်တဲ့၊ စဉ်းစားကြည့်စမ်း ဂီတရယ်၊ မကြီး ဘယ်လိုလုပ် ခွင့်ပြုနိုင်မလဲ၊ မကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး ရှိနေသေးသရွေ့ မကြီးရဲ့ ညီမလေးနဲ့ မောင်လေးကို ဘယ်သူ့လက်ထဲကိုမှ မပေးပစ်လိုက်နိုင်ဘူး၊ မကြီး အသက်သာ သေသွားပါစေ အပင်ပန်းခံ၊ ကျုံးရုန်းပြီး မကြီးရဲ့ ညီမလေးနဲ့ မောင်လေးအတွက် ရုန်းကန်မှာပါ၊ အဲဒါကို ဆည်းလည်း လုံးဝ နားမလည်ဘူး၊ ဆည်းလည်းက မကြီးကို အထင်လွဲတယ်၊ သူ့ရဲ့ ဘဝတစ်ခုလုံး . . . ပြီးတော့ သူ့ရဲ့ မျှော်လင့်ချက်တွေနဲ့ တက်လမ်းကို မကြီးက ဖျက်ဆီးပိတ်ပင်ပစ်တယ်ဆိုပြီး မကြီးကို စိတ်ဆိုးပြီး ထွက်ပြေးသွားတာ၊ မကြီး ဘာလုပ်ရမှန်း မသိတော့ဘူး ဂီတရယ်၊ မကြီး တစ်ခေါင်းလုံး ချာချာလည်နေပြီ၊ ဆည်းလည်းကို အရမ်းစိုးရိမ်တယ်၊ သူ ထင်ရာစိုင်းပြီး တစ်ခုခု လုပ်လိုက်ရင် မကြီး တစ်သက်လုံး ဖြေလို့ရမှာ မဟုတ်တော့ဘူး"

"ကျွန်တော်တို့ မလေးကို လိုက်ရှာမှ ဖြစ်မှာပေါ့၊ လာ မကြီး . . . ငိုနေလို့ မဖြစ်ဘူး၊ ကျွန်တော်တို့ ဒီနေ့





မိုးမချုပ်ခင် မလေးကို ပြန်တွေ့မှဖြစ်မယ်"

ဂီတက ချက်ချင်းပင် လူကြီးကလေးတစ်ယောက်အသွင် ပြောင်းလဲရင့်ကျက်သွားကာ စမ်းရေကို ဦးဆောင်ပြီး ခေါ်လေသည်။ စမ်းရေသည် စစ်အိမ်ကို အခုအချိန်မှာ ပထမဆုံး သတိရသွားမိသည်။ ချက်ချင်းပင် စစ်အိမ်၏ Mobile ဖုန်းနံပါတ်ကို ကောက်နှိပ်မိပြီး ဖြစ်လေသည်။ ဘဝမှာ အရေးတကြီး လိုအပ်လာတဲ့အခါမျိုးမှာ ကိုယ် အားကိုးယုံကြည်သော လူတစ်ယောက်သည် စမ်းရေအတွက် ဘာနှင့်မှ တန်ဖိုးမဖြတ်နိုင်သော အင်အားတစ်ခု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅-မိနစ်အတွင်း စစ်အိမ် ရောက်လာခဲ့သည်။ စစ်အိမ်၏ ကားဖြင့် ဆည်းလည်းကို တစ်မြို့လုံးအနှံ့ ရှာဖွေကြလေသည်။ စစ်အိမ်က ဆည်းလည်းရဲ့ သူငယ်ချင်းတွေ၏ ဖုန်းနံပါတ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တောင်းယူကာ ထိုနံပါတ်တွေဆီ အဆက်မပြတ် ခေါ်လျက် ဆည်းလည်းအကြောင်း စုံစမ်း၏။ သူငယ်ချင်းတွေ ဘယ်သူ့ဆီကိုမှ ဆည်းလည်း မဆက်သွယ်ကြောင်း အဖြေကိုသာ ရလေသည်။ စစ်အိမ်က ဖွဲမလျှော့၊ စိတ်ရှည်လက်ရှည်ပင် နောက်ထပ်





သူငယ်ချင်းတစ်ယောက်ဆီ ဆက်သွယ်ဖို့ ဖုန်းနံပါတ်တောင်းမြဲ။ အဲဒီလိုနှင့် ကွင်းစ တစ်စပြီးတစ်စ ချိတ်ဆက်သွားခြင်းဖြင့် သဲလွန်စကို ရှာဖွေ၏။ နောက်ဆုံးမှာ ရန်နိုင်ဆိုသော ကောင်ကလေး၏ ဖုန်းနံပါတ်ကို ရ၏။ ထိုနံပါတ်ကို လှမ်းဆက်တော့ ဖုန်းပိတ်ထားကြောင်း အဖြေရလေသည်။

"ကိုယ်တွေးကြည့်မိတာတော့ ဆည်းလည်းဟာ မိန်းကလေးသူငယ်ချင်းတွေဆီ မသွားဘူးဆိုရင် အဲဒီ ရန်နိုင်ဆိုတဲ့ ကောင်ကလေးနဲ့များ တစ်နေရာရာမှာ ဆုံဖြစ်ကြသလား မသိဘူး၊ အခုအချိန်မှာ ဆည်းလည်းက သွေးဆူပေါက်ပွဲနေတဲ့ အချိန်ဆိုတော့ သူ့ရဲ့ ခံစားချက်တွေ၊ မကျေနပ်ချက်တွေကို ရင်ဖွင့်ဖို့ လူတစ်ယောက်ယောက်တော့ တကယ်လိုအပ်တယ်၊ အဲဒီလူနဲ့ တစ်နေရာရာမှာ ရှိချင်ရှိလိမ့်မယ်၊ ကိုယ်ကတော့ အဲဒီလိုတွေးမိတယ်၊ ခုပုံအတိုင်းဆို ရန်နိုင်ဆိုတဲ့ကောင်ကလေးနဲ့များ ဆည်းလည်း အတူရှိနေနိုင်မလား မသိဘူး၊ ဖော့



www.burmeseclassic.com

www.burmeseclassic.com



ဂီတာ ဒီဖုန်းကို အဆက်အသွယ်ရတဲ့အထိ အဆက်မပြတ် ခေါ်ကြည့်နေ၊ ကိုယ် အခု ကားဂိတ်တို့ ဘူတာရုံတို့ဆီ လိုက်ရှာကြည့်မယ် . . ."

စစ်အိမ်က သူ့အတွေးနှင့်သူ ချင့်ချိန်တွက်ဆကာ ဦးဆောင်သွား၏။ စမ်းရေကတော့ ကားရှေ့ခန်းမှာ ထိုင်ပြီး မြင်မြင်သမျှ မိန်းကလေးတွေဆီ သည်းကြီးမည်းကြီး လိုက်ရှာနေမိသည်။ ဆည်းလည်းဟာ တစ်ခါမှ အခုလို စိတ်လိုက်မာန်ပါ လုပ်ခဲ့ဖူးသူ မဟုတ်။ ဆည်းလည်းနှင့်စမ်းရေတို့ ကြားမှာ စိတ်ဝမ်းကွဲစရာ အဖြစ်အပျက်မျိုး ဆိုတာလည်း တစ်ခါမှ မပေါ်ပေါက်ဖူးခဲ့။ ပြီးတော့ . . . ဆည်းလည်းသည် ဟိုဟိုဒီဒီလည်း တစ်ယောက်တည်း လျှောက်သွားတတ်သူမဟုတ်။ ထို့ကြောင့် ဆည်းလည်းကို စမ်းရေ ပိုပြီးတော့ စိုးရိမ်ရသည်။

"ဟော . . . ဟဲလိုလို့ ထူးနေတယ်ဗျ"

ဂီတာက ဝမ်းသာအားရ ထအော်ပြီး ဖုန်းကလေးကို စစ်အိမ်၏လက်ထဲသို့ ထိုးပေးလိုက်၏။ စမ်းရေသည် မျှော်





လင့်ခြင်းကြီးစွာဖြင့် စစ်အိမ်၏မျက်နှာကို ငေးကြည့်နေမိသည်။ စစ်အိမ်က မျက်မှောင်ကြုတ်ထားရင်း ဟဲလို . . . ဟဲလို . . . ဟု အတော်လေး နားစိုက်ထောင်နေရသလို အော်ဟစ်၍ ထူးနေ၏။

"ဟဲလို . . . ရန်နိုင်လား၊ မင်း အခု ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ၊ အနောက်က ဆူညံနေတာ ဘာသံတွေလဲ"

စစ်အိမ်က အတော်ကလေး နားစိုက်ထောင်နေရပုံ ရ၏။ ခဏနေတော့ ဖုန်းကို ပိတ်လိုက်ကာ . . .

"သေချာတယ် စမ်းရေ၊ ရန်နိုင်နဲ့အတူ ဆည်းလည်းရှိနေပုံရတယ်၊ သူတို့နောက်မှာ ဆူညံနေတဲ့ အသံတွေကြားနေရတယ်၊ ကိုယ်ထင်တာတော့ အဲဒါ ကားဂိတ်တော့ မဖြစ်နိုင်ဘူး၊ ဘူတာကြီးမှာ ဖြစ်လိမ့်မယ်၊ ကိုယ်တို့ ဘူတာကြီးကို အမြန်လိုက်သွားကြည့်ရအောင်၊ ဒီအချိန်ဆို ရန်ကုန်၊ မန္တလေးရထားတွေ ထွက်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပဲ၊ သူတို့ အဲဒီမှာ ရှိဖို့များတယ်"

စစ်အိမ်က ဘူတာကြီးသို့ တန်း၍ မောင်းလေသည်။ ရန်ကုန်-မန္တလေး ရထားတွေ ရှိရာဆီသို့ စမ်းရေတို့ သုံးယောက် ခပ်သွက်သွက် ပြေး၍ လာခဲ့မိကြသည်။ ရထား ပေါ်မှာ လူတချို့ ရောက်နေနှင့်ပြီ။ စစ်အိမ်က ရုတ်တရက် အကြံရကာ ရထားတွဲတစ်တွဲချင်းကို ဘေးကနေ ဖြတ်ပြေး ရင်း . . .

"ဒီတွဲထဲမှာ အိမ့်ဆည်းလည်း ရှိသလားလို့ မေးပေးပါ၊ အိမ့်ဆည်းလည်းရှိရင် အမြန်ဆုံး ဆင်းခဲ့ပါလို့ ပြောပေးပါ"

ဟု . . . ရထားတွဲတွေ တစ်တွဲပြီးတစ်တွဲကို ဖြတ်ကျော်ပြေးလွှားရင်း အော်သွား၏။ လူတွေအားလုံးက စမ်းရေတို့ကို အဆန်းတကြယ် ဝိုင်း၍ ငေးကြည့်နေကြ၏။ အခုအချိန်မှာ စမ်းရေ ဘာကိုမှ မရှက်နိုင်တော့။ ရထားတွဲ တွေ တစ်တွဲပြီး တစ်တွဲချင်းဆီသို့ ဘေးပြတင်းပေါက်တွေက





နေ ခုန်ခုန်ပြီး ဆည်းလည်း၏ နာမည်ကို တကြော်ကြော် အော်ဟစ်ခေါ်မိလေသည်။ ရထားတွဲတွေ တစ်တွဲပြီးတစ်တွဲ ကုန်သွား၏။ ဆည်းလည်း၏ အရိပ်အယောင်ကိုမျှ မမြင်ရ။

တွဲတစ်တွဲသို့ အရောက်တွင် စမ်းရေသည် ဆည်းလည်း၏ အရိပ်ကလေးကို ဖျတ်ခနဲ တွေ့လိုက်ရ၏။ ဆည်းလည်းကလည်း စမ်းရေတို့၏ အော်သံတွေကြောင့် စမ်းရေတို့ဆီသို့ ထိတ်လန့်တကြား ဖြစ်နေသော မျက်လုံးများဖြင့် လှမ်းကြည့်လျက် ရှိသည်။

"ဆည်းလည်း . . . ဟိုမှာ ဆည်းလည်း၊ စစ်အိမ် ဆည်းလည်းကိုတွေ့ပြီ၊ ဆည်းလည်း အခုချက်ချင်း ရထားပေါ်က ဆင်းခဲ့စမ်း"

စမ်းရေသည် ဆွေ့ဆွေ့ခုန်သွားလျက် အသံကျယ်ကျယ်ဖြင့် အော်ဟစ်လိုက်လေသည်။ ရထားတွဲပေါ်မှ လူတွေကလည်း . . .

'အိမ့်ဆည်းလည်း . . . အိမ့်ဆည်းလည်းတဲ့၊ အိမ့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါလာရင် ရထားပေါ်က ဆင်းခဲ့ပါတဲ့"

ဟု . . . စစ်အိမ်၏ အမှာစကားအတိုင်း လှမ်းအော်လျက် ရှိကြသည်။ ကြာတော့ ဆည်းလည်းက သူမနာမည်ကို အော်ကြီးဟစ်ကျယ် ဝိုင်းအော်နေကြတာကို ရှက်လာဟန်ဖြင့် ရထားတွဲ၏ တံခါးဝမှာ ဖျတ်ခနဲ ပေါ်လာ၏။ သူ့ဘေးမှာ ရန်နိုင်ဟုထင်ရသော ဆည်းလည်းနှင့် ရွယ်တူ ကောင်လေးတစ်ယောက်။ ပုံစံကလေးက လူချမ်းသာ သားသမီးတစ်ယောက် ပုံစံပင်။ ခေတ်ရှေ့ပြေးလွန်းသော အဝတ်အစားအပြင်အဆင်တွေနှင့် နားမှာလည်း စိန်တစ်ပွင့် နားကပ်နှင့်။ မျက်နှာကလေးက ကလေးရုပ်ပင် မပျောက်သေးသလို နုနယ်အပြစ်ကင်းစင်လျက် ဆောင့်ကြွားကြွား၊ ဂျစ်ကန်ကန် မျက်နှာပေးကလေးလည်း ရှိ၏။ စစ်အိမ်က ထိုကောင်ကလေးကို ရုတ်တရက် ရထားပေါ်မှ လှမ်းဆွဲချလိုက်သည်။

"မင်းတို့ အဲဒါ ဘာလုပ်ကြတာလဲ၊ မင်းတို့အသက် ဘယ်လောက်များ ရှိသေးလို့လဲ၊ ကောက် . . . ငါ လုပ်လိုက်





ရကွာ"

ဟု . . . ဆိုလျက် စစ်အိမ်က ကောင်ကလေးကို နားပန်တစ်ချက် ကျင်းပစ်လိုက်၏။ ခမ်းရေက ဆည်းလည်းကို ရင်ခွင်ထဲသို့ ခပ်တင်းတင်း ဆွဲဖက်ယူလိုက်ကာ . . .

"ဆည်းလည်း . . . ညီမလေးရယ်၊ မကြီကောင်း မစည်ကောင်း ဘာဖြစ်လို့ အဲဒီလို စိတ်ကူးလိုက်ရတာလဲ"

ဆည်းလည်း၏ ငိုရှိုက်သံ ခပ်တိုးတိုးကလေး ထွက်လာ၏။

"မသိဘူး . . .၊ ဆည်းလည်းလည်း ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး ရန်နိုင်နဲ့တွေ့တော့ ရန်နိုင်ကခေါ်လို့ လိုက်လာခဲ့တာ၊ ရထားပေါ်ရောက်မှ ဆည်းလည်း မှားပြီဆိုတာ သိတယ်၊ ဒါပေမယ့် ဘာလုပ်ရမှန်း မသိတော့ဘူး၊ မကြီးတို့ ရောက်လာလို့ တော်သေးတယ်၊ နို့မို့ဆို ဆည်းလည်း ဘဝတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ဆည်းလည်းက စမ်းရေ၏ရင်ခွင်ထဲတွင် ကလေးတစ်ယောက်လို ငိုရှိုက်ရင်း ရှိုက်ကြီးတငင် ပြောလေသည်။ စမ်းရေသည် ညီမလေးကို ပွေ့ဖက်ထားရင်း ရင်ထဲမှာ ဆို့နင့်နာကျင်သွားလေသည်။

"ဆည်းလည်း . . . ဆည်းလည်းရယ်၊ အဲဒါကမှ ညီမလေးရဲ့ ဘဝတစ်ခုလုံး ပျက်စီးမှာ၊ ဘယ်တော့မှ အဖတ်ဆယ်လို့ ရတော့မှာ မဟုတ်ဘူး၊ အမလေး . . . တော်ပါသေးရဲ့၊ ကံသီပေလို့ . . .၊ ဆည်းလည်းမှာ စဉ်းစားဆင်ခြင်နိုင်စွမ်းတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဆည်းလည်းတို့ အသက်လည်း မပြည့်သေးဘူး၊ ဒီမလောက်လေး မလောက်စား ကောင်ကလေးနဲ့ ရောက်ရာပေါက်ရာ ထွက်ပြေးလို့ ဆည်းလည်းရဲ့ မျှော်လင့်ချက်တွေ အနာဂတ်တွေ မြင့်မားလာနိုင်မှာလား၊ ဘာဖြစ်လို့ အဲဒီလောက် မိုက်မဲ့ရဲဆန့်လိုက်ရတာလဲ ဆည်းလည်းရယ်၊ ဆည်းလည်းသာ တစ်ခုခု ဖြစ်ခဲ့ရင်





မကြီး တစ်သက်လုံး နောင်တရလို့ ဆုံးတော့မှာ မဟုတ်ဘူး" ။

စမ်းရေက ဆည်းလည်းကို ခပ်တင်းတင်း ဖက်ထားရင်း ညီမလေးကို လက်မတင်ကလေး အချိန်မီ ကယ်တင်လိုက်နိုင်သည့်အတွက် စိတ်လှုပ်ရှား၍ မဆုံး။ ခပ်လှမ်းလှမ်းမှာတော့ စစ်အိမ်နှင့် ရန်နိုင်၊ ဂီတတို့ ရှုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။ ရန်နိုင်က စစ်အိမ်ကို ရှက်ရမ်းရမ်းကာ ပြန်လည်အော်ဟစ်တိုက်ခိုက်လျက် ရှိသည်။ ဂီတက ရန်နိုင်၏ ညို့သကျည်းဆီ ခပ်ပြင်းပြင်း တစ်ချက် ပိတ်ကန်ပစ်လိုက်ကာ. . .

"အဲဒါ ငါ့အစ်မကို ခိုးပြေးဖို့ ကြိုးစားဦး၊ မင်းကိုငါထောင်ထဲပို့ပစ်မယ်ကွ၊ နားလည်လား . . ."

ဟု . . . ဒေါသတကြီး အော်ဟစ်လေသည်။

"အဲဒီကောင်လေးက ဘယ်သူလဲဟင် ဆည်းလည်း"

"သူက ဆည်းလည်းကို အသေအလဲ ကြိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးပေါ့၊ အန်တီ့အိမ်ကအပြန်မှာ သူ့ကားနဲ့ မမျှော်လင့်ဘဲ ဆုံကြတာ၊ ဆည်းလည်း ငိုနေတာမြင်တော့ သူကမေးတယ်၊ ဆည်းလည်းက မကြီးနဲ့ စိတ်ဆိုးပြီး အိမ်ကထွက်လာတာလို့ ပြောပြတော့ သူက ဆည်းလည်းကို ခိုးပြေးဖို့ စီစဉ်တာ၊ ဆည်းလည်းလည်း မကြီးကို အရမ်းစိတ်ဆိုးနေတဲ့ အချိန်မို့ အိမ်လည်း မပြန်ချင်တာနဲ့ သူနဲ့လိုက်ဖို့ ဆုံးဖြတ်လိုက်မိတာ၊ ဒါပေမယ့် ရထားပေါ်ရောက်တဲ့အချိန်မှာ ဆည်းလည်း သိပ် နောင်တရနေပြီ၊ ပြန်ပြေးချင်လိုက်တာ တအားပဲ၊ အဲဒီအချိန်မှာပဲ မကြီးတို့ ရောက်လာကြတာ၊ ဆည်းလည်းတောင်းပန်ပါတယ် မကြီးရယ်၊ မကြီးရဲ့ စေတနာကို ဆည်းလည်း အထင်လွဲ၊ စော်ကားမိတယ်၊ ဆည်းလည်း ဘာကိုမှ မလိုချင်တော့ဘူး၊ မကြီးရဲ့ အရိပ်အောက်မှာ ဆည်းလည်း ဘဝတစ်ခုလုံး လုံခြုံပြီးသားပါ၊ ဆည်းလည်း ဘာဖြစ်လို့ အဲဒီလောက်တောင် မိုက်မဲ





ခဲ့သလဲ မသိဘူးနော်၊ ဆည်းလည်း အမှားကြီး မှားတော့မလို့"

ဆည်းလည်းက နောင်တရနေဟန်ကလေးဖြင့် တတွတ်တွတ် ပြောလေသည်။ စစ်အိမ်က ရန်နိုင်၏ အင်္ကျီလည်ကုပ်မှနေ၍ ဆောင့်ဆွဲထားလိုက်ကာ . . .

"မင်း ဒီကနေ အေးအေးဆေးဆေး ပြန်မလား၊ ဒါမှမဟုတ်ရင် အသက်မပြည့်သေးတဲ့ မိန်းကလေးတစ်ယောက်ကို ဖြားယောင်းသွေးဆောင်မှုနဲ့ ထောင်ထဲ ဝင်ချင်သလား၊ အဲဒီနှစ်ခုထဲက တစ်ခုကို မင်း ရွေးတော့"

ဟု . . . ပြောလိုက်စဉ် ရန်နိုင်က စစ်အိမ်၏ လက်ထဲမှ ရုန်းကန်ထွက်ပြေးရင်း . . .

"ဆည်းလည်း . . . နင့်ကိုငါ သိပ်ချစ်တယ်၊ နင့်ကိုငါ ဘယ်တော့မှ မမေ့ဘူး . . . သိလား"

ဟု . . . အော်ဟစ်ရင်း ပြေးထွက်သွားလေသည်။ ဂီတက ဆည်းလည်းဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ . . .

"မလေး မလေးကို နောက် ဘယ်တော့မှ စိတ်ညစ်အောင် ကျွန်တော် မလုပ်တော့ဘူး၊ ကတိပေးတယ်၊ နောက်ကို အိမ်ကနေ ထွက်ပြေးဖို့ ဘယ်တော့မှ မကြိုးစားနဲ့နော်"

ဟု . . . ဆည်းလည်းကို ငေးကြည့်ရင်း ပြောလိုက်သည်။ ဆည်းလည်းက ဂီတ၏ ပခုံးဟလေးကို လှမ်းဖက်လိုက်ပြီး . . .

"ငါ ကတိပေးတယ် ဂီတရယ်၊ နင့်ကိုလည်း နောက်ဘယ်တော့မှ ငါ နာကျင်အောင် မလုပ်တော့ဘူး၊ ဗိုလ်မကျတော့ဘူးလို့လေ . . . နော်"

ဟု . . . ငိုရှိုက်သံကလေးနှင့်ပင် ပြန်ပြောလေသည်။ စမ်းရေသည် မျက်စိအောက်မှာ ရှိနေသော ညီမလေးနှင့် မောင်ကလေး၏ အပြစ်ကင်းစင် နုနယ်လှသော မျက်နှာကလေးတွေကို မက်မက်မောမော ငေးမောစိုက်ကြည့်နေမိ





ကာ . . .

"မကြီးလည်း ကတိပေးတယ် သိလား၊ နောက်ဆို ဆည်းလည်းနဲ့ဂီတ မကြိုက်တာ မကြီး ဘာမှ မလုပ်တော့ဘူး . . . သိလား"

ဟု . . . တိုးတိုးကလေး လှမ်းပြောလိုက်ရင်း ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသော စစ်အိမ်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်မိသည်။ စမ်းရေ ဘာကို ဆိုလိုသလဲ ဆိုတာကို ဆည်းလည်းနှင့် ဂီတက ချက်ချင်းပင် သဘောပေါက်ပုံရဟန်ရှိကာ စစ်အိမ်ဆီသို့ ပြိုင်တူနီးပါး လှည့်ကြည့်ကြလေသည်။ စစ်အိမ်က သူမတို့ဆီ ငေးကြည့်နေဆဲ . . .။

"မကြီး အဲဒီလူကို ချစ်နေသလားဟင်"

ဆည်းလည်းက နှစ်ကိုယ်ကြား လေသံကလေးဖြင့် သဲ့သဲ့ကလေး မေးလိုက်လျှင် စမ်းရေသည် ပါးပြင်ကလေး နှစ်ဖက် ထူပူသွားပြီး . . .

"ဆည်းလည်းက မကြီးကို သူနဲ့ သဘောမတူဘူး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဂီတလည်း သဘောမတူဘူး မဟုတ်လား၊ အဲဒါဆိုရင် မကြီး သူ့ကို မေ့ပစ်လိုက်ဖို့ ကြိုးစားရတော့မှာပေါ့"

ဟု ... တိုးတိုးကလေး ပြန်ဖြေလိုက်သည်။ အဲဒီအချိန်မှာ စစ်အိမ်က စိတ်ကူးတစ်ခု ရသွားသလို ရုတ်တရက် လှမ်းအော်၍ ပြောလေသည်။

"နေဦး ... ဒီအချိန်ဟာ ငါ့အတွက် သိပ်အရေးကြီးနေပြီ၊ ငါပြောစရာရှိတာကို အခုပဲ ပြောလိုက်တော့မယ်၊ ဆည်းလည်းနဲ့ဂီတ ငါ မင်းတို့ရဲ့ အစ်မကြီး အမိရာကို သိပ်ချစ်နေတယ်၊ အဲဒါကို မင်းတို့လည်း သိပြီးသား၊ သူကလည်း မသိစိတ်ထဲကနေ ငါ့ကို တိတ်တိတ်ကလေး ပြန်ချစ်နေတာ ငါသိတယ်၊ အဲဒါကိုလည်း မင်းတို့ သိချင်သိမှာပါ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ကြောင့် ခက်နေတာ၊ အဲဒီတော့ အခုတစ်ခါတည်း မင်းတို့နဲ့ငါ အပေးအယူတစ်ခု လုပ်ရအောင်၊ အဲဒီ





ရထားတွဲတစ်တွဲပေါ်မှာ ငါ သွားရပ်နေမယ်၊ မင်းတို့အတွက် စဉ်းစားဖို့အချိန် နည်းနည်းကလေးပဲ ရမယ်၊ အဲဒီအချိန်ကလေးအတွင်းမှာ အမြန်ဆုံး စဉ်းစားပေးပါ၊ မင်းတို့အစ်မကြီးနဲ့ ငါ့ကို သဘောမတူဘူးဆိုရင် ငါ့ကို ထားခဲ့ကြတော့၊ ငါ ဒီရထားနဲ့ မန္တလေးထိ လိုက်သွားမယ်၊ ဟိုရောက်မှ ငါ့ဘာသာငါ ပြန်လာခဲ့ရုံပေါ့၊ အေး ... ဒါပေမယ့် မင်းတို့ ငါ့ကို လိုအပ်တယ်၊ ကြည်ဖြူတယ်ဆိုရင် ရထားမထွက်ခင် ငါ့ကို လာဆွဲခေါ်ကြ ... ဟုတ်ပြီလား၊ တစ်ခုတော့ ငါ ပြောချင်တယ်၊ မင်းတို့ရဲ့ အစ်မကြီးကို ငါ သိပ်ချစ်တယ်၊ အဲဒီအချစ်ဟာ မင်းတို့ရဲ့ ဘဝထဲကနေ မင်းတို့ရဲ့ အစ်မကြီးကို ဆွဲထုတ်ခေါ်သွားဖို့ ချစ်တာမျိုး မဟုတ်ဘူး၊ သူ့ကို သိပ်ချစ်လွန်းလို့ မင်းတို့ရဲ့ ဘဝထဲကို ရောက်အောင် လာပေါင်းစည်းချင်တဲ့စိတ်မျိုးနဲ့ ချစ်တာ၊ အဲဒါကို ထည့်စဉ်းစားပေးကြ ... ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ပြောရင်း စစ်အိမ်က ရထားတွဲတစ်တွဲ၏ လှေကားထစ်မှာ သွားရပ်နေလေသည်။ ဆည်းလည်းနှင့် ဂီတက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်လုံးချင်း စကားပြောလျက်ရှိသည်။ စမ်းရေကတော့ စစ်အိမ်အတက်ဆန်းတွင်ပုံကို ကြည့်ကာ ရင်မောနေလေသည်။ အဲဒီ စစ်အိမ်ဟာ ဇွတ်တရွတ် ထင်ရာစိုင်းပြစ်ဖို့ ဘယ်တော့မှ ဝန်မလေးတတ်သူ ဖြစ်သည်။

စစ်အိမ်က ရထားတွဲ၏ လှေကားတွင် ရပ်ကာ မျက်လုံးများကို ပိတ်ထား၏။ စမ်းရေသည် စစ်အိမ်လုပ်ပုံ အမိပုံပေါ်သိပ်မရှိလှသည်ကို သိသော်လည်း ဆည်းလည်းနှင့် ဂီတာ ဘာပဲ ဝိုင်းဖြုတ်ကြမလဲဆိုတာကို သိချင်စိတ်ဖြင့် ရင်တယိတ်ယိတ် ခုန်လာမိသည်။ ဆည်းလည်းနှင့် ဂီတကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးများဖြင့် ညှိနှိုင်းတိုင်ပင်နေကြဆဲ။ နှစ်ယောက်စလုံး၏ နှုတ်ခမ်းကလေးတွေ အပေါ်မှာ ကောက်ကျစ်သော အပြုံးကလေးတွေကိုယ်စီ





တွေ့နေရသည်။ စမ်းရေ ရင်မောလာ၏။

ခဏနေတော့ ရထားထွက်တော့မည့် အချက်ပေးခေါင်းလောင်းသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ ရထားထွက်တော့မည်။ စမ်းရေပင် ယောင်ယမ်းကာ မျက်လုံးတွေ စုံမှိတ်ထားလိုက်မိသည်။ ကြည့်စမ်း . . . သူ . . . ဘာဖြစ်လို့များ ကလေးတွေနဲ့ ပြိုင်ပြီး ဒီလောက်ကြောင်တဲ့ အလုပ်ကို လုပ်ရတာပါလိမ့်။ အဲဒီလိုနဲ့ ရထားပေါ် သူ ပါသွားတော့မှာပဲ။ စစ်အိမ်ရယ် ပြန်ဆင်းခဲ့စမ်းပါ . . .။ ရှင် အဲဒီလောက် မကြောင်စမ်းပါနဲ့ . . . ဟု စိတ်ထဲမှာ တိုးတိုးကလေး အော်ဟစ်နေမိသည်။

ရထား စထွက်ပြီ . . .။ ပထမတော့ ဖြည်းဖြည်းကလေး . . . နောက်တော့ အရှိန်ရလာသည်။ စမ်းရေသည် မျက်လုံးများကို မှိတ်ထားဆဲ။ ရထားကိုတော့ ကျောခိုင်းပစ်လိုက်သည်။ သူ . . . ရထားပေါ် ပါသွားလိမ့်မယ်ဆိုတာ ဘာမှ သံသယဖြစ်စရာ မလို။ ဆည်းလည်းနှင့် ဂီတာဆီမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာသံမှ မကြားရချေ။ ရထားသံသည် ဆူညံရာမှ တဖြည်းဖြည်း ဝေးသွားသလို တိုးတိတ်ပါးလျသွား၏။ စမ်းရေသည် ရထားဘက်ဆီသို့ ယောင်ယမ်း၍ပင် မကြည့်ဖြစ်အောင် စိတ်ထိန်းထားရင်း . . .

"ဆည်းလည်း . . . ဂီတ . . . လာ သွားကြစို့"

ဟု ခေါ်လိုက်သည်။ ဆည်းလည်းနှင့် ဂီတက စမ်းရေ၏ လက်တစ်ဖက်စီကို လာ၍ ဆုပ်ကိုင်လိုက်ကြသည်။ စမ်းရေသည် သက်ပြင်းခိုးကလေး အသာရှိုက်ရင်း ဘူတာထဲမှ ထွက်လာခဲ့သည်။ ရင်ထဲမှာ ဘာကို ဆုံးရှုံးလိုက်ရမှန်းမသိ ဆုံးရှုံးလိုက်ရသလို အကြီးအကျယ် လုပ်ဟာလျက် ရှိသည်။ ဝမ်းလည်းနည်းကာ ငိုလည်း ငိုချင်နေသည်။ ဘူတာရှေ့က ကားပါကင်မှာ စစ်အိမ်ရပ်ထားခဲ့သော စစ်အိမ်၏ ကားရှိနေ၏။ နေစမ်းပါဦး ဂီတရဲ့လက်ဟာ တစ်မျိုး ဖြစ်နေသလိုပဲ။ အနည်းငယ် ကြီးပြီး သန်မာနေသလားလို့။ စမ်းရေက တစ်ခုခုကို မယုံသင်္ကာဖြစ်လာဟန်ဖြင့် ဂီတဘက်သို့ ဖျတ်ခနဲ လှည့်





ကြည့်လိုက်မိသည်။ အို . . . ကြည့်စမ်း . . . စမ်းရေရင်ထဲ ထိတ်ခနဲ ခုန်သွားလေသည်။ စမ်းရေဘေးမှာ ပါလာသူက ဂီတမဟုတ်။ စမ်းရေကို နူးညံ့ချိုမြိန်သော အပြုံးမျက်ဝန်းများဖြင့် ခပ်ပြုံးပြုံး ငေးစိုက်ကြည့်နေသော စစ်အိမ်ဖြစ်လေသည်။

"ကြည့်စမ်း . . . ဘယ်လိုဖြစ်ပြီး ဂီတကနေ စစ်အိမ်ဖြစ်သွားရတာလဲ၊ ရှင် ရထားပေါ် ပါသွားတာ မဟုတ်ဘူးလား၊ ကလေးတွေနဲ့ ဖက်ပြီး ဘာတွေ လျှောက်လုပ်မှန်း မသိဘူး"

စမ်းရေက ရှက်ကိုးရှက်ကန်းပြောရင်း စစ်အိမ်၏ လက်ကို ခပ်ဆောင့်ဆောင့်ကလေး ဖြုတ်ပစ်ဖို့ ကြိုးစား၏။ စစ်အိမ်က အဖြုတ်မခံဘဲ သန်မာနွေးထွေးစွာ ခပ်တင်းတင်း ဆုပ်ကိုင်ထားလျက် . . .

"ဒီနှစ်ကောင်ပေါ့ . . . ကိုယ့်ကို အသံတိတ်နဲ့ ရထားပေါ်က လာဆွဲချခဲ့တာလေ၊ စမ်းရေက ဟိုဘက်လှည့်ပြီး ကျောခိုင်းထားတာကို . . . သိပ်စိုးရိမ်နေခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်လား၊ မလိမ်နဲ့ ဝန်ခံလိုက်စမ်းပါ"

"အို . . . သွားစမ်းပါ၊ သိပ်ကြောင်တာပဲ၊ ဘာတွေ လျှောက်လုပ်မှန်း မသိဘူး၊ ရှက်လည်း မရှက်ဘူး"

စမ်းရေက ရှက်စနိုးဖြင့် ကန့်ကွက်လျှ ပြန်ပြောမိလျှင် . . .

"ဒါ . . . ဘာရှက်စရာရှိသလဲ၊ ရှက်စရာမှ မဟုတ်တာ၊ ဒီလိုမှ သူတို့ကို အကျပ်မကိုင်ရင် သူတို့က ဘယ်တော့မှ သဘောတူတော့မှာ မဟုတ်ဘူး၊ အခုလို အချိန် နည်းနည်းကလေးပဲ စဉ်းစားခွင့်ပေးလိုက်တော့ မသိစိတ်က အနိုင်ရသွားတာပေါ့၊ သူတို့စိတ်ထဲမှာလည်း စမ်းရေနဲ့ ကိုယ့်ကို သဘောတူပြီးသားပါ၊ အလကား . . . ဆိုးခွင့်ရလို့ ဆိုးချင်တိုင်း ဆိုးနေကြတာ"

ဆည်းလည်းက စမ်းရေ၏ တွဲထားသော လက်



BURMESE CLASSIC .com



ကလေးကို ဖြုတ်သွားကာ စစ်အိမ်၏ ကားရှေ့ပိုင်းဆီသို့သွားပြီး လက်နှင့် ပွတ်သပ်ကိုင်တွယ်လျက် ရှိသည်။

"ဒီကားက အခုထက်ထိ ရောင်းမထွက်သေးဘူးလား ဟင်"

ဟု . . . ရယ်မောသံကလေးဖြင့် စစ်အိမ်ကို လှမ်းမေးလေ၏။ စစ်အိမ်က ဆည်းလည်းကို ပခုံးတွန့်ပြလိုက်ကာ . . .

"တော်ပါပြီကွာ . . .၊ အဲဒီကားတော့ ရောင်းမထွက်လည်း ကိုယ်တို့ စီးကြတာပေါ့၊ ဆည်းလည်း ကားမောင်း ဆက်သင်လေ၊ ကားမောင်းတတ်သွားရင် ဆည်းလည်းကို ပေးမောင်းမယ်"

ဟု . . . အစ်ကိုကြီးတစ်ယောက်၏ လေသံမျိုးဖြင့် လှမ်းပြော၏။ ဂီတက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ကားမောင်းတတ်ချင်တယ်"

ဟု . . . စစ်အိမ်ကို ပူဆာသလို လှမ်းပြော၏။ စစ်အိမ်က ဂီတ၏ ခေါင်းကလေးကို လက်ဖြင့် အုပ်ကိုင်မွှေ့ ရမ်းပစ်လိုက်ကာ . . .

"အိုကေ . . . မင်းကို ကိုယ်ကိုယ်တိုင် သင်ပေးမယ်၊ ဟုတ်ပြီလား . . .၊ ဒါပေမယ့် မင်း အသက်ပြည့်မှ ကားမောင်းခွင့်ရမှာနော်"

"အိုကေ . . ."

ဂီတက ဝမ်းသာအားရ မျက်နှာထားဖြင့် ပြုံး၍ ကြည့်လေသည်။ စစ်အိမ်၏ ကားကလေးပေါ်မှာ စစ်အိမ်က ကားမောင်းလျက် . . . စမ်းရေက ဘေးမှာထိုင်လျက်၊ ဂီတနှင့် ဆည်းလည်းက နောက်ခန်းမှာထိုင်လျက် ပါလာကြသည်။ မုန်တိုင်းတို့ ကင်းစင်ခဲ့ပြီ။ နူးညံ့ညင်သာသော လေပြေညင်း





ကလေး စတင်၍ တိုးဝှေ့ဖြတ်သန်းစ ပြုလာသည်။ အို . . . အဲဒီ လေပြေညင်းကလေး တစ်သက်လုံး ညင်ညင်သာသာ တိုက်ခတ်နေပါတော့ကွယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .



လွှန်းထားထား (ဆေးတက္ကသိုလ်)

၁၆-၃-၂၀၀၅






BURMESE CLASSIC .com
www.burmeseclassic.com